# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၄ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၀၉၆)


## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ
(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့
ပေးပို့သည့် သဝဏ်လွှာ
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်)

ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နေ့ထူးနေ့မြတ် အခါသမယဖြစ်သော(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ဒိုးတူပေါင်ဖက် ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီရင်းအစ်ကို၊ မောင်ရင်းနှမ၊ မိသားစုဝင်များအားလုံး ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီး ကိုယ့်ထီးကိုယ့်နန်းဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်ခဲ့သောနိုင်ငံ ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း ကိုလိုနီစနစ်လွှမ်းမိုးလာသည့် ၁၉ ရာစုတွင် မြန်မာနိုင်ငံသည်လည်း တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံတမန်များ တည်ခင်းဧည့်ခံသည့် နှစ်သစ်ကူးနေ့လယ်စာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ သံတမန်များကိုယ်စား သံတမန်များ အဖွဲ့နာယက တီမောလက်စ်တေ သံအမတ်ကြီး မစ္စတာ ဂျူဝေါင်း ဖရေးတက်စ် ဒေ ကာမာရာ က တည်ခင်းဧည့်ခံသော နှစ်သစ်ကူး အခါသမယနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယကို

*စာမျက်နှာ ၄ ကော်လံ ၅* ◆



မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ သံတမန်များ တည်ခင်းဧည့်ခံသော နှစ်သစ်ကူး နေ့လယ်စာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား သံတမန်များအဖွဲ့ နာယက တီမောလက်စ်တေ သံအမတ်ကြီး မစ္စတာ ဂျူဝေါင်း ဖရေးတက်စ် ဒေ ကာမာရာနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံအမတ်ကြီးများနှင့် သံရုံး ယာယီတာဝန်ခံများက ကြိုဆို နှုတ်ဆက်ကြစဉ်။

သတင်းစဉ်




# လွတ်လပ်ရေးသည် မြတ်နိုးစရာ

မြန်မာပြည် လွတ်လပ်ပြီ လွတ်လပ်ပြီဟု ကြွေးကြော်နိုင်ခဲ့သည်မှာ ခုနစ်ဆယ့်နှစ်နှစ်ရှိခဲ့ပြီတည်း။ ကိုယ်မင်းကိုယ်ချင်းဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ပြီဟု ရင်ကော့ခေါင်းမော့နိုင်ခဲ့သည်မှာ ခုနစ်ဆယ့်နှစ်နှစ်ရှိခဲ့ပြီတည်း။

သူတစ်ပါး၏လက်အောက်ခံအဖြစ် နေရသည်ဆိုခြင်း၏ သိမ်ငယ်သေးနုပ်မှုကို ကျွန်ဘဝမရောက်ဖူးသူ မျိုးဆက်တို့အဖို့ လေးလေးနက်နက် ခံစားမိခြင်းဖြစ်လိုမှဖြစ်မည်။ သို့သော်လည်း လွတ်လပ်သည်ဆိုခြင်း၏ အနှစ်သာရကိုမူ မြတ်နိုးကြမည်ဟု ယုံကြည်ပါသည်။

မြန်မာတို့ ကျွန်ဖြစ်ခဲ့ဖူး၏။ တစ်ပါးကျွန်ဆိုသည်မှာ စိတ်ကူးနှင့်ပင် ရှုံ့ရှာဖွယ်ရာ ဖြစ်နေမည်ဆိုခြင်းက အငြင်းပွားစရာမရှိချေ။

ထို့ကြောင့်ပင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ တောင်ပေါ်မြေပြန့်မခွဲ အားလုံးတိုင်ပင်ထားခြင်းမရှိဘဲ ဗြိတိသျှတို့ နိုင်ငံတွင်းဝင်လာသည်နှင့် ခံပြင်းမှုများစွာဖြင့် ရရာလက်နက် ဆွဲကိုင်တော်လှန်ခဲ့ကြခြင်းက သက်သေဖြစ်ပါသည်။

လက်နက်အင်အားချင်း အဆမတန် ကွာခြားသော တိုင်းတစ်ပါးသားကို တော်လှန်ရသည်ဆိုခြင်းမှာ မည်မျှလောက် ပိုင်းဖြတ်မှုများ၊ သတ္တိရှိမှုများ၊ စွန့်လွှတ်စွန့်စားမှုများ ရှိဖို့လိုမည်ဆိုသည်မှာ မှန်းဆကြည့်နိုင်ပါသည်။

တော်လှန်ရေးနှင့် ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပြောဖူးသည်မှာ မှတ်သားစရာဖြစ်ပါ၏။ ဖဆပလ အဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ဦးအောင်ဆန်းက ခေါင်းဆောင်ကာ အစိုးရအဖွဲ့ဖွဲ့စည်းခွင့်ရထားချိန်တွင် ‘ဗြိတိသျှအစိုးရက မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ ကြေညာရန်၊ မကြေညာပါက ၁၉၄၇ ဇန်နဝါရီ ၁ ရက်တွင် အစိုးရအဖွဲ့တစ်ဖွဲ့လုံး နုတ်ထွက်မည်’ ဟု ကြေညာလိုက်သည့်အခါ ဗြိတိသျှအစိုးရအဖွဲ့ဝန်ကြီးချုပ် မစ္စတာ အက်တလီက လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုပါမည်ဟူ၍ ဘိလပ်ပါလီမန်အောက်လွှတ်တော်တွင် ကြေညာပြီး လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဦးအောင်ဆန်းတို့ကို ဖိတ်ကြားပါသည်။ ထိုဖိတ်ကြားချက်ကိုလက်ခံ၍ ဦးအောင်ဆန်းတို့ ကိုယ်စားလှယ်အဖွဲ့ ဘိလပ်သွားကြ၏။ ထိုသို့ မသွားခင် တိုင်းပြည်သို့ အသံလွှင့်ပြောကြားစဉ်က တော်လှန်ရေးနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခြင်း ဖြစ်လေသည်။ “အမှန်စင်စစ် တော်လှန်ရေးဆိုတာဘာလဲ။ ကျုပ်အမြင်ပြောရမယ်ဆိုရင် တော်လှန်ရေးဆိုတာ အကြမ်းပတမ်း တိုက်ခိုက်တဲ့ ကိစ္စကိုမှ တော်လှန်ရေးလို့ ဆိုလိုတာမဟုတ်ဘူး။ လက်ရှိစနစ်ဟောင်းကို တော်လှန်ပြီး စနစ်သစ်ဘွားခနဲ အရေအတွက်ကနေ အရည်အချင်း ပြောင်းလဲမှုတွေ ဖြစ်တာကို တော်လှန်ရေးလို့ ဆိုတာပဲ။ ဆူတာ၊ ပူတာ၊ သောင်းကျန်းတာ၊ တိုက်တာ၊ ခိုက်တာတွေဆိုတာ မလုပ်မဖြစ်မှ လုပ်ရတာမျိုးပဲ။ ဘာပဲဖြစ်ဖြစ် စစ်တိုက်ခိုက်ချင်တယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး...”ဟု ဆိုဖူးလေသည်။

ယနေ့ခေတ်က လွတ်လပ်ရေးရခဲ့ပြီး တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြန်လည်တည်ဆောက်ရမည့် ကာလဖြစ်ပေ၏။ မည်သို့သောတော်လှန်ရေးမျိုးကို ဆင်နွှဲနေသည် ဖြစ်သနည်းဆိုသည်ကို ဆန်းစစ်သင့်ပေသည်။

နယ်ချဲ့စနစ်ကို တော်လှန်ခဲ့ရာ၌ ရှပ်ရှပ်ချုံချုံ ရှေ့ဆုံးမှ အသက်ပေးတော်လှန်ခဲ့သူ ဦးအောင်ဆန်းသည် တိုင်းပြည် ပြန်လည်ထူထောင်ရေးကာလတွင် တစ်ဆိတ်ရှိ နယ်ချဲ့၊ နယ်ချဲ့တော်လှန်ရေးကိုပဲ ပြောနေရမည့်အချိန်မဟုတ်ဘူးဟု အဓိပ္ပာယ်ရသော စကားများကို ဆိုရန်တိုင်ဗီလာတွင် နိုင်ငံပြန်လည်ထူထောင်ရေးစီမံကိန်းရေးဆွဲချိန်က ဆိုခဲ့ပြန်ပါသည်။ တိုင်းတစ်ပါးနိုင်ငံတစ်ခုက နယ်ချဲ့အုပ်စိုးထားသည့်အောက်တွင် မိမိတို့လူမျိုးများ မည်သို့မျှ တိုးတက်ကြီးပွားစရာမရှိ ဆိုခြင်းမှာ မှန်၏။ သို့သော်လည်း လွတ်လပ်ရေးရတော့မည့်အချိန်၊ ကိုယ့်အာဏာကိုယ်ကိုင်ကာ အလုပ်လုပ်ရမည့် အချိန်၊ တိုင်းပြည် ပြန်လည်ထူထောင်ရေးအချိန်တွင် နယ်ချဲ့စနစ်ကိုသာ ယိုးမယ်ဖွဲ့ပြောဆိုရမည်မဟုတ်ဟု ဆိုလိုသည်။ နယ်ချဲ့စနစ်ကို အကြောင်းပြု၍ စစ်တိုက်မည်ဟု စစ်သွေးကြွနေခြင်းက လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးရပြီး တိုင်းပြည်ထူထောင်ရန် အဖြေမဟုတ်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်မှာ ခုနစ်ဆယ့်နှစ်နှစ်ပြည့်ခဲ့ပြီ။ လွတ်လပ်ရေးဟူသည်ကား မြတ်နိုးတန်ဖိုးထားစရာ အမှန်ပါပင်။ သို့သော်လည်း ယနေ့ချိန်ထိ လွတ်လပ်ရေး၏ အရသာကို နိုင်ငံသူ နိုင်ငံသားတို့ တင်းပြည့်ကျပ်ပြည့် မခံစားရသေး။ ဆင်းရဲတွင်းတွင် နစ်မွန်းနေသော နိုင်ငံကိုပြန်လည်တည်ဆောက်ကြရဦးမည်။ ထိုသို့သော ပြန်လည်ထူထောင်ရေးကာလတွင် နိုင်ငံသူနိုင်ငံသားတို့၏ လက်တွင် အချုပ်အခြာအာဏာ ပိုင်ပိုင်ရှိရေး၊ နိုင်ငံနှင့် လူမျိုး အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါ်ပေါက်နေသည့် ပြဿနာများကို နိုင်ငံသားအားလုံး ညီညီညွတ်ညွတ် ဖြေရှင်းတည်ဆောက်ရေးက လွတ်လပ်ရေး၏ အနှစ်သာရကို မြတ်နိုးစွာစောင့်ရှောက်ခြင်း အစစ်အမှန်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးသော နှစ်သစ်ကူး တရားအလှူတော် ဓမ္မပူဇာသဘင် (တတိယနေ့) စည်ကားစွာ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူး တရားအလှူတော် ဓမ္မပူဇာသဘင် (တတိယနေ့) ကို ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်းရှိ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



နှစ်သစ်ကူး တရားအလှူတော် ဓမ္မပူဇာသဘင်တွင် သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက နာနာတိတ္ထိယ သုတ္တန်တရားတော်ကို ဟောကြားတော်မူစဉ်။

ယနေ့ ညပိုင်းတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက “နာနာတိတ္ထိယ သုတ္တန်တရားတော်” ကို ဟောကြားတော်မူရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားနာပရိသတ် တစ်သိန်းကျော် တက်ရောက်နာယူကြည်ညိုကြသည်။

## တိုက်ရိုက်ထုတ်လွှင့်

နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရှိန်ဝင်းက “ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ လေးကြိမ်မြောက် တရားအလှူတော် ကျင်းပခြင်း ဖြစ်ပါတယ်။ ဒီလို နှစ်သစ်ကူး အချိန်အခါမှာ ဆရာတော်ကြီးတွေရဲ့ ဆုံးမဩဝါဒတွေကို



တိုက်ရိုက် ဖူးမြော်ကြည်ညိုခွင့်ရဖို့ အတွက် အားလုံးက စိတ်ဓာတ်ခွန်အားပြင်းပြစွာနဲ့ လာရောက်ကြတာ ဖြစ်ပါတယ်။ တရားနာပရိသတ်တွေ အဆင်ပြေစွာ လာရောက်နိုင်ဖို့ ကြို/ပို့ယာဉ်တွေကိုလည်း ကော်မတီက ဆောင်ရွက် ပေးထားပါတယ်။ ဒီတရားပွဲကို ရုပ်/သံ တိုက်ရိုက်ထုတ်လွှင့်မှုကိုလည်း ထည့်သွင်းထားပါတယ်” ဟု ပြောသည်။

နှစ်သစ်ကူး တရားပွဲတော်တွင် စေတနာရှင်များက စတုဒိသာ လှူဒါန်းမှုများကို ပြုကြသည့်အပြင် တရားနာ ပရိသတ်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုများကို သက်ဆိုင်ရာနှင့်အတူ ပုဂ္ဂလိကဆေးရုံများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ဆေးကုသခန်းများ ဖွင့်လှစ်ကာ အခမဲ့ဆေးဝါး စောင့်ရှောက်မှုပါဝင်ဆောင်ရွက်ပေးကြသည်။

## အခမဲ့ ပို့ဆောင်

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် တရားပွဲသို့လာရောက် နာယူကြည်ညိုကြမည့် တရားနာ ပရိသတ်များ သွားလာမှု အဆင်ပြေစေရန် အခမဲ့ YBS ကြို/ပို့ ယာဉ်များကို သက်ဆိုင်ရာ စုရပ်များအလိုက် စီစဉ်ဆောင်ရွက်ပေးထားသည့်အပြင် စေတနာရှင် ပြည်သူများကလည်း မိမိတို့၏ ရပ်ကွက်၊ လမ်းများအတွင်းမှ စုပေါင်း၍လည်းကောင်း၊ စေတနာရှင် အငှားယာဉ်မောင်းများကလည်း အခမဲ့ လိုက်ပါ ပို့ဆောင်မှုများပြု၍လည်းကောင်း၊ တရားနာပရိသတ်များ သွားလာမှု အဆင်ပြေစေရန် ဆောင်ရွက်ပေးကြသည်။

တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၂) ရပ်ကွက် မှ တရားနာပရိသတ် ဒေါ်မိုးမိုးက “နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ တရားပွဲလည်းဖြစ်တယ်။ ဆရာတော်ကြီးတွေကိုလည်း ကြည်ညိုတဲ့အတွက် အခုလိုလာရောက်ရတာပါ။ အရင်နှစ်တွေတုန်းက မလာဖူးပါဘူး။ ပထမဆုံးပါ။ အလှူအတန်းတွေနဲ့ လူငယ်တွေရဲ့ လုပ်အားဒါနတွေကို မြင်တွေ့ရတော့ ဝမ်းသာကြည်နူးမိတယ်” ဟု ပြောသည်။

အင်းစိန်မြို့နယ် ဖော့ကန် ရပ်ကွက်မှ တရားနာပရိသတ် ကိုသန်းထိုက်က “တစ်နှစ်မှာ တစ်ခါလောက်ဖူးရခဲ့တဲ့ ဆရာတော်ကြီးတွေရဲ့ တရားတော်တွေကို နာယူချင်လို့ပါ။ ကျွန်တော်ကိုယ်တိုင်လည်း တရားပွဲလိုက်ချင်တဲ့ အိမ်နီးချင်းတွေကို ကားနဲ့ခေါ်ခဲ့တယ်။ ဆရာတော်ကြီးတွေရဲ့ တရားတွေကိုလည်း တစ်နေရာတည်းမှာ ပြည်သူအများစုပေါင်းနာယူနိုင်သလို စေတနာရှင်တွေရဲ့ သဒ္ဓါတရားတွေ၊ အလှူဒါနတွေကိုလည်း မြင်တွေ့နိုင်တဲ့အတွက် အင်မတန် ဝမ်းမြောက်ကြည်နူးဖို့ကောင်းပါတယ်။ တဒင်္ဂတစ်ခဏမှာ လောဘ၊ ဒေါသ၊ မောဟတွေ ကင်းငြိမ်းသွားသလိုခံစားရတယ် ”ဟု ပြောသည်။

## ဓမ္မပူဇာသဘင်

နှစ်သစ်ကူး အချိန်အခါသမယတွင် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ဆရာတော်ကြီးများ၏ ဆုံးမဩဝါဒများကို ပြည်သူများ နာကြားခွင့်ရခြင်းအားဖြင့် တစ်နှစ်တာကာလအတွင်း မိမိတို့၏ လောကီ၊ လောကုတ္တရာနှစ်ဖြာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကာ အဆိုပါ နှစ်သစ်ကူး တရားအလှူတော် ဓမ္မပူဇာသဘင်ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိုင် ကျင်းပရာ ပထမနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက လည်းကောင်း၊ ဒုတိယနေ့တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက လည်းကောင်း၊ ယနေ့တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက လည်းကောင်း နှစ်သစ်ကူး တရားတော်များကို ဟောကြားခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာရမည်

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ကာ ခိုင်မာသည့် ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရမည်ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီ ကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိနိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၁၉ ရက်နေ့တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**



လွတ်လပ်ရေးကျောက်တိုင်နှင့် တိုင်းရင်းသားများ ဓာတ်ပုံ - ပြန်/ဆက်

❑ *ရှေ့ဖုံးမှ*

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်၊ သူ့ကျွန်မခံလိုသော အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် နယ်ချဲ့လက်အောက်မှ ပြန်လည်လွတ်မြောက်ပြီး လွတ်လပ်ရေးရရှိရန်အတွက် စည်းလုံးညီညွတ်စွာ တွန်းလှန်ခဲ့ကြရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။

ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင်ဖြစ်ပွားခဲ့သော သံသယများနှင့် အယူဝါဒသဘောတရားပိုင်းဆိုင်ရာ အမြင်မတူမှုများ ပေါက်ဖွားကြီးထွားလာခဲ့ပြီး လွတ်လပ်ရေးရရှိပြီးစကာလမှာပင် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရပါသည်။ လက်နက်ကိုင်ပဋိပက္ခများအား ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် နှစ်ပေါင်း(၇၀)ကျော် ယနေ့ထိတိုင်ဖြစ်ပွားလျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားနှင့် သဘာဝအရင်းအမြစ်များကို ချည့်နဲ့စေခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးနေဆဲ ဖြစ်ပါသည်။

ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့်ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး၊ နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဒေသတွင်းမှာသာမက၊ ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသောယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုနှင့်အတူ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒီမိုကရေစီ၏ အနှစ်သာရများဖြစ်သော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်ပြီး ပြည်သူအများ လိုလားတောင့်တနေသည့် အေးချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်သစ်တစ်ရပ်ပေါ်ထွန်းလာမည် ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးပေးဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသတစ်ခုချင်းစီ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပဓာနကျသည်ဖြစ်ရာ ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ ဒေသတွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ဒေသခံပြည်သူများ၏အင်အားနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် လွန်စွာအရေးကြီးပါသည်။ ဒေသအလိုက်တည်ရှိနေသော သဘာဝသယံဇာတနှင့် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ပြီး ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးအောင်မြင်စေရေးဘက်ပေါင်းစုံမှ ကူညီပံ့ပိုးပေးရမည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်း၍ နိုင်ငံသားကောင်းဖြစ်ရေးမှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုင်ငံသားကောင်းဖြစ်စေရေးအတွက် ပညာရေးဖြင့်လည်း ရေရှည်မျှော်မှန်းချက်ထား၍ ဆောင်ကြဉ်းပေးရမည် ဖြစ်ပါသည်။

**❖ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**❖ ယခုအချိန်အခါတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဘက်ဘက်မှ အခြေအနေကောင်းများ၊ အလားအလာကောင်းများ ရရှိလာနေပြီဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ကြရမည်ဖြစ်**

ထို့ပြင် နိုင်ငံတော်အတွက် ကြီးမားသောအန္တရာယ်တစ်ရပ်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးပြဿနာအား ထိရောက်စွာတားဆီးကာကွယ်ရေးကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ယခုအချိန်အခါတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဘက်ဘက်မှ အခြေအနေကောင်းများ၊ အလားအလာကောင်းများ ရရှိလာနေပြီဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာကျော်ဖြတ်ပြီး ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးဟူသည့် မိမိတို့၏ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ကြရန် ခိုင်မာသောသန္နိဋ္ဌာန်ဖြင့်-

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေးမြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း- ၂၀၁၈-၂၀၃၀ (Myanmar Sustainable Development Plan- MSDP- 2018-2030 )ဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊

ဟူသည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် ဤနေ့ထူးနေ့မြတ်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

# ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှမမေ့ဘဲနဲ့ လုပ်စေချင်

ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသား လူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှမမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင် ညီညွတ်လာအောင်၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဇဟိုကော်မတီ (၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်)**



လွတ်လပ်ရေးကျောက်တိုင်နှင့် တိုင်းရင်းသားများ။

ဓာတ်ပုံ- ပြန်/ဆက်




*◆ ရှေ့ဖုံးမှ*

ကြိုဆိုသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နေ့လယ်စာမသုံးဆောင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သံတမန်များအဖွဲ့နာယက တီမောလက်စ်တေ သံအမတ်ကြီး မစ္စတာ ဂျူဝေါင်း ဖရေးတက်စ် ဒေ ကာမာရာ တို့က နှုတ်ခွန်းဆက်ဆုမွန်စကား ပြောကြားကြသည်။

**တက်ရောက်**

နေ့လယ်စာစားပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ကြသည်။ **သတင်းစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံတမန်များ တည်ခင်းဧည့်ခံသည့် နှစ်သစ်ကူးနေ့လယ်စာစားပွဲတွင် နှုတ်ခွန်းဆက် ဆုမွန်စကား ပြောကြားစဉ်။

သတင်းစဉ်




မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံတမန်များ တည်ခင်းဧည့်ခံသည့် နှစ်သစ်ကူးနေ့လယ်စာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ သံတမန်များအဖွဲ့နာယက တီမောလက်စ်တေ သံအမတ်ကြီး မစ္စတာ ဂျူဝေါင်း ဖရေးတက်စ် ဒေ ကာမာရာ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းပေးနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၀) ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၀) ကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂဟတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၂၀)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၄/၂၀၂၀) ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၂၀)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၀) ကိုလည်းကောင်း၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၇/၂၀၂၀) ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၀) ကိုလည်းကောင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည် -

### အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုမန၊ ပန်းငွေရုံတောရစာသင်တိုက်၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တစိန္တာသာရ၊ သံဃာရာမကျောင်းတိုက်၊ စိုးကောမင်းရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကေလာသ၊ ချောင်းဒေါင်းစာသင်တိုက်၊ အမှတ် ၂၀-ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တအဂ္ဂညာဏာဘိဝံသ၊ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဇောတိပါလ၊ မြို့လယ်ကျောင်းစာသင်တိုက်၊ ကျောင်းပိုင်းရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်
၆။ ဘဒ္ဒန္တကောဝိဒဇ၊ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ အမှတ် ၁၄- ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသြဘာသ၊ အောင်မင်္ဂလာကျောင်းတိုက်၊ ဆားမှော်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပညာဝံသ၊ နန်းဦးစာသင်တိုက်၊ အင်ကြြင်းပင်ကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တမေဓိယ၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တကုမာရသိရီ၊ ဇောင်ကြမ်းပင်စာသင်တိုက်၊ အေးသာယာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တကောသလ္လ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသုဇန၊ သာသနဇောတိကစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တနာဂသေနာဘိဝံသ၊ သာသနသိပ္ပံကျောင်းတိုက်၊ ဆားရွှေကင်းရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဥက္ကဋ္ဌ၊ သဲကုန်းကျောင်း၊ တောင်ပြင်ထီးလင်းတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တပညာသာရ၊ ပြည်တော်အေးကျောင်းတိုက်၊ ရှမ်းပွဲရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါက်တာဘဒ္ဒန္တနန္ဒာစာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဝိဝေကာနန္ဒ၊ မဟာရင်စာသင်တိုက်၊ ကတိုးကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်
၁၂။ ဘဒ္ဒန္တနန္ဒသာရ၊ အလယ်ကျောင်းစာသင်တိုက်၊ မြို့မဈေးရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်
၁၃။ ဒေါက်တာဘဒ္ဒန္တပညာသာမိ၊ အောင်မင်္ဂလာကျောင်းတိုက်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်
၁၄။ ဘဒ္ဒန္တသာသန၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်၊ ဇ / တောင်ရပ်ကွက်၊ သဃ်္န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဇောတာလင်္ကာရ၊ ကျိုက်ဝိုင်းဒက္ခိဏာရုံကျောင်းတိုက်၊ အမှတ် ၃-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တပဉ္ဉောဘာသ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ် ၅-ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တစန္ဒဇောတိ၊ မစိုးရိမ်စာသင်တိုက်၊ ကံကြီး/မကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဇာဂရ၊ မြသိန်းတန်စာသင်တိုက်၊ အမှတ် ၁၀-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဒေါက်တာဘဒ္ဒန္တက္ကန္ဒောဘာသာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တကေသရ၊ မွန်ပရိယတ္တိစာသင်တိုက်၊ ရဲရိပ်သာရပ်ကွက်၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တမေတ္တေယျ၊ ဝိဇ္ဇောတာရုံစာသင်တိုက်၊ အမှတ် ၉- ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တသုစိတ္တာဘိဝံသ၊ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်၊ အမှတ် ၆၁-ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဓမ္မာလင်္ကာရ၊ သဒ္ဓမ္မဇောတိကာရာမ(ပါဠိတက္ကသိုလ်) တောင်ပေါ်ကျောင်းတိုက်၊ အမှတ် ၁၅-ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တသံဝရာဘိဝံသ၊ ရွှေရေးဆောင်တိုက်၊ မြို့သစ်ရပ်ကွက်၊ ငါးသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘိုးသိန်းတန်ကျောင်းတိုက်၊ ညောင်ပင်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ အမှတ် ၃-ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

### ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၇။ ဒေါက်တာဘဒ္ဒန္တဖရာထေပွဝရာမေထိ၊ မဟာချူလာလောင်ကွန်ရာဇဝိဒယလျတက္ကသိုလ်၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ
၂၈။ Venerable Professor Kotapitiye Rahula Anunayaka Thero ၊ သီရိလင်္ကာနိုင်ငံ
၂၉။ ဘဒ္ဒန္တဖရာဆိုဖုံဗာချီရာဘွန်၊ ဝပ်အရွန်ရာဇဗာရာရမ်ကျောင်း၊ ဝမ်ဒိုအမ်ရပ်ကွက်၊ ထုံဘူရီ၊ ဘန်ကောက်မြို့၊ ထိုင်းနိုင်ငံ

### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏဝံသ၊ သစ်ပုံစာသင်တိုက်၊ ရှမ်းစုရပ်ကွက်၊ နန်းမားမြို့၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဉာဏိကာဘိဝံသ၊ သတ္တဋ္ဌာနမစိုးရိမ်ကျောင်းတိုက်၊ မင်းကွန်းကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပဏ္ဏဝံသ၊ ရွှေဘုန်းရှံသီစာသင်တိုက်၊ နန်းဦးမြို့သစ်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ မစိုးရိမ်တိုက်သစ်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၅။ ဘဒ္ဒန္တသူရိယာဘိဝံသ၊ မင်းကျောင်းစာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တနိမ္မလ၊ စိတ္တသုခစာသင်တိုက်၊ ကျွဲပွဲမြို့၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသာသနဓဇ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်စာသင်တိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တသာသန၊ မဟာဝိသုတာရာမစာသင်တိုက်၊ မစိုးရိမ်ရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တသီဟနာဒ၊ ရတနာပုံကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဝိစိတ္တ၊ မြတ်ရွှေဂူစာသင်တိုက်၊ လက်ယားတောင်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဝမ်းတော်ပြည့်စာသင်တိုက်၊ ကျည်တော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တအာဝုဓ၊ မဟာသုန္ဒရာရာမစာသင်တိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဒေါက်တာဘဒ္ဒန္တကုမုဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တကောသလ္လ၊ အတုလရန်အောင်စာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၅။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ဂျိုးဂျိုးကျတောရစာသင်တိုက်၊ မြို့မ ၄ - ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၁၆။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်
၁၇။ ဒေါက်တာဘဒ္ဒန္တခမာလင်္ကာရ၊ အရှင်ဥတ္တမသာရစာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဝိစိတ္တဉာဏ၊ မဟာအောင်မြေဘုံစံကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တပဏ္ဍိတ၊ အသောကသီတဂူစာသင်တိုက်၊ အမှတ် ( ၁၆ / ၂ ) ရပ်ကွက်၊ သဃ်္န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တကောဏ္ဍည၊ ရန်ကြီးအောင်စာသင်တိုက်၊ အမှတ် ၁-ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တဥက္ကံသ၊ ပြသတိုက်ကျောင်းတိုက်၊ ပြသတိုက်ကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တက္ကန္ဒကသာရာဘိဝံသ၊ အလယ်ကျောင်းစာသင်တိုက်၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဉာဏောဘာသာလင်္ကာရ၊ ဘုရားသုံးဆူစာသင်တိုက်၊ နန္ဒင်းကုန်းရပ်ကွက်၊ သဃ်္န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၂၅။ ဘဒ္ဒန္တသုနန္ဒ၊ မြို့လယ်စာသင်တိုက်၊ အမှတ် ၂-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၂၆။ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ် ၇-ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### သီလရှင်ဆရာကြီးများ

၂၇။ ဒေါ်ကေတုဝတီ၊ ဂူနီချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၈။ ဒေါ်သုစာရီ၊ သာသနာမဉ္ဇူယင်းမာမြိုင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၉။ ဒေါ်စန္ဒာသိရီ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရွာမရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၃၀။ ဒေါ်ကုလဉာဏီ၊ သဒ္ဓမ္မပါလသီလရှင်စာသင်တိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၁။ ဒေါ်ဂုဏထေရီ၊ ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက်၊ ၁၆ - ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီလာနန္ဒ၊ ဓမ္မရက္ခိတဝန်းသိုစာသင်တိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပဏ္ဍိတ၊ ရတနာသီရိစာသင်တိုက်၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တဥတ္တရ၊ ဓမ္မဝါသီစာသင်တိုက်၊ အမှတ် ၅-ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တဥတ္တမ၊ ကော့ပေါက်ရွှေကျောင်းစာသင်တိုက်၊ ကော့ပေါက်စံပြကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၅။ ဘဒ္ဒန္တဇနိန္ဒ၊ တိုက်ဝါကြီးကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တတိဿ၊ အုန်းတောစာသင်တိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၇။ ဘဒ္ဒန္တတေဇဝန္တ၊ ဓမ္မိကစာသင်တိုက်၊ မြို့မရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဝိစိတ္တဇောတိက၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တကောဝိဒဇောတိ၊ သုခိတာရာမစာသင်တိုက်၊ အမှတ် ၁၁- ရတနာပုံရပ်ကွက်၊ ဥသျှစ်ပင်မြို့၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၁၀။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ မင်းကျောင်းပရိယတ္တိပဋိပတ္တိသာသနာပြုကျောင်းတိုက်ကြီး၊ ကျောင်းစုရပ်ကွက်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

၁၁။ ဘဒ္ဒန္တရေဝတ၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဝိစိတ္တာစာရ၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့တိုက်)၊ အမှတ် ၁-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တသုန္ဒရ၊ မဟာဝိသုတာရာမစာသင်တိုက်၊ မစိုးရိမ်ရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တဝီရိယသာရ၊ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တရေဝတ၊ တောင်ပြင်ထီးလင်းတိုက်၊ ကျွန်းလုံးဥဩျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသုမင်္ဂလ၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥဩျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဥတ္တမသာရာလင်္ကာရ၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တအာစိဏ္ဏ၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥဩျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဓမ္မပါလ၊ အဘယာရာမမိုးထိတိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တနန္ဒဝံသာလင်္ကာရာဘိဝံသ၊ မြဘယက်သာမဏေကျော်ကျောင်းတိုက်၊ တံခွန်တိုင်ဈေးတန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တဝရသုခ၊ ခေမာသီဝံစာသင်တိုက်၊ စံပြရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တပညာသာမီဘိဝံသ၊ မဏိရတနာရာမမြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၃။ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တမေဃိယ၊ လောကနန္ဒာစာသင်တိုက်၊ သီရိပစ္စယာရပ်ကွက်၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တမင်္ဂလာဘိဝံသ၊ အသောကာရာမမွန်စာသင်တိုက်၊ မြို့မ(၃)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၂၆။ ဘဒ္ဒန္တနန္ဒိယ၊ အရှေ့ကံ့ကော်စာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၂၇။ ဘဒ္ဒန္တစန္ဒာဝရ၊ အောင်မြေရတနာစာသင်တိုက်၊ ဈေးဟောင်းပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်
၂၈။ ဘဒ္ဒန္တဝိမလာနန္ဒ၊ သုံးပါးရတနာစာသင်တိုက်၊ လေးဒေါင့်ကန်(စံပြ)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တအဘိဇာတ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တတေဇနိယ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တဇနက၊ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ အမှတ် ၁၄-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တဇောတိက၊ ဇေတဝန်အောင်စံစာသင်တိုက်၊ အမှတ် (၁၄ / ၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တသဇ္ဇန၊ ဇောတနာရာမစာသင်တိုက်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တသောဘိတ၊ ကမ္ဘာအေးရွှေနှင်းဆီစာသင်တိုက်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တစန္ဒိမာ၊ မြသိန်းတန်စာသင်တိုက်၊ အမှတ် ၁၀- ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တပဏ္ဍိတ၊ ကျောက်ပန်းတောင်းကျောင်းစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၇။ ဘဒ္ဒန္တသောဘန၊ အောင်မော်စံစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တကုသလ၊ သဒ္ဓမ္မပါလစာသင်တိုက်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၉။ ဒေါက်တာဘဒ္ဒန္တကေတု၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇- ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၀။ ဒေါက်တာဘဒ္ဒန္တက္ကန္ဒာလင်္ကာရ၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၁။ ဒေါက်တာဘဒ္ဒန္တပညာဝံသာဘိဝံသ၊ ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်၊ အမှတ်- ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တသုဇာတ၊ သဒ္ဓမ္မသိဒ္ဓိစာသင်တိုက်၊ အမှတ် ၁၁-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၃။ ဘဒ္ဒန္တသုမင်္ဂလ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၄။ ဘဒ္ဒန္တနန္ဒိယ၊ ဖက်ပင်အိုင်စာသင်တိုက်၊ ဇ/ မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၅။ ဒေါက်တာဘဒ္ဒန္တနရိန္ဒ၊ ကျောင်းပန်စာသင်တိုက်၊ အမှတ် ၃-ရပ်ကွက်၊ လဲချားမြို့၊ ရှမ်းပြည်နယ်
၄၆။ ဘဒ္ဒန္တဇာဂရ၊ နန္ဒာရုံစာသင်တိုက်၊ အမှတ် ၁၂-ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၄၇။ ဘဒ္ဒန္တရေဝတာလင်္ကာရ၊ ပစ္ဆိမာရုံစာသင်တိုက်၊ အမှတ် ၉-ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

### သီလရှင်ဆရာကြီးများ

၄၈။ ဒေါ်အဋ္ဌနဝတီ၊ ခေမေသကချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄၉။ ဒေါ်နန္ဒမာလာ၊ ခေမာသိရီသီလရှင်စာသင်တိုက်၊ မြသလွန်ကုန်းမြေ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၅၀။ ဒေါ်စန္ဒကလျာ၊ သီတာစောသင်တိုက်၊ အမှတ် ၃-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၅၁။ ဒေါ်ဝိသုဒ္ဓိ၊ အမတသုခသီလရှင်စာသင်တိုက်၊ တအုံကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

### ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ မဟာဝိဟာရစာသင်တိုက်၊ ကော့ဗိန်းရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တဝိမလ၊ ဓမ္မမေတ္တာစာသင်တိုက်၊ ပါရမီရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဥဇ္ဇောတ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တအကို်ရ၊ မဟာဘုံစံစာသင်တိုက်၊ အမှတ် ၆-ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဇဋိလ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တကောဏ္ဍည၊ ငွေတောင်တောရစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၇။ ဘဒ္ဒန္တဉာဏသိရီ၊ အေးမြရွှေပြည်ကျောင်းတိုက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၈။ ဘဒ္ဒန္တစန္ဒောဘာသ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ် ၆-ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၉။ ဘဒ္ဒန္တစာရိတ္တ၊ သဒ္ဓမ္မဝေပုလ္လစာသင်တိုက်၊ ဒိုးနွယ်ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်
၁၀။ ဘဒ္ဒန္တကုမုဒါနန္ဒာလင်္ကာရ၊ မဟာလယ်တီစံစာသင်တိုက်၊ ရန်အောင် ၁ - ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၁။ ဘဒ္ဒန္တမဟိန္ဒ၊ ပညာဇောတာရုံစာသင်တိုက်၊ အမှတ် ၂ - ရပ်ကွက်၊ ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဝါစိဿရ၊ မြို့လယ်စာသင်တိုက်၊ ဇီးကုန်းကလေးရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဆုကြီးပန်ကျောင်းတိုက်၊ အမှတ် ၁၅ - ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တသုဒဿန၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ် (အရှေ့တိုက်)၊ အမှတ် ၁ - ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တသုဒဿန၊ သူဌေးကျောင်း၊ ရွှေရေးဆောင်ကျောင်းတိုက်၊ ကျွန်းလုံးဥဩျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တပညာဓိက၊ ဒဟတ္တောစာသင်တိုက်၊ ဒဟတ္တော / မြင်းကလေးရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဒေါက်တာဘဒ္ဒန္တပရမ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဝေပုလ္လ၊ ဆေးဒါန်းတောင်ကျောင်း၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တဝေပုလ္လသာမိ၊ မဟာဝိဇိတာရုံစာသင်တိုက်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဇောတိက၊ သုခဝတီစာသင်တိုက်၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရာဘိဝံသ၊ သာမဏေကျော်စာသင်တိုက်၊ တောင်နံ့သာကွက်သစ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တဝရသာမိ၊ တိုက်ကျောင်းစာသင်တိုက်၊ တရုတ်စုရပ်ကွက်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တမုနိန္ဒာလင်္ကာရ၊ ညောင်သုံးပင်သာမဏေကျော်စာသင်တိုက်၊ ညောင်သုံးပင်ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ပရိယတ္တိသာသနပါလမွန်ကျောင်းတိုက်၊ အောင်ဇေယျရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်
၂၅။ ဘဒ္ဒန္တပညာနန္ဒ၊ သာသနဝေပုလ္လာရာမကျောင်းတိုက်၊ ကော့ခပုံစံပြကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၂၆။ ဘဒ္ဒန္တပညာဓဇ၊ ရတနာဘုံမြေကျောင်းတိုက်၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၂၇။ ဘဒ္ဒန္တသုန္ဒရ၊ သျှစ်သောင်းစာသင်တိုက်၊ ညောင်ပင်ဈေးရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်
၂၈။ ဘဒ္ဒန္တပဏ္ဍိတသာရ၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်စာသင်တိုက်၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တဂန္ဓသာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တပညာသိရီ၊ ဓမ္မမေဒနီစာသင်တိုက်၊ ဇ/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၁။ ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ၊ ပရိယတ္တိသာသနာ့ဂုဏ်ရည်ကျောင်းတိုက်၊ လေးထောင့်ကန်စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တကေသရ၊ ဂုဏ်ရည်လွင်စာသင်တိုက်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တနန္ဒဝံသ၊ မိုးကောင်းပရိယတ္တိစာသင်တိုက်၊ နှောကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တကုဏ္ဍလ၊ ဝိဇာတဗိမာန်မိုးကုတ်ရိပ်သာစာသင်တိုက်၊ အတွင်းပဒံရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တဝိဒလ၊ အောင်မြေလောကစာသင်တိုက်၊ အမှတ် ၂ - ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဒေါက်တာဘဒ္ဒန္တနာရဒ၊ မြို့ဦးစာသင်တိုက်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၇။ ဒေါက်တာဘဒ္ဒန္တစန္ဒမုခ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ် ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၈။ ဒေါက်တာဘဒ္ဒန္တမေဓာနန္ဒ၊ အောင်ချမ်းသာစာသင်တိုက်၊ အမှတ် ၁၁ - ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၉။ ဘဒ္ဒန္တဝိမလ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း (က) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၀။ ဘဒ္ဒန္တဥတ္တမသိရီ၊ နေနတ်သားစာသင်တိုက်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တခေမိန္ဒ၊ ဝိမလာရာမနတ်ညွှန်းစာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တဇနက၊ အောင်မင်္ဂလာစာသင်တိုက်၊ ပန်ဆိုင်း(ကြူကုတ်)မြို့၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်
၄၃။ ဘဒ္ဒန္တဝိဇေယျ၊ မြို့လယ်မင်္ဂလာရုံကျောင်းတိုက်၊ အမှတ် ၃ - ရပ်ကွက်၊ သိန္နီမြို့၊ ရှမ်းပြည်နယ်
၄၄။ ဘဒ္ဒန္တခေမိန္ဒ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ အမှတ် ၃ - ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

### သီလရှင်ဆရာကြီးများ

၄၅။ ဒေါ်ယုစန္ဒာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုစန္ဒာရာမသီလရှင်စာသင်တိုက်၊ ကျွန်းတောရပ်ကွက်၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်
၄၆။ ဒေါ်ယုသိင်္ဂီ ၊ ဇေယျသိင်္ဂီသီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄၇။ ဒေါ်နန္ဒမာနီ၊ ပြင်ကြီးသာသနဝေပုလ္လသီလရှင်စာသင်တိုက်၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၄၈။ ဒေါ်ခေမာသီ၊ သာသနဝေပုလ္လကာရီ ပရဟိတသီလရှင်စာသင်တိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၄၉။ ဒေါ်ဓမ္မိကဝတီ၊ ကမ္ဘောဇသီလရှင်စာသင်တိုက်၊ အမှတ် ၃ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၀။ ဒေါ်သောဘဏာဉာဏီ၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်၊ အမှတ် ၅ - ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၁။ ဒေါ်ဝိဇ္ဇေသီ၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၂။ ဒေါ်သေိကာ၊ ဇေယျဝါဒီသီလရှင်စာသင်တိုက်၊ လှည်းရိုးရပ်ကွက်၊ အောင်ပန်းမြို့၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်

### မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ ကုန်းမြင့်သာယာရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဝိဇ္ဇောဘာသာလင်္ကာရ၊ ရွာဦးကျောင်းတိုက်၊ ပေါင်းလောင်းလေးကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဒေဝိန္ဒ၊ ဘော်ကြိုဘုရားကြီးကျောင်းတိုက်၊ ဘော်ကြိုကျေးရွာ၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်
၄။ ဘဒ္ဒန္တဉာဏသိရီ၊ မဟာဗောဓိကမ္မဋ္ဌာန်းကျောင်းတိုက်၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

*(ဆက်လက်ဖော်ပြပါမည်)*

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၂ / ၂၀၂၀**
**၁၃၈၁ ခုနှစ် ၊ ပြာသိုလဆန်း ၁၀ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

### ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့
### သရေစည်သူဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးအောင်ကိုဝင်း | နာယက၊ ကမ္ဘောဇဘဏ်လီမိတက် |

### တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့များ
### သီဟသူရဘွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၄၆၁၈ | ဒုတိယဗိုလ်မှူးကြီး | အေးမင်းအောင် | အမှတ် ( ၅၆၄ ) ခြေမြန်တပ်ရင်း |

### သူရဘွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၆၁၆၇ | ဗိုလ်မှူး | ရန်နိုင်ဦး | အမှတ် ( ၅၆၄ ) ခြေမြန်တပ်ရင်း |
| ၂။ | ကြည်း ၆၀၀၀၉ | ဗိုလ်ကြီး | ဇော်ဦးလွင် | စစ်တက္ကသိုလ် |
| ၃။ | အမှတ် ၇၉၈၈၁၁ | ဒုတိယအရာခံဗိုလ် | ထွန်းဝေ | အမှတ် ( ၅၆၄ ) ခြေမြန်တပ်ရင်း |

### စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ
### ဇေယျကျော်ထင်ဘွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | လေ ၁၉၈၂ | ဒုတိယဗိုလ်ချုပ်ကြီး | ထွန်းအောင် | စစ်ဦးစီးအရာရှိချုပ် (လေ) ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) |
| ၂။ | ကြည်း ၁၉၆၆၂ | ဗိုလ်ချုပ် | လင်းအောင် | တိုင်းမှူး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၃။ | ကြည်း ၂၀၇၃၅ | ဗိုလ်ချုပ် | သက်ပုံ | တိုင်းမှူး ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် |
| ၄။ | ကြည်း ၂၀၂၁၉ | ဗိုလ်ချုပ် | ခွန်သန့်ဇော်ထူး | တွဲဖက်စစ်ရေးချုပ် ၊ စစ်ရေးချုပ်ရုံး |
| ၅။ | ကြည်း ၁၉၅၉၀ | ဗိုလ်ချုပ် | ကိုလေး | ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး |
| ၆။ | ကြည်း ၂၃၁၇၀ | ဗိုလ်ချုပ် | သက်ထွန်းဦး | တပ်ထိန်းချုပ်၊ တပ်ထိန်းချုပ်ရုံး |
| ၇။ | ကြည်း ၁၉၇၄၇ | ဗိုလ်ချုပ် | ခင်မောင်သန်း | ဦးဆောင်ညွှန်ကြားရေးမှူး ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး |
| ၈။ | ကြည်း ၁၅၅၁၁ | ဗိုလ်ချုပ် | အောင်မျိုးမင်း(ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) |
| ၉။ | ကြည်း ၁၄၉၉၆ | ဗိုလ်ချုပ် | တင်အေး(ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) |
| ၁၀။ | ကြည်း ၁၈၁၈၇ | ဗိုလ်ချုပ် | တင်အောင်ချစ်(ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) |
| ၁၁။ | ရေ ၃၃၈၁ | ဗိုလ်ချုပ် | မြင့်ဦး(ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) |

### အလင်္ကာကျော်စွာဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးစိန်စတင်း ( ခ) ဦးတင်မောင် | ဆိုင်းပညာရှင် |

### သိပ္ပကျော်စွာဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးထွန်းအောင်ချိန် | ဘာသာရပ်ဆိုင်ရာပညာရှင် |
| ၂။ | ဒေါက်တာတိုးလှ | ဘာသာရပ်ဆိုင်ရာပညာရှင် |
| ၃။ | ဦးကျော်ဝင်း | ဘာသာရပ်ဆိုင်ရာပညာရှင် |

### တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်
### သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၂၃၇၄၀ | ဗိုလ်မှူးကြီး | အောင်ဝင်းသန့် | အမှတ်(၉၀၅) အမြောက်စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် |
| ၂။ | ကြည်း ၂၈၀၆၂ | ဗိုလ်မှူးကြီး | မျိုးဆက်အောင် | စစ်ဗျူဟာအဖွဲ့(အခြေချ)(ကွတ်ခိုင်) |
| ၃။ | ကြည်း ၄၄၇၆၄ | ဗိုလ်ကြီး | လင်းလင်းထွန်း | အမှတ် ( ၅၄၄ ) ခြေမြန်တပ်ရင်း |
| ၄။ | ကြည်း ၇၁၇၅၈ | ဗိုလ်ကြီး | ဟိန်းမင်းဇော် | အမှတ် ( ၂၀၄ ) ခြေမြန်တပ်ရင်း |
| ၅။ | ကြည်း ၇၁၃၅၄ | ဗိုလ် | နေလင်းဇင်မောင် | အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) |
| ၆။ | တ-၇၈၀၅၄ | တပ်ကြပ်ကြီး | ဦးလှိုင် | အမှတ် ( ၅၄၄ ) ခြေမြန်တပ်ရင်း |
| ၇။ | တ-၂၂၀၅၂၀ | တပ်ကြပ်ကြီး | ခင်ဦး | အမှတ် ( ၅၆၄ ) ခြေမြန်တပ်ရင်း |
| ၈။ | တ-၃၅၃၂၅၈ | တပ်သား | နေဇာရှိုင်း | အမှတ် ( ၂၀၃ ) ခြေမြန်တပ်ရင်း |
| ၉။ | တ-၄၄၀၂၂၁ | တပ်သား | အောင်ကိုမင်း | အမှတ် ( ၉၁၅ ) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း |

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်
### ရဲဗလတံဆိပ်

| | | | | |
|---|---|---|---|---|
| ၁။ | လ ၂၅၂၄၈၃ | ရဲအုပ် | ကျော်စိုးခိုင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၂။ | လ ၁၃၆၈၃၃ | ဒုတိယရဲအုပ် | ဇော်ရဲနိုင် | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၃။ | လ ၁၇၄၆၆၉ | ရဲတပ်ကြပ် | ထွန်းထွန်းဝင်း | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၄။ | လ ၂၆၈၃၂၆ | ရဲဒုတိယတပ်ကြပ် | ဇော်ထက်ဦး | ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ |
| ၅။ | မ ၀၇၇၇ | ဦးစီးအရာရှိ | ညီထွေးဦး | လှိုင်ကော်မြို့နယ် မီးသတ်ဦးစီးမှူးရုံး |

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ
### ရဲသူရိန်တံဆိပ်

| | | | | |
|---|---|---|---|---|
| ၁။ | လ ၂၇၁၀၇၉ | ဒုတိယရဲအုပ် | စိုးမောင်မောင် | အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ |
| ၂။ | လ ၂၃၃၂၁၈ | ရဲတပ်သား | သန့်ဇင်မင်း | အမှတ် (၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့ |
| ၃။ | လ ၂၆၈၃၈၇ | ရဲတပ်သား | ဇော်မျိုးလတ် | အမှတ် (၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၄။ | လ ၂၇၄၅၉၉ | ရဲတပ်သား | ဖားဖော့ | အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ |
| ၅။ | လ ၂၇၆၅၂၈ | ရဲတပ်သား | ဇော်ဟိန်း | အမှတ် (၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ |
| ၆။ | မ ၂၁၂၉၀ | မီးသတ်တပ်ကြပ်ကြီး | လှိုင်ဇင်လင်းအေး | ကြံခင်းမြို့နယ်မီးသတ်စခန်း |
| ၇။ | မ ၂၃၂၇၇ | မီးသတ်တပ်ကြပ် | သီဟ | သထုံမြို့နယ်မီးသတ်စခန်း |
| ၈။ | မ ၂၆၁၀၇ | မီးသတ်ဒုတိယတပ်ကြပ် | အောင်လင်း | မော်လမြိုင်ခရိုင်မီးသတ်ဦးစီးမှူးရုံး |

### ရဲကျော်စွာတံဆိပ်

| | | | | |
|---|---|---|---|---|
| ၁။ | မ ၀၆၁၁ | ဦးစီးအရာရှိ | ဟန်စိုး | စစ်တွေမြို့နယ်မီးသတ်ဦးစီးမှူးရုံး |
| ၂။ | မ ၁၈၅၆၃ | မီးသတ်တပ်ကြပ်ကြီး | သိန်းကြန် | စစ်တွေမြို့နယ်မီးသတ်စခန်း |
| ၃။ | မ ၁၉၅၇၂ | မီးသတ်တပ်ကြပ်ကြီး | သိန်းနိုင် | စစ်တွေမြို့နယ်မီးသတ်စခန်း |
| ၄။ | မ ၂၄၁၅၈ | မီးသတ်တပ်ကြပ် | ခင်မြင့် | စစ်တွေမြို့နယ်မီးသတ်စခန်း |
| ၅။ | မ ၂၇၂၃၂ | မီးသတ်ဒုတိယတပ်ကြပ် | ခိုင်မိုးလင်း | စစ်တွေမြို့နယ်မီးသတ်စခန်း |
| ၆။ | မ ၂၈၄၂၈ | မီးသတ်ဒုတိယတပ်ကြပ် | အောင်သိန်းထွန်း | စစ်တွေမြို့နယ်မီးသတ်စခန်း |
| ၇။ | ပ ၇၁၇၅ | လက်ထောက် ညွှန်ကြားရေးမှူး | ဦးသက်ဦးပိုင်( ခ) လီကြားရှိုး | မြို့အုပ်ချုပ်ရေးမှူး ချင်းရွှေဟော်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |

### စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ
### လူမှုထူးချွန်တံဆိပ် ( ပထမဆင့် )

| | | |
|---|---|---|
| ၁။ | ဦးစိန်ဝင်း | မန်နေဂျင်းဒါရိုက်တာ၊ ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီလီမိတက် |

### ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်
### သိပ္ပံပညာထူးချွန်တံဆိပ် ( ပထမဆင့် )

| | | |
|---|---|---|
| ၁။ | ဦးအောင်ကျော်မြ | အချိန်ပိုင်းပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၂။ | ဦးလှကြည် | အချိန်ပိုင်းပါမောက္ခ၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန |

### ဝိဇ္ဇာပညာထူးချွန်တံဆိပ် ( ပထမဆင့် )

| | | |
|---|---|---|
| ၁။ | ဒေါ်အုန်းကြည် | အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၂။ | ဒေါ်စိန်စိန်မြင့် | အချိန်ပိုင်းပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ် |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဥက္ကလာပစေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃**

ဥက္ကလာပစေတီတော် ရွှေးဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီ အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ဓမ္မပူဇာတရားပွဲကို ညစဉ် ၇ နာရီမှစတင်၍ ဥက္ကလာပစေတီရှိ ရှင်အရဟံနှင့် အနော်ရထာရင်ပြင်တို့တွင် ကျင်းပလျက်ရှိသည်။ ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့နယ်အတွင်း ဒေသစာရီကြွချီအပူဇော်ခံပွဲ၊ ဇန်နဝါရီ ၁၈ ရက်တွင် စာသင်တိုက်များသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ၊ ဇန်နဝါရီ ၁၉ ရက်တွင် စေတီတော်ရင်ပြင်၌ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဇန်နဝါရီ ၂၅ ရက်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ အရုဏ်ဆွမ်း ဆက်ကပ်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်သည်။

**အောင်သူရ**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၃**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

## အသိပေးနှိုးဆော်ချက်

၂၀၂၀ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၀ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ညှော့ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက် (၀၂၀၀)နာရီအချိန်မှ (၀၈၀၀) နာရီအချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ညှော့ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ ဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရောဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့် (၇၂)နှစ်ပတ်လည်အချိန်သမယတွင် ကျွန်တော်သည် တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရနှင့် တရုတ်ပြည်သူလူထုအား ကိုယ်စားပြု၍ အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများအား လှိုက်လှဲစွာ ထောပနာဂုဏ်ပြုပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

တရုတ်နှင့် မြန်မာနိုင်ငံသည် ပေါက်ဖော်ချစ်ကြည်ရေး နက်နဲ၍ တစ်မြစ်တည်းကရေ အတူတကွသောက်သုံးနေကြပြီး အေးအတူပူအမျှ ဖြစ်သော အသိုက်အဝန်းဖြစ်ပါသည်။ ယခုနှစ်တွင် တရုတ်-မြန်မာ သံတမန် ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၇၀)ပြည့်မြောက်ပါသည်။ ကျွန်တော်သည် တရုတ်နှင့် မြန်မာ နှစ်နိုင်ငံဆက်ဆံရေး မြင့်မားစွာ တန်ဖိုးထား၍ နှစ်နိုင်ငံ အဆင့်မြင့်ဆက်ဆံရေးထိန်းသိမ်းရန်၊ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်ရေး တွန်းအားပေးရန်၊ လူမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး တိုးချဲ့စေရန်၊ Multilateral ကဏ္ဍ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန်၊ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး အနှစ်သာရများ ကြွယ်ဝစေရန် အဆွေတော်နှင့်အတူ ကြိုးပမ်းအားထုတ်သွားပါမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စည်ပင်သာယာ၍ မြန်မာ ပြည်သူ ပြည်သားအားလုံး ဘဝအေးချမ်းသာယာပါစေ၊ တရုတ်နှင့် မြန်မာ နှစ်နိုင်ငံဆက်ဆံရေး အဆက်မပြတ် ခိုင်မာပါစေ၊ ဖွံ့ဖြိုးတိုးတက်သွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အမေရိကန်ပြည်ထောင်စု သမ္မတ ဒေါ်နယ်ဂျေထရမ့်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခမ်းအနားအတွက် အမေရိကန်ပြည်သူများက ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ပိုမိုငြိမ်းချမ်းသော၊ အားလုံးပါဝင်သော၊ ဒီမိုကရေစီနည်းလမ်းကျသော၊ ကြွယ်ဝချမ်းသာသော၊ လူ့အခွင့်အရေးနှင့် ပြည်သူပြည်သားအားလုံး၏ စဉ်ဆက်မပြတ်ထိန်းသိမ်းထားသည့် ဂုဏ်သိက္ခာအား တန်ဖိုးထားပြီး စီးပွားရေးခိုင်မာတောင့်တင်းသော နိုင်ငံဖြစ်ရန် လိုလားသည့် မြန်မာ ပြည်သူပြည်သားများအားလုံးကို အမေရိကန်ပြည်ထောင်စုမှ ဆက်လက် ထောက်ခံမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ထူးမြတ်သည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေ တော်နှင့် မြန်မာနိုင်ငံသားများကို ဆုမွန်ကောင်းပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ်ကိုဗင့်ဒ်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ တွင် မိမိအနေဖြင့် ချစ်ခင်ရင်းနှီးစွာ နှုတ်ခွန်းဆက်သ၍ ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် မိမိ၏ခရီးစဉ်မှာ နွေးထွေးအမှတ်ရဖွယ်ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် တွင် အိန္ဒိယနိုင်ငံသို့ ခရီးစဉ်လာရောက်ရန် မျှော်လင့်ပြီး နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုကို တိုးမြှင့်ရန် မိမိတို့အတူတကွ ဆက်လက်လက်တွဲ ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ အစိုးရသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ တက်ရောက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ မေလက အိန္ဒိယနိုင်ငံသို့ လာရောက် ခဲ့သည့် အဆွေတော်သမ္မတ၏ ခရီးစဉ်အတွက်လည်း အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အထူးအလေး ထားပါသည်။ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့ဖြင့် ထူးခြားစွာ ပုံဖော်ထားသော မိတ်ဖက်ဆက်ဆံရေး ဖြစ်ပါ သည်။ မိမိတို့နှစ်နိုင်ငံ၏ ခိုင်မြဲသော ဆက်ဆံရေးသည် နောင်လာမည့် နှစ်ကာလများတွင် ပိုမိုအားကောင်း ခိုင်မြဲလာလိမ့်မည်ဖြစ်ကြောင်း မိမိ အနေဖြင့် ယုံကြည်ပါသည်။

မိမိအနေဖြင့် အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေ ကြောင်းနှင့် စည်းလုံးညီညွတ်ပြီး ကြွယ်ဝချမ်းသာသော နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံ ဆက်လက်တိုးတက်စေရေးအတွက် ဆုတောင်းမေတ္တာပို့သ အပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂျပန်နိုင်ငံဧကရာဇ် နာရူဟီတိုထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ တွင် အဆွေတော်ထံသို့ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မဒမ်ဟာလီမာ ယာကော့စ်ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူနိုင်ငံ ပြည်သူများကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက် ပါကြောင်း နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ-စင်ကာပူ နှစ်နိုင်ငံခေါင်းဆောင်များအကြား အဆင့်မြင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းနှင့် ပြည်သူအချင်းချင်း အကြား ခိုင်မာသည့်ထိတွေ့ဆက်ဆံမှုရှိနေခြင်းတို့ဖြင့် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်သည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးများကို တည်ထောင်ထား ပါသည်။ အလားတူ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာ လည်း ထွန်းကားလျက်ရှိပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားကို ရှေးရှု၍ နှစ်နိုင်ငံအကြားနှင့် အာဆီယံဒေသတွင်းကိစ္စရပ် များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာစေရေးအတွက် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ရရှိပါစေရန်နှင့် မြန်မာ ပြည်သူများ ဆက်လက်၍ သာယာဝပြောမှုများရရှိစေရန် ဆုမွန်ကောင်းတောင်း အပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေး နေ့ အခါသမယတွင် မိမိအနေဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူ ပြည်သားများထံ ဩစတြေးလျနိုင်ငံအစိုးရ၊ ပြည်သူများနှင့်အတူ ဆုမွန်ကောင်း များ ပို့သအပ်ပါသည်။

ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အတွက် ခိုင်ခိုင်မာမာ ထောက်ခံ အားပေးခဲ့ပြီး ဆက်လက်၍လည်း ထောက်ခံအားပေးသွားမည်ဖြစ်ပါသည်။

လာမည့်နှစ်များတွင်လည်း မိမိတို့နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသော ချစ်ကြည်ရင်းနှီးမှုများ ဆက်လက်တိုးတက်ခိုင်မာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ ဖရန့်ဝေါတာ စတိုင်းမားထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ တွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ ဂုဏ်ယူဝမ်းမြောက် ပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတစ်နိုင်ငံ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်တို့ သည် မရှိမဖြစ် လိုအပ်ပါသည်။ ယခုနှစ်အတွင်း ကျင်းပပြုလုပ် မည့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့် သမိုင်းမှတ်တိုင် တစ်ခုဖြစ်ပါသည်။ မြန်မာပြည်သူပြည်သားများအားလုံးအတွက် ပြည်တွင်း ငြိမ်းချမ်းရေးကို မကြာမီကာလမှာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

အဆွေတော် ဦးဆောင်သည့် လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ချက်သမ္မတနိုင်ငံ သမ္မတ မီလော့စ် ဇီမန်းထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ တွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ ဂုဏ်ယူဝမ်းမြောက် ပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုသည် ကဏ္ဍပေါင်းစုံ၌ ဆက်လက်ဖွံ့ဖြိုးတိုးတက်နက်ရှိုင်းလာမည်ဟု မိမိအနေဖြင့် ခိုင်မာစွာ ယုံကြည်ကြောင်း အခါအခွင့်ကြုံခိုက် ဖော်ပြလိုပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ အနာဂတ်တွင် အောင်မြင် မှုများ ဆက်လက်ရရှိပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီးထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ တွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလျက် လာမည့်နှစ်တွင် အဆွေ တော်နှင့် မြန်မာပြည်သူပြည်သားအပေါင်း ပျော်ရွှင်ပါစေကြောင်း မိမိ အနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမီယာပူတင်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ တွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ် ပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီး သည့် ဆက်ဆံရေးကို မျှဝေခံစားခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား အပြုသဘော ဆောင်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ အာရှ-ပစိဖိတ်ဒေသ၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့သည် ပိုမိုခိုင်မာလာပြီး နှစ်နိုင်ငံပြည်သူများအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု မိမိ အနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားအပေါင်း ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် မဟာဗာဂျီယာလောင်ကွန်းထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်ကျန်းမာရွှင်လန်း၍ မြန်မာနိုင်ငံ နှင့် ပြည်သူပြည်သားများ သာယာချမ်းမြေ့ပါစေကြောင်းနှင့် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့ ပြည်သူများအကြားတည်ရှိသည့် ခိုင်မာမြဲမြံသည့် ချစ်ကြည်ရင်းနှီး မှုနှင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာ လာမည့်နှစ်များ အတွင်း ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဟု အလေးအနက် ယုံကြည် ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ် ရေးနေ့ အခါသမယတွင် ဂျပန်အစိုးရနှင့် ဂျပန်နိုင်ငံ ပြည်သူပြည်သားများ ကိုယ်စား မိမိအနေဖြင့် နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

မကြာသေးမီနှစ်များက ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ထိတွေ့ ကူးလူးဆက်ဆံမှုများ တိုးမြင့်လာသည်ကို တွေ့မြင်ရသည့်အတွက် မိမိ အနေဖြင့် အားရဝမ်းသာမိပါသည်။

ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်း အားထုတ်မှုများအပေါ် ဂျပန်နိုင်ငံအနေဖြင့် ဆက်လက်ကူညီထောက်ပံ့ သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက် ရေး မြှင့်တင်သွားမည်ဖြစ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်း ပို့သလျက် အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့် (၇၂)နှစ်ပတ်လည် အချိန်သမယတွင် ကျွန်တော်သည် အဆွေတော်အား လှိုက်လှဲစွာ ထောမနာဂုဏ်ပြုပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

လွန်ခဲ့သော နှစ်များအတွင်း၌ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးဖြစ်စဉ်တွန်းအားပေးခြင်း၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပေးခြင်းနှင့် ပြည်သူ့ဘဝအဆင့်အတန်း မြှင့်တင်ပေးခြင်း စသည့်နယ်ပယ်အသီးသီးတွင် အောင်မြင်မှုအသစ်များ အဆက်မပြတ် ရရှိခဲ့ပါသည်။

တရုတ်နိုင်ငံသည် ယခုနှစ် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၇၀)ပြည့်မြောက်သည့် အခွင့်အခါကောင်းယူပြီး နယ်ပယ်အသီးသီးရှိ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင်၊ နက်ရှိုင်းအောင်ဆောင်ရွက်ရန်၊ တရုတ်နှင့်မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေရန် မြန်မာနိုင်ငံနှင့်အတူ ကြိုးပမ်းဆောင်ရွက်လိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စည်ပင်သာယာ၍ မြန်မာပြည်သူပြည်သားအားလုံး ဘဝအေးချမ်းသာယာပါစေ၊ တရုတ်နှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေး အဆက်မပြတ် ခိုင်မာပါစေ၊ ဖွံ့ဖြိုးတိုးတက်သွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှာ နှစ်ကာလကြာမြင့်စွာ နွေးထွေးသော ဆက်ဆံရေးကို တည်ထောင်ထားပါသည်။ မိမိတို့ နှစ်နိုင်ငံအကြား ဘဏ္ဍာရေး၊ ဥပဒေရေးရာ၊ အခြေခံအဆောက်အဦ၊ ပညာရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများအပါအဝင် ကဏ္ဍအများအပြားတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် မြန်မာ-စင်ကာပူ ဝန်ကြီးအဆင့် ပူးတွဲလုပ်ငန်းကော်မတီအစည်းအဝေးတွင် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်သည် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ နှစ်နိုင်ငံ ပြည်သူများနှင့် လုပ်ငန်းရှင်များ၏ ဘုံအကျိုးစီးပွားအတွက် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာလာရန် မျှော်လင့်ထားပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်းဒရက် ဘာဘိစ်ရှ်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အဆွေတော် ပရာ့ဂ်မြို့သို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့စဉ်က ဆွေးနွေးခဲ့ကြသည့် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် ကဏ္ဍပေါင်းစုံတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိလိမ့်မည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

အဆွေတော် ကျန်းမာ၍ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မာတဲအုရှ် မိုရာဗစ်ချ်ထံမှ ပေးပို့သည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပိုလန်အစိုးရကိုယ်စား အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးအသွင်ကူးပြောင်းမှုများ အောင်မြင်သကဲ့သို့ မြန်မာပြည်သူပြည်သားများ တည်ငြိမ်အေးချမ်းပါစေကြောင်း မိမိတို့အနေဖြင့် ဆုမွန်ကောင်း တောင်းအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ဆက်ဆံရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ မြန်မာနှင့် ပိုလန်နိုင်ငံတို့အကြား အပြန်အလှန်အကျိုးဖြစ်ထွန်းနိုင်မည်ဟုလည်း မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါတယ်။ စီးပွားရေးကဏ္ဍ၏ နယ်ပယ်များဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဲ့သို့သော ကဏ္ဍများမှာ ပိုလန်နိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာတို့သည် မြန်မာပြည်သူပြည်သားများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်ရန် ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အဆွေတော် ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် အာနာ ဘာနာဘိ(ချ်)ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဆားဘီးယားအစိုးရကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေကြောင်းနှင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ဆားဘီးယားနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့သည် လာမည့်နှစ်များတွင် ပိုမိုတိုးမြင့်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား နိုင်ငံရေးဆွေးနွေးပွဲနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးတို့သည် နှစ်နိုင်ငံဆက်ဆံရေး၏ အရည်အသွေးမြင့်လာစေမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

ဆားဘီးယားသမ္မတနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့အတွက် မြန်မာနိုင်ငံ၏ ခိုင်ခိုင်မာမာ ထောက်ခံအားပေးမှုများကို ဆားဘီးယားနိုင်ငံအနေဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အနာဂတ်တွင်လည်း ဆက်လက်ထိန်းသိမ်းပေးသွားမည်လို့ မျှော်လင့်ပါသည်။

မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာစေရေးတို့အတွက် မကြာမီဖော်ဆောင်နိုင်မည့် အခြေအနေဖြစ်လာမည်ဟုလည်း မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များအား အဆွေတော်နှင့် အမြင်ချင်းဖလှယ်နိုင်မည့် အခွင့်အလမ်းရရှိနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါတယ်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဗီယက်နမ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ခင်မင်ရင်းနှီးစွာ ပြောကြားလိုပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း(၇၀)ကျော်ကာလအတွင်း မြန်မာပြည်သူပြည်သားများ ရရှိခဲ့သည့် အောင်မြင်ဖြစ်ထွန်းမှုများအတွက် မိမိတို့အနေဖြင့်လည်း ဝမ်းမြောက်ပါသည်။ အဆိုပါရရှိပြီးဖြစ်သည့် အောင်မြင်မှုအသီးအပွင့်များမှတစ်ဆင့် မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများတွင် ပိုမိုအောင်မြင်မှုများရရှိစေမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အရေးပါသည့်ကဏ္ဍမှ ပိုမိုတိုးမြှင့်ပါဝင်နိုင်လိမ့်မည်ဟု ခိုင်မာစွာယုံကြည်ပါသည်။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား အစဉ်အလာအရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ထူထောင်ထားရှိသည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးမှာလည်း ၂၀၁၉ ခုနှစ်အတွင်း ထူးခြားကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာခဲ့သည်ကို တွေ့မြင်နေရပါသည်။ မကြာသေးမီကာလအတွင်း မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်သွားရောက်ခဲ့ကြသည့် အဆင့်မြင့်ခရီးစဉ်များမှ ထွက်ပေါ်လာသော အကျိုးရလဒ်များမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွား၊ ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကို အနှစ်သာရပြည့်ဝစွာ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြည်သူများထံ နွေးထွေးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် (၄၅)နှစ်ပြည့်မြောက်မည်ဖြစ်ရာ ယခုအချိန်အထိ မိမိတို့နှစ်နိုင်ငံအကြား ပြုစုပျိုးထောင်ရရှိထားသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အသီးအပွင့်များ ပိုမိုခံစားရရှိမည်ဟု မျှော်လင့်ပါသည်။ ၂၀၁၉ ခုနှစ်၊ အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးတို့တွင် ဆွေးနွေးရရှိခဲ့သည့် သဘောတူညီချက်များအား အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။ အဆွေတော်နှင့် အနာဂတ်တွင်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်း၊ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာယာဝပြောမှုများ အဓွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဒီမီထရီ မက်ဒ်ဗီဒက်ဗ်ထံမှ ပေးပို့သည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးမှုအပေါ် အခြေခံသည့် မြန်မာ-ရုရှား ဆက်ဆံရေးသည် စဉ်ဆက်မပြတ် ဆက်လက်တိုးတက်လျက်ရှိပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုများအပြင် ပူးပေါင်းအကောင်အထည်ဖော်ရန် အခွင့်အလမ်းရှိသော အကျိုးတူစီမံကိန်းများ စွမ်းအင်၊ စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားခြင်းဖြင့် မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုအားဖြည့်ဖော်ဆောင်ပေးသွားမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်း၊ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားအပေါင်း ကျန်းမာ၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် စာပေဥယျာဉ်(Book club)အသင်းတို့ ပူးပေါင်း၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)ရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာဦးသန်းစိုး(မြတ်လွမ်းနောင်-ပုတီးကုန်း)၊ စာရေးဆရာဦးရဲတင့်(မော်ကျွန်း-ရဲခိုင်)နှင့် စာရေးဆရာ ဦးသက်တင်(မောင်သာတင့်)တို့က မိမိတို့ရေးသားခဲ့ကြသော ဘဝအတွေ့အကြုံစာပေရေးရာများကို ဟောပြောခဲ့ကြပြီး တက်ရောက်လာသော စာရေးဆရာသက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)၊ ရန်နောင်(ပညာရေး)၊ ဒေါ်ခင်ခင်လှ(ခင်ခင်လှ-အင်းစိန်)၊ ဒေါ်ခင်နွဲ့မူ(ခင်နွဲ့မူ-အင်းစိန်)၊ ဦးဝင်းနွယ်(ဝင်းနွယ်-ပုသိမ်)၊ ဦးဝင်းမြင့်(မောင်မောင်ဝင်းမြင့်-မှူခင်း)နှင့် ဦးစိုးနိုင်(လှမိုးနိုင်)တို့က ဆွေးနွေးမေးမြန်းကြကြောင်း သိရသည်။

**ဉာဏ်လင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင် - ၁၀၀၀)မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် – ၁၀၀၀)၌ ဆေးရုံအုပ်ကြီး၊ ဒုတိယဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်များ၊ သူနာပြုအုပ်ကြီး၊ သူနာပြုဆရာမကြီး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင် – ၁၀၀၀)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် လုပ်ငန်းအစီအစဉ်သစ်များကို အစပျိုး စတင်ဆောင်ရွက်ခြင်းနှင့် ယခင်ရှိပြီးသား လုပ်ငန်းများကို အစမှထပ်ကျော့ဆောင်ရွက်ခြင်းတို့ကို အဓိကထား ပြုလုပ်မည်မဟုတ်ဘဲ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အစီအစဉ်များကိုသာ လိုအပ်သလို အနည်းငယ်ပြုပြင်မွမ်းမံပြီး ပိုမိုအကျိုးရှိထိရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဆေးရုံများသို့ကွင်းဆင်း၍ လက်တွေ့လုပ်ငန်းခွင်လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်သွားမည့်နည်းတူ ဆေးရုံရှိ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကုသမှုအထောက်အကူပြုပညာရှင်များ၊ ဝန်ထမ်းများသည် အချင်းချင်း အလွတ်သဘော ပုံမှန်တွေ့ဆုံကာ ဆေးရုံလုပ်ငန်းများနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် – ၁၀၀၀)၏ ဆေးရုံနှင့် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းရေးများကို အလေးပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးကို နေပြည်တော်အနီးတစ်ဝိုက် အပါအဝင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက အားကိုးအားထားပြု၍ ကုသမှုခံယူလျက်ရှိခြင်းကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးများနည်းတူ အဓိက ဆေးရုံကြီးဖြစ်လာရန် ဝန်ကြီးဌာနမှ အလေးပေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ဆေးရုံအထောက်အကူပြုအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်ကာ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံတွင် သံလိုက်လွန်လိုင်းဖြင့် ပုံရိပ်ဖော်ရောဂါရှာဖွေစက် အသစ်တစ်လုံး အမြန်ဆုံးတပ်ဆင်ရန်လိုအပ်မှု၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ နှလုံးပိုက်သွင်းစမ်းသပ်ကုသစက်ဖြင့် ကုသပေးနေမှု၊ နိုင်ငံတကာဆေးရုံများ၊ တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှု၊ အထူးကြပ်မတ်ကုသဆောင်အတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ၊ ဝန်ထမ်းရေးရာများနှင့် အခြားလိုအပ်သည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) တို့မှ ၂၀၁၂ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ် တက်ရောက်ခွင့်ရရှိသူများအနက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အလုပ်သင်ဆရာဝန် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ဆိုင်ရာနေရာဒေသများတွင် တာဝန်ချထားမည့်သူ ၂၂ ဦးကို နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုအလုပ်သင်ဆရာဝန် တာဝန်ထမ်းဆောင်ပြီးသူများအနေဖြင့် မိမိတို့၏ နေရာဒေသများတွင် သွားရောက်၍ ဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် စေတနာထား၍ လူနာများကို မိမိတို့၏ မိဘ၊ ဆွေမျိုးများသဖွယ် သဘောထားကာ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဆေးပညာကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမျိုးသားအဆင့်မိုင်းကင်းစင်ရေးလှုပ်ရှားမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၃

**အမျိုးသားအဆင့် မိုင်းကင်းစင်ရေးလှုပ်ရှားမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိုင်းကင်းစင်ရေးလုပ်ငန်းသည် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူကြောင့်ဖြစ်သော ဘေး၊ သဘာဝကြောင့်ဖြစ်သောဘေးများတွင် ဘေးဒုက္ခခံစားကြရသူများအား ပံ့ပိုးကူညီမှုများကို ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးဒုက္ခများတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် မိမိတို့၏ အိုးအိမ်၊ စည်းစိမ်များကို စွန့်ခွာကြရခြင်းသည် ကြီးမားသောဒုက္ခဖြစ်ကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် အတည်ပြုပြီးဖြစ်ကြောင်း၊ သို့ရာတွင် ရေရှည်ပဋိပက္ခများကင်းဝေးပြီး ငြိမ်းချမ်းရေးရှိမှသာ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒုတိယဝန်ကြီးများ အမျိုးသားအဆင့် မိုင်းကင်းစင်ရေးလှုပ်ရှားမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

လက်ရှိအခြေအနေတွင် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သည့် မိုင်းကင်းစင်ရေးလှုပ်ရှားမှုကို အမျိုးသားအဆင့်အဖွဲ့ ဖွဲ့စည်းပြီး ကြိုတင်ဆောင်ရွက်ထားရန် အရေးကြီးကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံ မိုင်းလုပ်ငန်း အာဏာပိုင်အဖွဲ့ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို Norwegian People’s Aid အဖွဲ့၏ အကူအညီဖြင့် စတင်ရေးဆွဲခဲ့ပြီး မူကြမ်းများရရှိ၍ မိုင်းလုပ်ငန်းဆောင်ရွက်ရေးနှင့် မဟာဗျူဟာရေးဆွဲရေးတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မဲခေါင်ဒေသနိုင်ငံများတွင် Mine Action Authority ဖွဲ့စည်းပြီး Mine Action Centre များတည်ထောင်၍ Humanitarian Demining နှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ASEAN Regional Mine Action Centre နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် Geneva International Centre for Humanitarian Demining အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်းနှင့် ဦးစိုးအောင်၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားအဆင့် မိုင်းကင်းစင်ရေးလှုပ်ရှားမှုနှင့် ပတ်သက်သည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး အမျိုးသားအဆင့် မိုင်းရှင်းလင်းရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် အဆင့်ဆင့် ဆက်လက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး စတင်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းအငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် အိန္ဒိယနိုင်ငံ Chennai မြို့ရှိ မြန်မာကောင်စစ်ဝန် Prof. Ranganathan J နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ–၂ ၌ တွေ့ဆုံသည်။



ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် အိန္ဒိယနိုင်ငံ Chennai မြို့ရှိ မြန်မာကောင်စစ်ဝန် Prof. Ranganathan J တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် မြန်မာ – အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲမျိုးစုံအား စဉ်ဆက်မပြတ် တင်ပို့သွားနိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရေးတို့အတွက် ကုန်စည်ပြပွဲများ ပူးတွဲကျင်းပခြင်းနှင့် အပြန်အလှန်ဖိတ်ကြားခြင်းတို့ကို ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍများ တိုးချဲ့သွားနိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး

## ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို ပြည်တွင်းမှာသာမက ကမ္ဘာကသိရှိနိုင်စေရေး ထိထိရောက်ရောက်သတင်းဖြန့်ဝေနိုင်ရေးနည်းလမ်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ကော်မတီဝင်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြည်သူသို့ အစီရင်ခံတင်ပြ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး ကော်မတီအနေဖြင့် အကြံပြုချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူလျက် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေအောင်မြင် ထိရောက်စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်ခဲ့ရာ ယခု(၂၁)ကြိမ်မြောက် အစည်းအဝေးအထိ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ ပြည်သူသို့ အစီရင်ခံတင်ပြလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများ၏ အရင်းခံသည့် ဖွံ့ဖြိုးမှုနိမ့်ကျခြင်းနှင့် လူ့အဖွဲ့အစည်းများအကြား ကာလရှည်ကြာ စွဲမြဲနေသည့် နာကျည်းမှုများ၊ သံသယစိတ်များ အမြင်လွဲမှားမှုများ ဖြစ်ကြောင်း။

### ပိုမိုအားစိုက်ဆောင်ရွက်ရန် တိုက်တွန်း

အဆိုပါပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများနှင့် ကော်မတီအသီးသီးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့်အတွက် တိုးတက်မှုများရရှိခဲ့ပါကြောင်း၊ ပြီးခဲ့သည့် အကြိမ် (၂၀) မြောက် အစည်းဝေးတွင် အကြံပြုချက်များထဲက ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများကို ဖော်ထုတ်ပြီး လုပ်ငန်းစီမံချက်များ ရေးဆွဲခဲ့ကြပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆိုပါလုပ်ငန်း၏ ကောင်းကျိုးကို ပြည်သူများက ရရှိခံစားနေကြရကြောင်း ထုတ်ဖော်ပြောဆိုခြင်း မရှိပါက အောင်မြင်သည်ဟု မဆိုနိုင်ကြောင်း၊ ထို့ကြောင့် ကော်မတီဝင် ဝန်ကြီးဌာနများအနေဖြင့် အကြံပြုချက်ကဏ္ဍအလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရာတွင် မြေပြင်တွင် အမှန်တကယ် ပြောင်းလဲတိုးတက်လာရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိစွာဖြင့် ဆောင်ရွက်ပေးကြရန်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း လက်တွေ့ဆောင်ရွက်နေကြသော ဝန်ထမ်းများနှင့် ပူးပေါင်း၍ ပိုမိုအားစိုက် ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း။

အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်တိုးတက်မှုနှင့် အခက်အခဲ စိန်ခေါ်မှုများစသည့် မြေပြင်အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ သိရှိဖြေရှင်းဆောင်ရွက်နိုင်စေရေးအတွက် ဌာနအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်ခြုံငုံသုံးသပ်ခြင်းအဖွဲ့များ ဖွဲ့စည်းလျက် ဆောင်ရွက်သွားကြရန်နှင့် ကော်မတီသို့ ဆောင်ရွက်မှုအခြေအနေများကို စဉ်ဆက်မပြတ်ပေးပို့ကြရန် လိုအပ်ပါကြောင်း၊ ပဋိပက္ခများကြောင့် လုပ်ငန်းများဆောင်ရွက်မှုများ နှောင့်နှေးခဲ့ရသော်လည်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ လူမှုအသိုင်းအဝိုင်းအကြား ညီညွတ်မှုရှိသည့်နေရာများတွင် Friendly Bazar များ တည်ထောင်ပေးခြင်းကဲ့သို့သော လူမှုအသိုင်းအဝိုင်းအကြား ပိုမိုသဟဇာတဖြစ်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

### လူမှုသဟဇာတဖြစ်ရေး

ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်ရသူများကိုလည်း လူဦးရေစာရင်းအလိုက် ထောက်ပံ့ဆောင်ရွက်ပေးနေပါကြောင်း၊ ဆောင်ရွက်ဆဲ အရှိန်အဟုန်ရစပြုနေပြီဖြစ်သည့် မွေးစာရင်းထုတ်ပေးသည့် လုပ်ငန်းနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးနေမှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးကြရန် လိုပါကြောင်းနှင့် ဆောင်ရွက်ပေးနိုင်မှုများကို မှတ်တမ်းများ ပြုစုထားရှိရန်ဖြစ်ကြောင်း၊ လူမှုသဟဇာတဖြစ်ရေးအတွက် စီမံချက်ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်နှင့် ပြည်သူလက်တွဲပူးပေါင်းဆောင်ရွက် သွားကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများကို ပါဝင်ဆောင်ရွက်လာရေး စည်းရုံးဆောင်ရွက်ကြရန် လိုပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်တွင်းမှာသာမက ကမ္ဘာက သိရှိနိုင်စေရေး သတင်းများကို တိုတိုနှင့် ထိထိမိမိ ဖြန့်ဝေဆောင်ရွက်နိုင်စေရေးအတွက် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် သတင်းဖြန့်ဝေနိုင်ရေး နည်းလမ်းများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ကော်မတီ၏ ဆောင်ရွက်မှုတိုးတက်မှုများကို ဆွေးနွေးရာတွင် နိုင်ငံသားစိစစ်ရေးနှင့် မွေးစာရင်းထုတ်ပေးရေးအတွက် ရွေ့လျားအဖွဲ့ (Mobile Team)ဖြင့် စေလွှတ်ဆောင်ရွက် အောင်မြင်မှုများ၊ ပညာရေးကဏ္ဍတွင် ပညာသင်ဆုများ ပေးအပ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် Medium Term Projects များနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ (TWG)တွင် ဆွေးနွေးဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် တက်ရောက်လာကြသော ကော်မတီဝင်များက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌက ညှိနှိုင်းဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး Mr. Bhim K. Udas အား ယနေ့ ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် သတင်းမီဒီယာကဏ္ဍဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင်(၄)လမ်း၊ အမှတ် (၂၆၂၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မဟာမိတ်မြန်မာနိုင်ငံအလုပ်သမားလယ်သမားပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)]** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၁၂-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မဟာမိတ်မြန်မာနိုင်ငံ အလုပ်သမားလယ်သမားပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)] ၏ အလံပုံစံ**



**မဟာမိတ်မြန်မာနိုင်ငံ အလုပ်သမားလယ်သမားပါတီ [Alliance of Myanmar's Worker and Farmer Party (A.M.W.F.P)] ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

တွေ့ဆုံပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (အလုပ်သမားရေးရာဆိုင်ရာ) အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံသို့ အလုပ်သမားစေလွှတ်ရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

### မျှမျှတတဖြစ်စေရန် ညှိနှိုင်း

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက စင်ကာပူနိုင်ငံသို့ မြန်မာအိမ်တွင်းအထောက်အကူပြု အလုပ်သမားများ တရားဝင်စေလွှတ်နိုင်ရန် သင့်လျော်သည့် အဖွဲ့အစည်းနှင့် MoU လက်မှတ်ရေးထိုးနိုင်ရေးအတွက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်နှင့် လက်ရှိဆွေးနွေးဆောင်ရွက်နေမှု အခြေအနေများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ဝန်ကြီးဌာနဘက်မှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များ အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့်အခြေအနေများအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြဆောင်ရွက်ကြရန်လိုကြောင်း၊ ဂျပန်နိုင်ငံမှ ကျွမ်းကျင်မြန်မာအလုပ်သမားများအား ခေါ်ယူမှုနှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူ MoU လက်မှတ်ရေးထိုးထားသည့် လုပ်ငန်းနယ်ပယ် ၁၄ မျိုးအနက် လက်ရှိလုပ်ငန်းနှစ်မျိုးကို လာရောက်စစ်ဆေးခေါ်ယူမှုများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံရှိ အဖွဲ့အစည်းအသီးသီးမှ မြန်မာအလုပ်သမားများခေါ်ယူရန် လာရောက်တွေ့ဆုံမှုများရှိရာ ၎င်းတို့ဘက်မှ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု အလုပ်သမားခေါ်ယူမည့်အစီအစဉ် မတူညီမှုများအပေါ် ဝန်ကြီးဌာနအနေဖြင့် အဖွဲ့အစည်းအားလုံး ဥပဒေနှင့်အညီ တန်းတူမျှမျှတတဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ အဖွဲ့ချုပ်နှင့် အေဂျင်စီများကလည်း နားလည်၍ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### ထိန်းသိမ်းကြပ်မတ်

လက်ရှိတွင် ဂျပန်နိုင်ငံသို့ ကျွမ်းကျင်လုပ်သားအဖြစ် စေလွှတ်ခဲ့သော်လည်း မူလသဘောတူထားသည့် လုပ်ငန်း၌ လုပ်ကိုင်ရခြင်းမရှိသည့်အတွက် လုပ်သားများ၏ တိုင်ကြားလာမှုများရှိရာ အလုပ်သမားများပို့ဆောင်ရာတွင် အေဂျင်စီများအနေဖြင့် ဌာနမှချမှတ်ထားသည့် မူဝါဒ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် အဖွဲ့ချုပ်မှလည်း အေဂျင်စီများအား လိုအပ်သလို ထိန်းသိမ်းကြပ်မတ်၍ လုပ်သားများအကျိုး၊ အေဂျင်စီများအကျိုး၊ နိုင်ငံတော်၏အကျိုးတို့ကို မျှမျှတတ စဉ်းစား လုပ်ဆောင်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုပ်သားများ၊ အေဂျင်စီများနှင့် ဝန်ကြီးဌာနတို့ နီးနီးကပ်ကပ်ပူးပေါင်းလုပ်ဆောင်မှ အောင်မြင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း မူဝါဒများ တိတိကျကျချမှတ်ကာ လုပ်ငန်းစဉ်များ ချောမွေ့လျင်မြန်လွယ်ကူစေရန် ဖြေလျှော့မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

### ဝိုင်းဝန်းဆောင်ရွက်

ဂျပန်နိုင်ငံသို့ လုပ်သားပို့ဆောင်ခဲ့သည့် မြန်မာနိုင်ငံမှ အေဂျင်စီအချို့အား အရေးယူဆောင်ရွက်နေရသည့် ဖြစ်စဉ်များရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အေဂျင်စီအဖွဲ့ချုပ်၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဝန်ကြီးဌာနသို့ အချိန်မရွေးလာရောက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြနိုင်ကြောင်း၊ အလုပ်သမားအကျိုး၊ အေဂျင်စီ၏ အကျိုး၊ နိုင်ငံ၏အကျိုးဖြစ်ထွန်းစေရေးအားလုံး ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်း ဆွေးနွေး

ထို့နောက် တက်ရောက်လာသည့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ စင်ကာပူနိုင်ငံသို့ အိမ်တွင်းအထောက်အကူပြု မြန်မာအလုပ်သမား များတရားဝင်စေလွှတ်နိုင်ရန် MoU လက်မှတ်ရေးထိုးနိုင်ရေး၊ ဂျပန်နိုင်ငံသို့ ကျွမ်းကျင်မြန်မာအလုပ်သမားများ စေလွှတ်နိုင်ရေးတို့နှင့်ပတ်သက်၍ လိုအပ်ချက်များ၊ အကြံပြုချက်များကို တင်ပြဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံပညာကျောင်းသားအားကစားပွဲတော် ပိတ်ပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ပိတ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ အုပ်ချုပ်သူ နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ကျန်းမာဖို့ အဓိကဖြစ်

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ အားကစားလုပ်ခြင်းဖြင့် ကျန်းမာရေး ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများတွင် အနိုင်အရှုံးထက် ကျန်းမာဖို့သာလျှင် အဓိကဖြစ်ပြီး ကျောင်းသား ကျောင်းသူများ ကျန်းမာမှသာလျှင် ဆေးရုံ ဆေးခန်းများသို့သွားရန် မလိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မောင်တို့ မယ်တို့အနေဖြင့် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်လုပ်ဆောင်ရန် အရေးကြီးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ တည်းခိုနိုင်ရန် အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိပါက အုပ်ချုပ်သူများအနေဖြင့် ပွင့်လင်းစွာ အကြံပြုပေးကြစေလိုပြီး လာမည့်နှစ်ပြိုင်ပွဲများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### အခွင့်အရေးနှင့် တာဝန်

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မွေးကင်းစမှ သက်ကြီးရွယ်အိုအထိ လူတိုင်းအတွက် တစ်ဦးချင်းစီ၏ ရပ်တည်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေး လေးမျိုးဖြစ်သည့် အသက်ရှင်သန်ခွင့်၊ စောင့်ရှောက်ခံပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်မှုရှိရန်နှင့် ပါဝင်နိုင်ခွင့်ရှိရန်တို့ဖြစ်ပါကြောင်း၊ ယင်းလေးမျိုးကိုသိရှိပါက မိမိတို့ကဲ့သို့ အခြားသူများသည်လည်း အစောင့်ရှောက်ခံခွင့်ရှိရမည်ဖြစ်ကာ အပြန်အလှန် စောင့်ရှောက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိ၏အခွင့်အရေးရပြီးသူများအတွက် ဆောင်ရွက်ပေးခြင်းဖြင့် အခွင့်အရေးနှင့် တာဝန်ကို ယှဉ်တွဲသည့်အခါ ဒီမိုကရေစီကျင့်စဉ်ဟုခေါ်ပြီး ယင်းနှစ်ခုမျှတမှသာ ဒီမိုကရေစီထွန်းကားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### မှတ်တမ်းလွှာပေးအပ်

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာကျောင်းသား အားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ပံ့ပိုးကူညီသည့် မြန်မာအိုအေစစ်ကုမ္ပဏီလီမိတက် Royal D မှ ဒါရိုက်တာ ဦးဝေလင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုကဲ့သို့ အားကစားပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ဦးစီးဆောင်ရွက်သည့် အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားအဖွဲ့ ချုပ်များ၊ အလှူရှင်များအားလုံးကို ပညာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ Gold Camp တွင် တည်းခိုနိုင်ရန် နိုင်ငံတော်အဆင့်၊ နိုင်ငံတကာအဆင့် အားကစားသမားများ၊ ထူးချွန်သည့် အားကစားသမားများသာလျှင် တည်းခို၍ရသည့်နေရာဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် လာရောက်တည်းခိုနေထိုင်ပြီး နိုင်ငံတကာအဆင့်ဖြစ်သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဆက်စပ်အားကစားကွင်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အခွင့်အလမ်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကူညီပံ့ပိုးပေးမှုကြောင့်ဖြစ်သည့်အတွက် မှတ်တမ်းတင်ကျေးဇူးတင်ရှိပါကြောင်း။

### တရားမျှတစွာယှဉ်ပြိုင်

ပြိုင်ပွဲလေးမျိုး ကျင်းပနိုင်ရန် ကူညီပေးခဲ့ကြသည့် သက်ဆိုင်ရာအဖွဲ့ချုပ်များမှ ဒိုင်လူကြီးများနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆုရရှိမှုအခြေအနေများကိုကြည့်လျှင်လည်း တစ်နှစ်ပတ်လုံး စနစ်တကျလေ့ကျင့် ယှဉ်ပြိုင်သော အသင်းများ အောင်မြင်မှုရရှိကြသည်ကို တွေ့ရှိရပါကြောင်း၊ ပြိုင်ပွဲများကို ယှဉ်ပြိုင်ရာတွင် အားကစားသမားကောင်းစိတ်ဓာတ်၊ အသက်မှန်ကန်စွာ တရားမျှတစွာ ယှဉ်ပြိုင်ခြင်းကို အားပေးလျက်ရှိပါကြောင်း၊ ယခုနှစ်တွင် အားကစားနည်းလေးမျိုးကိုသာ ကျင်းပနိုင်ခဲ့ပြီး လာမည့်နှစ်တွင် ရေကူး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်အားကစားနည်းများကို ထည့်သွင်းပြီး အားကစားနည်း ခုနစ်မျိုးဖြင့် ယှဉ်ပြိုင်နိုင်စေရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ ၂ ရက်အထိ အားကစားနည်းလေးမျိုး (ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း)ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၃၅)နှစ်အထက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

**၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက် (၃၅)နှစ်အထက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။**

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ယှဉ်ပြိုင်ကစားသော တတိယလုပွဲ ပွဲစဉ်အဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းမှ ငါးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ တွင် တစ်ဖက်နှစ်ဂိုးစီသရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားရာ ထပ်မံသရေကျသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်**

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးဂိုးသမားဆု ရရှိသော ဟိန်းဇေယျာကျော် (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်း)၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆုရရှိသော အေးမင်းစိုး (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်း)နှင့် အကောင်းဆုံး အလယ်တန်း အားကစားသမားဆုရရှိသော လွင်ဦး (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်း)တို့အား ကာကွယ်ရေးဝန်ကြီးဌာန တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က လည်းကောင်း၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရရှိသော အောင်ကိုမင်း (ကာကွယ်ရေးဝန်ကြီးဌာနအသင်း)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသော ကျော်သူရ (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်း)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ စတုတ္ထဆုရရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က လည်းကောင်း၊ တတိယဆုရရှိသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လည်းကောင်း၊ ဒုတိယဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က လည်းကောင်း၊ ပထမဆုရရှိသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအသင်းအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောက်မျက်အတွဲ (၂၈၆)တွဲနှင့် ကျောက်စိမ်းအတွဲ (၃၆၉၅)တွဲတို့ကို အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချမည်

**နေပြည်တော် ဇန်နဝါရီ ၃**

နေပြည်တော်၌ ကျင်းပလျက်ရှိသည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲတွင် ကျောက်မျက်အတွဲ (၂၈၆) တွဲနှင့် ကျောက်စိမ်းအတွဲ (၃၆၉၅) တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ပြပွဲဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမဝင်းအတွင်း ဆက်လက်ကျင်းပလျက်ရှိရာ သတ်မှတ်ဇုန်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို ရတနာကုန်သည်များက လွတ်လပ်စွာ လေ့လာကြည့်ရှုကြပြီး တင်ဒါပုံးများအတွင်း တင်ဒါများ ထည့်သွင်းလျက်ရှိသည်။


ကျောက်မျက်အတွဲ (၂၈၆)တွဲကို ဇန်နဝါရီ ၄ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၁၂၅၀) အထိကို ဇန်နဝါရီ ၅ ရက်တွင် လည်းကောင်း၊ အတွဲအမှတ်(၁၂၅၁)မှ (၂၅၀၀) အထိကို ဇန်နဝါရီ ၆ ရက်တွင် လည်းကောင်း၊ အတွဲ အမှတ် (၂၅၀၁) မှ ( ၃၆၉၅) အထိကို ဇန်နဝါရီ ၇ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## "စာဖတ်ပြပါ၊ အာဆီယံ-ကိုရီးယား စာအတူဖတ်စို့လား" အစီအစဉ် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃**

"စာဖတ်ပြပါ၊ အာဆီယံ-ကိုရီးယား စာအတူဖတ်စို့လား" အစီအစဉ်ကို မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း အမျိုးသားစာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ ကိုယ်ထူကိုယ်ထစာကြည့်တိုက်များတွင် ဇန်နဝါရီ ၁၅ ရက်မှစ၍ ဧပြီလအထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**




❄ *ကျော်ဖုံးမှ*

ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် ဦးတင်မောင်ထွန်းက "ရာသီကြိုပြင်ဆင်မှုတွေ အများကြီးပြုလုပ်ထားသလို ဒီရာသီမှာ အောင်မြင်မှုရဖို့ မျှော်မှန်းထားပါတယ်။ ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုရဖို့ ရည်ရွယ်ထားပြီး ချာရတီဖလားကိုလည်း အရယူချင်ပါတယ်။ ကစားသမားသစ် ၁၁ ဦး ခေါ်ထားပေမယ့် ကစားသမားအဟောင်းနဲ့ အသစ်ကို မျှပြီးသုံးမှာပါ။ အိမ်ကွင်းမှာ ကစားရတာဖြစ်တာကြောင့် အားသာချက်ရှိပါတယ်။ ဖိအားတော့မရှိပါဘူး။ အကောင်းဆုံး ကြိုးစားပြီး အနိုင်ကစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

၂၀၂၀ ရာသီ ချာရတီဖလားပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၉ ရာသီ အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရှုံးထွက်ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘောလုံးပွဲမစမီ မွန်းလွဲ ၂ နာရီမှ စတင်ကာ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်မည်ဖြစ်ပြီး R ဇာနည်၊ ဖြိုးကြီး၊ လွှမ်းပိုင်၊ ဟဲလေး၊ မိုးမိုး၊ ယုန်လေး စသည့်အနုပညာရှင်များက သီဆိုဖျော်ဖြေမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## မလှိုင်မြို့တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပ

**မလှိုင် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။



ကလေးငယ်များ မုန့်စားပြိုင်ပွဲ ဆင်နွှဲနေစဉ်။

မလှိုင်မြို့၌ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၁၈ မျိုး ထည့်သွင်းကစားပြီး ထိုအားကစားနည်းများအနက် ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲတို့ကို ဇန်နဝါရီ ၁ ရက်တွင် စတင်ကစားခဲ့ပြီး ဇန်နဝါရီ ၃ ရက်တွင် ပြေးခုန်ပစ် အားကစားများဖြစ်သော မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ ၊ အမြင့်ခုန်ပြိုင်ပွဲ၊ သံလုံးပစ်၊ သံပုံးရိုက်၊ ဂုန်နီအိတ်စွပ် အပြေးပြိုင်ပွဲ၊ အာလူးကောက်၊ မုန့်စားပြိုင်ပွဲများအပြင် မြန်မာ့ရိုးရာ ဝိုင်းခြင်းအလှခတ်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများဖြင့် မလှိုင်မြို့မဘောလုံးအားကစားကွင်း၊ မြို့မရုပ်ရှင်ရုံနှင့် မြို့မစည်ပင်သာယာပန်းခြံတို့၌ စည်ကားစွာ ကျင်းပလျက်ရှိသည်။

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ပထမဆု ၊ ဒုတိယဆုနှင့် တတိယဆု ရရှိသောသူနှင့် ရရှိသော အသင်းများအား မလှိုင်မြို့နယ် မြို့မစည်ပင်သာယာ ပန်းခြံ၌ ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**ဘိုဘို(မလှိုင်)**

## လီဗာပူးတို့ ရှက်ဖီးလ်ယူနိုက်တက်ကို အနိုင်ယူ

ပရီမီယာလိဂ် ပွဲစဉ် (၂၁) ၏ နောက်ဆုံးပွဲစဉ်ဖြစ်သော လီဗာပူးနှင့် ရှက်ဖီးလ်ယူနိုက်တက်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် လီဗာပူးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် လီဗာပူးအသင်းသည် ပုံမှန်တိုက်စစ်ကစားကွက် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ရှက်ဖီးလ်ယူနိုက်တက်သည် ၃-၅-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ ပွဲစပြီး လေးမိနစ်တွင် ရော်ဘတ်ဆင်၏ ဖန်တီးမှုမှ တစ်ဆင့် တိုက်စစ်မှူး ဆာလက်က လီဗာပူးအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို ဦးဆောင်ခဲ့ကာ ဒုတိယပိုင်း ၆၄ မိနစ်တွင် မာနေးက လီဗာပူးအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။

ယနေ့ပွဲတွင် ရှက်ဖီးလ်ယူနိုက်တက်သည် လီဗာပူး၏ ကစားကွက်ကို မထိန်းချုပ်နိုင်ခဲ့ဘဲ တန်ပြန်တိုက်စစ်ဖြင့်သာ အနည်းငယ် ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် လီဗာပူးသည် ဘောလုံးပိုင်ဆိုင် မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၉ ကြိမ်ထိရရှိကာ ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည် ရှက်ဖီးလ်ယူနိုက်တက်သည် သုံးကြိမ်သာ ဂိုးကန်သွင်းခွင့် ရရှိခဲ့ပြီး နှစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ယင်းပွဲတွင် လီဗာပူးတိုက်စစ်မှူး မာနေးသည် အကောင်းဆုံး ခြေစွမ်းပြသည့် ကစားသမားဖြစ်ခဲ့သည်။ လီဗာပူးသည် ပွဲစဉ်(၂၁) ယှဉ်ပြိုင်အပြီး တစ်ပွဲလျော့ဖြင့် ရှုံးပွဲမရှိဘဲ ရမှတ် ၅၈ မှတ်ရရှိထားကာ အဆင့် ၂ မှ လက်စတာကို ၁၃မှတ်ဖြတ်ထားပြီး ချန်ပီယံလမ်းကြောင်းပေါ်တွင် အကောင်းဆုံးခြေစွမ်းဖြင့် ဆက်လက်ရပ်တည်နေသည်။ ယခုနှစ် ရာသီတွင် ချန်ပီယံရှစ်မှ တန်းတက်အသင်းများတွင် ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် ခြေစွမ်းမှန်နေပြီး ရမှတ် ၂၉ မှတ်ရရှိထားကာ အဆင့် ၈ တွင် ရပ်နေသည်။

ပရီမီယာလိဂ် ပွဲစဉ်(၂၂)တွင် ရှက်ဖီးလ်ယူနိုက်တက်သည် အိမ်ကွင်းတွင် ဝက်စ်ဟမ်းအသင်းကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်ပြီး လီဗာပူးအသင်းသည် အဝေးကွင်း၌ စပါးအသင်းနှင့် တွေ့ဆုံရမည်ဖြစ်သည်။

**သီဟ**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၂ ဒသမ ၁၂၈ သန်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၃၄ ဒသမ ၈၈၅ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၃။ ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | - | ၁ | ၀.၄၀၀ |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၁၀.၉၇၅ | ၂၃ | ၇၄.၄၄၄ |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၂ | ၅၀၃.၅၄၀ |
| (ဃ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၂၇၄.၆၈၀ | ၁ | ၁၄၂.၄၁၈ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၂ | ၆.၅၈၃ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၆.၄၇၃ | ၁ | ၇.၅၀၀ |
| | စုစုပေါင်း | ၉ | ၂၉၂.၁၂၈ | ၃၀ | ၇၃၄.၈၈၅ |

၄။ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၁၆၃၄၈၁ ဒသမ ၈၄၀ သန်းနှင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၄၆၁၉၀၁ ဒသမ ၅၈၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၅။ ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | - | - | ၆၈၄၃.၅၀၀ * |
| (ခ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၈၁၁၉၇.၀၀၀ | ၂ | ၂၄၈၉၃၄.၃၆၀ |
| (ဂ) | စက်မှုကဏ္ဍ | ၈ | ၄၃၉၃၄.၈၄၀ | ၄ | ၁၀၃၀၀၅.၈၈၄ * |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | - | ၃ | ၁၆၆၈၁.၈၃၃* |
| (င) | ဆောက်လုပ်ရေးကဏ္ဍ | - | - | - | ၄၅၆၁၄.၁၈၇* |
| (စ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | - | - | ၁၄၄၉၈.၀၀၀* |
| (ဆ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၃၃၀၀.၀၀၀ |
| (ဇ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | - | ၇၄၅၇.၇၈၅ * |
| (ဈ) | လယ်ယာကဏ္ဍ | ၁ | ၃၅၀၀၀.၀၀၀ | - | - |
| (ည) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၁၃၅၀.၀၀၀ | ၂ | ၁၅၅၆၆.၀၃၁ |
| | စုစုပေါင်း | ၁၂ | ၁၆၃၄၈၁.၈၄၀ | ၁၂ | ၄၆၁၉၀၁.၅၈၀ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

၆။ ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာလ | နိုဝင်ဘာလ |
| (က) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၆၂ |
| (ခ) | စက်မှုကဏ္ဍ | ၃၆၁၈ | ၂၁၆၆၉ * |
| (ဂ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃၂၆၄၀ | - |
| (ဃ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၃၉၀ |
| (င) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၁၇၆ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၉ | ၆၂ |
| | စုစုပေါင်း | ၃၆၂၉၇ | ၂၂၃၅၉ |

*လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်သည်။

၇။ ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာလ | နိုဝင်ဘာလ |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | _ | ၃၃ * |
| (ခ) | သတ္တုတူးဖော်ရေးကဏ္ဍ | _ | ၆၅၀ * |
| (ဂ) | စက်မှုကဏ္ဍ | ၁၁၅၀ | ၁၆၈၂ * |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | _ | ၃၈၄ |
| (င) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃၅ | ၈၃၂ |
| (စ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | _ | ၅၅ |
| (ဆ) | လယ်ယာကဏ္ဍ | ၁၅၀ | _ |
| (ဇ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၈၉ | ၁၁၀ * |
| | စုစုပေါင်း | ၁၄၂၄ | ၃၇၄၆ |

*လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်သည်။

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | စာအုပ်မိတ်ဆက် နှင့် ဖတ်ညွှန်းတိုတိုများ | လေးကိုတင် | စိတ်ကူးချိုချို | ၃၀၀၀ |
| ၂ | စွဲထင်ကျန်ရစ် ရင်ထဲကပုဂံ | ဇော်လွင်ဦး(ဟသ်ာတ) | ရှင်မတောင် | ၃၀၀၀ |
| ၃ | မဂ်လာပါ ဆရာမ | မွန်ဟော်စီ | ပန်းဆက်လမ်း | ၄၀၀၀ |
| ၄ | နီဂရိုးတော်လှန်ရေး | အထောက်တော် လှအောင် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၅ | အင်းဝနေ့ အင်္ဂလိပ်သံ | ရွှေစကြာ | စိတ်ကူးချိုချို | ၁၅၀၀ |
| ၆ | အာဟာရဓာတ်ပေါကြွယ်သော မြန်မာ့အစားအစာများ | မောင်ခိုင်ဇော် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၇ | အံ့ဖွယ်မျက်လုံးပိုင်ရှင် | ဒေါက်တာဇော်သန်း | တိုးမြစ် | ၂၀၀၀ |
| ၈ | အာဂမိန်းမ | ထားထားမြင့် | တိုးမြစ် | ၂၀၀၀ |
| ၉ | မန္တလေးကွန်ရှာတို ဆင်ဖိုနီ ခရမ်းရင့် | ဆူးငှက် | တိုးမြစ် | ၃၀၀၀ |
| ၁၀ | ချောင်းဟန့်သံနှင့် အခြားလက်ရွေးစင်ဝတ္ထုတိုများ | ဂျူဇော် | တိုးမြစ် | ၂၅၀၀ |
| ၁၁ | အတွေးမိုးစက်များအက်ဆေးစုစည်းမှု | ကိုကြွယ်(ဟသ်ာတ) | ဆိပ်ကမ်းသာ | ၂၅၀၀ |
| ၁၂ | အတွေးအမြင် အမှတ်(၃၂၈) ၂၀၂၀, ဇန်နဝါရီ | ကလောင်စုံ | တိုးမြစ် | ၃၀၀၀ |
| ၁၃ | လူလည်ကုလားထိုင် ရသစာတမ်းများ | မောင်ဥယျာဉ် | တိုးမြစ် | ၂၅၀၀ |
| ၁၄ | အမှားပေါင်းချုပ် | ဇော်မောင် | တိုးမြစ် | ၄၀၀၀ |
| ၁၅ | ဆေးရုံမှာ | ဒေါက်တာအောင်ကြီး | တိုးမြစ် | ၂၅၀၀ |
| ၁၆ | လမ်းပျော်ကြီးရဲ့နောက်ဆုံးခရီး | ညီညီဇော် | တိုးမြစ် | ၂၅၀၀ |
| ၁၇ | ဂန္ထဝင်ဝတ္ထု ဂန္ထဝင်ရုပ်ရှင် | လင်းဝေမြိုင် | တိုးမြစ် | ၃၅၀၀ |
| ၁၈ | ရင်သွေးငယ်များအပေါ်မိဘအုပ်ထိန်းမှု၊ ပညာရေးနှင့် ဘဝလမ်းညွှန်အထွေထွေ | ခင်မေကြည်(စိတ်ပညာ) | စိတ်ကူးချိုချို | ၂၂၀၀ |
| ၁၉ | ရင်သွေးယူတော့မလား(ပြင်ဆင်ခြင်းနှင့် ပြုစုပျိုးထောင်ခြင်းများ) | ခင်မေကြည်(စိတ်ပညာ) | စိတ်ကူးချိုချို | ၂၅၀၀ |
| ၂၀ | ပျော်ရွှင်မှုများစွာဖြင့် အသက်(၄၀)မှာ အငြိမ်းစားရေး | ညီညီနိုင် | နဂါးမင်းစာပေ | ၅၀၀၀ |
| ၂၁ | မြန်မာ့နိုင်ငံရေးထဲမှ ခြေရာပျောက်မှတ်တမ်းများ | မောင်ရင်မောင် | နံနက်ခင်းစာပေ | ၃၀၀၀ |
| ၂၂ | အိန္ဒိယသမိုင်း | ကိုကိုလေး(မြန်မာပြန်) | ယဉ်မျိုး | ၄၀၀၀ |
| ၂၃ | ရာဇဝင်ကို မညာချင်ပါ | မာန်(တောင်လုံးပြန်) | Global Piece Group | ၂၀၀၀ |
| ၂၄ | နတ်သမီးဆွဲတဲ့ပုလဲပုတီး ကလေးကဗျာများ | မြေပြန့်ဝင်းသွေး | ရန်အောင် | ၁၀၀၀ |
| ၂၅ | ရိုးပြတ်ခင်တန်းအလွမ်းပွင့်ချိန် | မောင်စိုးချိန် | Global Piece Group | ၆၅၀၀ |
| ၂၆ | ကောင်းကျိုးဝေဖြာ စာပဒေသာ | ဒေါက်တာ တင်အောင်ရွှေ(သုတေသီ) | Myanmar Heritage | ၃၀၀၀ |
| ၂၇ | ဆင်တစ်ဖက် မြင်းတစ်ဖက် | ဂျက်(ကွမ်းခြံကုန်း) | စိတ်ကူးချိုချို | ၃၀၀၀ |
| ၂၈ | ဘာရွှေးမလဲ | မြတ်ငြိမ်း | မူဝံ | ၂၅၀၀ |
| ၂၉ | ဒေါက်တာဒူလစ်တဲလ် | ညိုအုံ့(ပြန်ဆိုသည်) | လင်းလွန်းခင် | ၂၅၀၀ |
| ၃၀ | ဂျဝါဟာလားနေရူး၏ လျှပ်တစ်ပြက် ကမ္ဘာ့သမိုင်း(ရှေ့ပြေးခေတ်သစ်အပိုင်း) | ဘိုးလှိုင်(မြန်မာပြန်သည်) | ထွန်း ဖောင်ဒေးရှင်း | ၈၅၀၀ |
| ၃၁ | ခေတ်စမ်းရသ စာကောက်ကြောင်း သိပ္ပံမောင်ဝ၏ဝတ္ထုဆောင်းပါးများပေါင်းချုပ် | သိပ္ပံမောင်ဝ | စိတ်ကူးချိုချို | ၁၃၀၀၀ |
| ၃၂ | နှလုံးသွေးကြောကျဉ်းရောဂါ | ကျော်သက်ခိုင် (ဆေးတက္ကသိုလ်) | ကျော်သက်ခိုင် စာပေ | ၂၅၀၀ |
| ၃၃ | ဆီးကျိတ်ကြီးခြင်း၊ ဆီးကျိတ်ရောင်ရမ်းခြင်း၊ ဆီးကျိတ်ကင်ဆာ | ကျော်သက်ခိုင် (ဆေးတက္ကသိုလ်) | ကျော်သက်ခိုင် စာပေ | ၁၅၀၀ |

# မြေထဲပင်လယ်အရှေ့ပိုင်းမှ ဥရောပသို့ ပိုက်လိုင်းသွယ်မည့်ကိစ္စကို သုံးနိုင်ငံသဘောတူစာချုပ်ချုပ်ဆို

**အေသင် ဇန်နဝါရီ ၃**

မြေထဲပင်လယ်အရှေ့ပိုင်းမှ ဥရောပသို့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းမည့် ကိစ္စကို အစ္စရေးနိုင်ငံက ဂရိ၊ ဆိုက်ပရပ်စ်နိုင်ငံတို့နှင့် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါသုံးနိုင်ငံသည် ဇန်နဝါရီ ၃ ရက်က ဂရိမြို့တော် အေသင်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယခုလို လုပ်ငန်းစဉ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းသည် အစ္စရေး၏ ဓာတ်ငွေ့ထုတ်ယူပြီး ဥရောပနိုင်ငံများသို့ တင်ပို့မည့်ကိစ္စကို ကူညီပေးရန် ရည်ရွယ်ကြောင်း သိရသည်။

ဥရောပနိုင်ငံများကလည်း ဓာတ်ငွေ့ထောက်ပံ့မှုကို ရုရှားတစ်နိုင်ငံတည်းကပဲ အားမကိုးဘဲ အခြားလမ်းကြောင်းအမျိုးမျိုးဖြင့်ရရှိရန် ယခုလုပ်ငန်းစဉ်က ကူညီပေးလျက်ရှိသည်။

အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက ၎င်းနိုင်ငံသည် ဓာတ်ငွေ့သိုက်ကြီးဖြစ်လာတော့မည်ဖြစ်ကြောင်းနှင့် သမိုင်းဝင်နေ့တစ်နေ့ ဖြစ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ်းလွန်ရေနံရှာဖွေချင်သည့် တူရကီသည် အဆိုပါအရေးတွင် အခက်တွေ့လျက်ရှိသည်။ လွန်ခဲ့သောနိုဝင်ဘာလက တူရကီနှင့် လစ်ဗျားကြားဖြတ်အစိုးရတို့သည် ပိုက်လိုင်းသွယ်မည့်ကိစ္စကို ဟန့်တားပိတ်ဆို့စေမည့် ၎င်းတို့၏ စီးပွားရေးဇုန်များကို သတ်မှတ်ခဲ့သည်။


မြေထဲပင်လယ်အရှေ့ပိုင်းတွင် ဓာတ်ငွေ့ထုတ်ယူလုပ်ကွက်များ တိုးပွားလာခြင်းသည် ဒေသတွင်းတင်းမာမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း နိုင်ငံတကာရေးရာကျွမ်းကျင်သူများက သုံးသပ်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**



ဆိုက်ပရပ်စ်သမ္မတ နီကိုးစ်အန်နာစတာ ဆိုင်ရာဒက် (ဝဲ)၊ ဂရိဝန်ကြီးချုပ် ကရီယာကိုစ်မစ်ဆိုတာကစ် (လယ်)၊ နှင့် အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟု (ယာ)တို့ကို တွေ့ရစဉ်။

# အီရန်အစ္စလာမ့်စစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ အဆင့်မြင့်တပ်မှူးတစ်ဦး အမေရိကန်လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံး



အမေရိကန်လေကြောင်းတိုက်ခိုက်မှုအတွင်း ကျဆုံးခဲ့သည့် ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီ။

**ဝါရှင်တန် ဇန်နဝါရီ ၃**

အီရန်အစ္စလာမ့်စ် တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ အဆင့်မြင့်တပ်မှူးတစ်ဦးသည် အမေရိကန်၏ အီရတ်မြို့တော် ဘဂ္ဂဒက်လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၃ ရက်က ဖော်ပြခဲ့သည်။

ဗိုလ်ချုပ်ကြီး ကာဆမ်းဆိုလန်းမန်းနီသည် ဘဂ္ဂဒက်လေဆိပ်အနီး ၎င်း၏အဖွဲ့များနှင့်အတူရှိနေစဉ် အမေရိကန်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာ တပ်ဖွဲ့ဝင်များနှင့်အတူ သေဆုံးခဲ့ကြောင်း အီရတ်နိုင်ငံပိုင် ရုပ်မြင်သံကြားတွင် ဖော်ပြခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သမ္မတ၏ ညွှန်ကြားချက်အရ နိုင်ငံကြားရှိ အမေရိကန်စစ်ဘက်ကို ကာဆမ်းဆိုလန်းမန်းနီနှင့် ၎င်း၏တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုမှ ကာကွယ်ရန် ယခုလို ထိုးစစ်ဆင်နွှဲလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆိုလဲမနီသည် ကုဒ်(စ်)တပ်ဖွဲ့၏ တပ်မမှူးတစ်ဦးဖြစ်ပြီး ယင်းတပ်ဖွဲ့သည် အစ္စလာမ့်စ်တော်လှန်ရေးအစောင့်တပ်ဖွဲ့တွင် ပါဝင်သည်။ အစ္စလာမ့်စ်တော်လှန်ရေးအစောင့် တပ်ဖွဲ့သည် အီရန်နိုင်ငံ၏ နယ်နိမိတ်ပိုင်နက်ဆိုင်ရာ စစ်ဆင်ရေးအတွက် တာဝန်ယူထားရသည်။

အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အီရတ်ဟာ့ရှက်ရှာဘီအရန်တပ်ဖွဲ့မှ ဒုတိယခေါင်းဆောင် တပ်မှူးကြီး အဘူမာဒီ အယ်လ်မူဟမ်ဒစ်လည်း သေဆုံးခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံ၏ အနာဂတ်တွင် တိုက်ခိုက်လာနိုင်ခြေရှိသည့် အစီအစဉ်များကို ကြိုတင် ခုခံကာကွယ်သည့်အနေဖြင့် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အီရန်ခေါင်းဆောင် အရာတိုလာအလီခါမေနီက အမေရိကန်ပြည်ထောင်စုကို လက်စားချေတိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

## ဆူဒန်နိုင်ငံ ဒါဖာအနောက်ပိုင်းတွင် စစ်ဘက်လေယာဉ်ပျက်ကျ လိုက်ပါလာသူ ၁၈ ဦး သေဆုံး

**ခါတွန် ဇန်နဝါရီ ၃**

ဆူဒန်နိုင်ငံ ဒါဖာအနောက်ပိုင်း အယ်ဂျီနီနာလေဆိပ်မှ ပျံတက်လာသည့် ဆူဒန်စစ်ဘက်ဆိုင်ရာလေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၃ ရက်က ပျက်ကျခဲ့ရာ လူ ၁၈ ဦး သေဆုံးခဲ့သည်ဟု ဆူဒန်တပ်ဖွဲ့မှ ပြောသည်။

Antonov 12 လေယာဉ်သည် လေဆိပ်မှပျံတက်လာပြီး ငါးမိနစ်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဆူဒန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာမာမိုဟမ်မက်အယ်ဟတ်ဆန်က ပြောသည်။ လေယာဉ်အမှုထမ်း ခုနစ်ဦး၊ တရားသူကြီး သုံးဦးနှင့် အရပ်သား ရှစ်ဦး လိုက်ပါလာခဲ့ပြီး သေဆုံးသွားသူများထဲတွင် ကလေး လေးဦးပါဝင်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှု ဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ အဆိုပါလေယာဉ်သည် အစောပိုင်းမှ အယ်ဂျီနီနာမြို့မှ ဆူဒန်လခြမ်းနီအဖွဲ့အတွက် ဆေးပစ္စည်းများ သယ်ဆောင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ပေးခဲ့သည်။

အယ်ဂျီနီနာတွင် လွန်ခဲ့သောရက်များအတွင်း မျိုးနွယ်စုအချင်းချင်း ပဋိပက္ခများကြောင့် လူများစွာသေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။ **ဆင်ဟွာ**

## နစ်ဆန်းကုမ္ပဏီဥက္ကဋ္ဌဟောင်းကို ဖမ်းဆီးရန် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့မှ ဝရမ်းထုတ်

**ဘေရွတ် ဒီဇင်ဘာ ၃**

နစ်ဆန်းကုမ္ပဏီဥက္ကဋ္ဌဟောင်း ကားလို့စ်ဂွင်းအတွက် အပြည်ပြည်ဆိုင်ရာဖမ်းဝရမ်းကို လက်ဘနွန်နိုင်ငံက လက်ခံရရှိခဲ့ကြောင်း လက်ဘနွန်နိုင်ငံ၏ တရားရေးဝန်ကြီးက ပြောသည်။

မစ္စတာကားလို့စ်သည် တူရကီနိုင်ငံမှတစ်ဆင့် လက်ဘနွန်နိုင်ငံသို့ တနင်္လာနေ့တွင် ရောက်ရှိခဲ့သည်ဟု ယူဆရသည်။ မစ္စတာကားလို့စ်သည် ဘဏ္ဍာရေးဆိုင်ရာအလွဲသုံးမှုဖြင့် ဂျပန်နိုင်ငံတွင် တရားရင်ဆိုင်နေရသူလည်းဖြစ်သည်။ ဥပဒေကြောင်းအရ အခြေခံပြီး အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့၏ တောင်းဆိုမှုကို ဆောင်ရွက်ပေးသွားမည်ဟု အဲလ်ဘတ်အဇစ်ဆာဟမ်က ပြောသည်။ မစ္စတာကားလို့စ်သည် တရားဝင်အချက်အလက်များဖြင့် လက်ဘနွန်နိုင်ငံအတွင်း ဝင်ရောက်လာကြောင်းနှင့် ၎င်း၏ခရီးသွားလာမှုဆိုင်ရာအထောက်အထားများကို လေဆိပ်လုံခြုံရေးဝန်ထမ်းများက အတည်ပြုစစ်ဆေးခဲ့ကြကြောင်း လက်ဘနွန်တရားရေးဝန်ကြီးက ပြောသည်။

ဂျပန်နိုင်ငံနှင့် လက်ဘနွန်နိုင်ငံတို့သည် တရားခံလွှဲပြောင်းပေးအပ်ရေးစာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိပေ။ လက်ဘနွန်နိုင်ငံ၏ ဥပဒေကိုအခြေခံပြီး ဂျပန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း တရားရေးဝန်ကြီးက ပြောသည်။ သို့သော် မစ္စတာကားလို့စ်ကို ဂျပန်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်း ပြု မပြုကိုမူ ရှင်းလင်းမသွားခဲ့ပေ။ ထိုစဉ် မစ္စတာကားလို့စ်ဘက်မှလည်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် ၎င်းဂျပန်နိုင်ငံမှ ထွက်လာနိုင်ရေးအတွက် ဇနီးသည်နှင့် မိသားစုက ပါဝင်ကူညီပေးခဲ့ကြသည်ဟု မီဒီယာများတွင် ခန့်မှန်းကြကြောင်း၊ ယင်းခန့်မှန်းချက်မှာ မမှန်ကြောင်း ပါရှိသည်။ စောင့်ကြည့်ထောက်လှမ်းသည့် ဗီဒီယိုအရ မစ္စတာကားလို့စ်မှာ ဂျပန်နိုင်ငံမှ တစ်ဦးတည်းထွက်ခွာသွားခြင်းဖြစ်သည်ဟု စုံစမ်းစစ်ဆေးရေး သတင်းအရင်းအမြစ်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တောမီးလောင်မှုခံစားနေရသည့်မြို့မှ ပြည်သူများကို ဩစတြေးလျတပ်ဖွဲ့ဝင်များ ကယ်တင်မှုများပြုလုပ်

**ဆစ်ဒနီ ဇန်နဝါရီ ၃**


ဩစတြေးလျအရှေ့တောင်ပိုင်းမြို့တွင် တောမီးလောင်မှုကြောင့် ပိတ်မိနေသည့် ရာနှင့်ချီသောလူများကို ကယ်တင်ရန် ဩစတြေးလျရေတပ်မှ ရေယာဉ်များဖြင့် လူများကို တင်ဆောင်ကယ်တင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မယ်လာကိုတာမြို့ ကမ်းခြေတွင် နှစ်သစ်ကူးညကတည်းက ဒေသခံများ ပိတ်မိနေကြပြီး ဩစတြေးလျရေတပ်မှ ရေယာဉ်များဖြင့် လာရောက်ကယ်ယူခဲ့ကြောင်း သိရသည်။ ယနေ့နေ့လယ်ပိုင်းတွင် လူပေါင်း ၁၀၀၀ ခန့်ကို ကယ်တင်နိုင်မည်ဟု ယူဆရကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကောက်မော်ရစ်ဆင်က ပြောကြားသည်။ ဩစတြေးလျတွင် လပေါင်းများစွာကြာ တောမီးအကြီးအကျယ်လောင်မှုကြောင့် နေအိမ်ပေါင်း ၁၃၀၀ ခန့် ပျက်စီးခဲ့ရပြီး လူပေါင်း ၂၀ ခန့် သေဆုံးခဲ့ကာ လူ ၂၀ ကျော် ပျောက်ဆုံးနေကြောင်း သိရသည်။

လာမည့်ဇန်နဝါရီ ၄ ရက်တွင် အပူချိန်မှာလည်း ၄၀ ဒီဂရီဆဲစီးရပ်အထက်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။ ထို့ကြောင့် ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းတစ်လွှားတွင် သတိပေးချက်များ ထုတ်ပြန်ထားသည်။ ပြည်နယ်သုံးခုမှ လူများကိုလည်း ၎င်းတို့၏နေအိမ်များကို စွန့်ခွာရန် သတိပေးထားသည်။ လူများထွက်ခွာရန် လမ်းများဖွင့်ထားဆဲဖြစ်ကြောင်း၊ အကယ်၍ ထိုဒေသတွင် နေထိုင်ရန်မလိုအပ်ပါက နေရပ်မှထွက်ခွာရန်လိုကြောင်း နယူးဆောက်ဝေးပြည်နယ်ဝန်ကြီးချုပ် ဂလက်ဒေးဘယ်ရယ်ဂျီကလင်က ပြောသည်။

ထောင်ပေါင်းများစွာသော ဒေသခံများနှင့် ခရီးသွားများသည် ကမ်းရိုးတန်းမှ ၃၀၀ ကီလိုမီတာသို့ ထွက်ခွာကြရန် သတိပေးချက်ကိုလည်း အလေးထားကြသည်။ ဆစ်ဒနီမြို့နှင့် ကန်ဘာရာမြို့တို့သို့ ဦးတည်သွားသည့် ကားတန်းကြီးမှာလည်း အရှည်ကြီးဖြစ်နေသည်။

**အေအက်ဖ်ပီ**



ရေတပ်မှ တပ်ဖွဲ့ဝင်များ ပိတ်မိနေသည့် ဒေသခံများကို ရေယာဉ်များဖြင့် ကယ်တင်မှုများ ပြုလုပ်နေစဉ်။

# အင်္ဂပူမြို့နယ် အထက (ကွင်းကောက်) ကလေးစာပေပွဲတော် ဖွင့်လှစ်



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကလေးစာပေပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

**အင်္ဂပူ ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်း (ကွင်းကောက်) ရှေ့၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ကလေးစာပေပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယနေ့ပြုလုပ်သည့်ကလေးစာပေပွဲတော်မှာ ကလေးများ ပျော်ရွှင်စေရန်၊ ကလေးစာပေပွဲတော်မှ တစ်ဆင့် စာအုပ်စာပေဖတ်ရှုမှုများကို မွေ့လျော်ပြီး ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ စုပေါင်းလုပ်ဆောင်မှုများတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန် စသည့် ရည်ရွယ်ချက်များနှင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ကလေးများ စာဖတ်သည့် အလေ့အထများ၊ ဉာဏ်ရည်ဉာဏ်သွေးများ၊ အသိပညာ ဗဟုသုတများ တိုးတက်ရေးအတွက် ပြိုင်ပွဲများ ပါဝင်သကဲ့သို့ ကာယပိုင်းဆိုင်ရာနှင့် စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ် သည့် အလေ့အထကောင်းများဖြစ်လာစေရန် အားကစားပြိုင်ပွဲများလည်း ထည့်သွင်းပေးထားကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ဖျော်ဖြေရေး၊ စာပေဟောပြောပွဲ၊ ပြခန်းများနှင့် ပြိုင်ပွဲများ ကျင်းပနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ကလေးစာပေပွဲတော်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာ ဦးစီးဌာနနှင့် အင်္ဂပူမြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဇန်နဝါရီ ၃ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ကျော်ကျော်၊ မန်းကျော်**
**ဓာတ်ပုံ–ဝင်းဗိုလ်၊ ဇော်ဝင်းဟန်**

# ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၃**

(၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အနေနှင့် ပြည်နယ်အတွင်း စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး စသည့် ကဏ္ဍစုံတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအား သက်ဆိုင်ရာကဏ္ဍအလိုက် ထူးချွန်စွာဆောင်ရွက်ခဲ့သူ ၆၅ ဦးတို့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်ရှိတည်ဆဲမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသင့်သည့်အရာများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်အညီ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဌာနများတွင် ထူးချွန် ထက်မြက်သည့် ဝန်ထမ်းများရှိပြီး ယင်းအခြေအနေများကို အချို့သော ဌာနဆိုင်ရာ တာဝန်ရှိသူများက တင်ပြမှုများ အားနည်းနေသည်ကို တွေ့မြင်ရပါကြောင်း၊ ယင်းကဲ့သို့ တင်ပြပေးရန် တွန့်ဆုတ်နေသည်ကို တွေ့မြင်ရပြီး ဂုဏ်ပြုသင့်၊ ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုပေးနိုင်ရန်အတွက် အလေးထားတင်ပြပေးစေလိုကြောင်း၊ မိမိအနေနှင့် ယခုလက်ရှိ ဆုချီးမြှင့်မည့်သူများကို ထိုက်တန်သူများအဖြစ်မှတ်ယူ၍ ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဂုဏ်ပြုလက်မှတ်လက်ခံရရှိသည့် နိုင်ငံ့ဝန်ထမ်းများကိုယ်စား ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူးကလည်းကောင်း၊ ပြည်သူများကိုယ်စား ဦးတင်လှကလည်းကောင်း ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ထွန်းလေး(လွိုင်ကော်)**

# ကျောက်ကြီးမြို့နယ်၌ "ပါဝင်ပတ်သက်နေသူများ တွေ့ဆုံဆွေးနွေးပွဲ" ကျင်းပ

**ပဲခူး ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ပုံလယ် ကျေးရွာအုပ်စု ကျွဲခြံကျေးရွာ KNU ဆက်ဆံရေးရုံး၌ ယနေ့နံနက်ပိုင်းက ပါဝင်ပတ်သက်နေသူများ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကား ပြောကြားသည်။

ထို့နောက် KNU ကရင်အမျိုးသား အစည်းအရုံး (ဗဟို) အထွေထွေ အတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးက ငြိမ်းချမ်းရေးဖြစ်စဉ် အခြေအနေများကိုလည်းကောင်း၊ KNU ညှောင်လေးပင် ခရိုင်ဥက္ကဋ္ဌ ပဒိုစောဆဲဂေကေ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ် အခြေအနေများကိုလည်းကောင်း၊ KNU ဗဟို အထွေထွေ တွဲဖက်အတွင်းရေးမှူး(၁) ပဒိုစောဆဲပွယ်က စီမံကိန်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်စပ်မှု Back Ground အကျဉ်းချုပ်ကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို နိုင်ငံတော်အစိုးရနှင့် KNUတို့အကြား အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီး ငြိမ်းချမ်းရေး တည်ဆောက်နေသည့် ကာလတွင် အောက်ခြေအဆင့်၌ နှစ်ဖက်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် လက်နက်ကိုင်တပ်များအကြား ယုံကြည်မှု တည်ဆောက်နိုင်ရန်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုအားကောင်းလာစေရန်အတွက် ရွာသူ ရွာသားများလည်း ပူးပေါင်းပါဝင်မှုရှိသော တွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပပေးခြင်းအားဖြင့် ပုံမှန်ထိတွေ့မှုရှိလာပြီး ဆွေးနွေး ညှိနှိုင်းမှုပြုလုပ်ကာ ဒေသအတွင်း ဖြစ်ပေါ်လာသည့် ပြဿနာများကို တစ်ဖက်နှင့်တစ်ဖက် အပြစ် တင်ကြပြီး ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားမှု မရှိစေဘဲ ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ဖြစ်စဉ်ကို တည်ဆောက်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး KNU တို့အကြား ပဏာမပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေး သဘောတူညီမှု လက်မှတ်ရေးထိုးချိန်မှ စတင်ပြီး နှစ်ဖက်တာဝန်ရှိသူများ၏ သဘောတူညီမှုဖြင့် ငြိမ်းချမ်းရေး အထောက်အကူပြုစီမံကိန်းကို သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် NPA မှ ကူညီထောက်ပံ့မှုပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင်လည်း နှစ်ဖက်သော အထက်လူကြီးများ၏ ချမှတ်ပေးခဲ့သည့် အစီအစဉ်ဖြင့် စီမံကိန်းအဆင့် (၁/၂/၃/၄/၅) များကို ကျောက်ကြီးမြို့နယ် ရွှေကျင်မြို့နယ်နှင့် ကရင်ပြည်နယ်အတွင်း အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြပြီး စီမံကိန်းအဆင့် (၆) အား ယခု တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ကျောက်ပုံလယ် ကျေးရွာအုပ်စု ကျွဲခြံကျေးရွာ KNU ဆက်ဆံရေးရုံး၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကျောက်ကြီးမြို့နယ်၌ ပါဝင်ပတ်သက်နေသူများ တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် သွေးလှူဒါန်းသူများကို အားပေးစကားပြောကြားစဉ်။

# လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မြစ်ကြီးနား ဇန်နဝါရီ ၃**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် စေတနာ့သွေးသန့်သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်းပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများက တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သွေးလှူဒါန်းပွဲအတွက် အလှူငွေကျပ်ငါးသိန်းကို ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကာ သံဃာတော်များအပါအဝင် စေတနာ့သွေးအလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းနိုင်ရေး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအေးသိန်း၊ မြစ်ကြီးနား ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော် တို့နှင့်အတူ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်တပ်ဖွဲ့မှူး ဦးဒေါင်ဟောင်းနှင့် တပ်ဖွဲ့ဝင်များ၊ သူနာပြုဆရာမများ၏ ကူညီဆောင်ရွက်ပေးနေမှုတို့နှင့် သွေးလှူရှင်များ၏ သွေးဖောက်ထုတ် လှူဒါန်းမှုတို့ကို အားပေးကြည့်ရှုခဲ့ကြပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့သည်။

**မျိုးမြင့်စိုး (ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**ဘော်လခဲ ဇန်နဝါရီ ၃**

ကယားပြည်နယ် ဘောလခဲမြို့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို မီနီမာရသွန် အပြေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှေ့မှ စတင်တာလွှတ်ပြီး အမှတ် (၃၃၇) တပ်ရှေ့ဂိတ်မှ မြို့မအားကစားကွင်းအတွင်းသို့ ပန်းဝင်စေခဲ့ပြီး ပြိုင်ပွဲဝင် စုစုပေါင်း ၁၀၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသူများအား လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှရွှေ (ပြန်/ဆက်)**

# ဇန်းမော်မြို့၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**ဇန်းမော် ဇန်နဝါရီ ၃**

ကချင်ပြည်နယ် ဇန်းမော်မြို့တွင် ခရိုင်မီးသတ်ဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ကို ယနေ့နံနက်ပိုင်းက ဇန်းမော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက အမှာစကား ပြောကြားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးလင်းသန့်က Kareru Caravan သည် ဘေးအန္တရာယ်ကာကွယ်ရေး လေ့ကျင့်ခန်းတစ်ခုဖြစ်ပြီး ပါဝင်သူများအနေဖြင့် လေ့ကျင့်မှုအတွင်း ဘေးအန္တရာယ်ကာကွယ်ရေး အတွေ့အကြုံများနှင့် အသိပညာများရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်မီးသတ်ဦးစီးဌာနဦးစီးမှူးဦးစိုးမင်းခိုင်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် မီးသတ်ဆေးဘူး လှူဒါန်းပေးအပ်ပြီးအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ထုလွမ်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။



သဘာဝဘေးအန္တရာယ်လျှော့ချရေး လက်တွေ့ဆောင်ရွက်စဉ်။

ဆက်လက်၍ ခရိုင်အတွင်းရှိ ဇန်းမော်၊ မိုးမောက်၊ မန်စီနှင့် ရွှေကူမြို့နယ်တို့မှ မီးသတ်ဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းတို့က ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်တွင် ကစားနည်း၁၀ မျိုးဖြင့် အဖွဲ့လိုက် အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**

# ပုသိမ်မြို့နယ်၌ စက်ချုပ်သင်တန်းဖွင့်

**ပုသိမ် ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစက်ချုပ်သင်တန်းကို အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အမှတ်(၂) ဦးအောင်သူထွေးတို့က အမှာစကားပြောကြားသည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစက်ချုပ်သင်တန်းဖွင့်လှစ်ရာတွင် ကျေးရွာအုပ်စု ခုနစ်အုပ်စု ကျေးရွာရှစ်ရွာမှ သင်တန်းသား သင်တန်းသူ ၂၈ ဦး တက်ရောက်ပြီး သင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ၂၁ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းတင့်(ရေကြည်)**

# ဆိပ်ဖြူမြို့နယ်၌ ဈေးဆိုင်များကို စစ်ဆေး

**ဆိပ်ဖြူ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် စားသုံးသူပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရန် ဈေးကွက်လေ့လာရေး ရှောင်တခင်စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေး၌ ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းကို ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်နေလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ပတ္တမြားဈေးအတွင်းရှိ ဒေသခံပြည်သူများထံ ရောင်းချဖြန့်ဖြူးလျက်ရှိသော ဈေးဆိုင်များတွင် လူသုံးကုန်နှင့် စားသောက်ကုန်များ သတ်မှတ်စည်းကမ်းများ ပါရှိမှုနှင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချခြင်း ရှိ မရှိ၊ ထုတ်ကုန်ပစ္စည်းများ သတ်မှတ်အလေးချိန် ပါဝင်မှု ရှိ မရှိတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများအား ထိခိုက်နစ်နာစေသည့် လူသုံးကုန်နှင့် စားသောက်ကုန်များကို ဖြန့်ဖြူးရောင်းချမှု မပြုရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြိုင်ပွဲ၊ ပြပွဲနှင့် ဈေးရောင်းပွဲတော် အမရပူရတွင် ကျင်းပမည်

**အမရပူရ ဇန်နဝါရီ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း (မန္တလေး)တို့ ပူးပေါင်းဆောင်ရွက်သည့် ပထမအကြိမ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံချည်မျှင်နှင့် အထည်အလိပ် ဒီပလိုမာ ကျောင်းဆင်းလက်ရာနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာ သိပ္ပံကျောင်း၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်နေ့များတွင် ဆောင်းဒါးရက်ကန်း အသက်မွေးပညာသိပ္ပံ ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာကျောင်းဆင်း လက်ရာနှင့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဆောင်းဒါးရက်ကန်း အသက်မွေးပညာသိပ္ပံ စစ်ကိုင်း-မန္တလေး ကားလမ်းဘေးရေတွင်း ညီနောင်ရပ် အမရပူရမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးအထည်အလိပ် ရက်ကန်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက အသင်း၏အခြေအနေနှင့် မိမိအသင်းကို ပိုမိုစိတ်ဝင်စားလာစေရန် ရက်ကန်းနှင့် အထည်အလိပ်နှင့် ပတ်သက်သူများအား ပါဝင်လာနိုင်အောင် ဖိတ်ခေါ်ပါကြောင်း၊ အသင်းတွင် အလှူပေါင်းစုံမှ အသင်းသား ၇၀၀ ကျော်ရှိကြောင်းနှင့် မြန်မာပြည်တွင်းဖြစ် ရက်ကန်းအထည်အလိပ်လုပ်ငန်း ပြည်ပသို့ ထိုးဖောက်နိုင်ရန်လိုကြောင်း ပြောကြားသည်။

ပွဲတော်တွင် အစိုးရကဦးဆောင်၍ အမရပူရလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရက်ကန်းကျောင်း ၁၃ ကျောင်း၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းတို့ ပွဲတော်တွင် ပါဝင်မည်ဖြစ်သည်။

**စိုးဝင်းဗိုလ် (အရာတော်)**



နေပြည်တော်၏ ဝင်/ထွက်ဂိတ်ဖြစ်သည့် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့် မြို့ရှောင်လမ်းဆုံရာ စစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ ၃ ရက်က ဒုရဲမှူးမြင့်အောင်၊ သာဝတ္ထိနယ်မြေ ရဲစခန်းမှူးရဲအုပ်ညီညီထွန်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ သတင်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ မော်တော်ယာဉ်များကို စစ်ဆေးစဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၉၇၅ | ကျပ် | ၉၈၅/၉၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၀ | ကျပ် | ၉၈၅/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၅ | ကျပ် | ၉၃၀/၉၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ | ကျပ် | ၁၀၃၅/၁၀၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၇၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၂ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၅ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၂ . ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၃၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၈၀၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၅၃၈ | ၁၇၅၃၇၀၀၀ |
| MTSH | ၃၉၀၀ | ၃၈၅၀ | ၄၀၆၇ | ၁၅၆၇၆၁၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၅၁ | ၄၁၈၂၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၇၉၀ | ၁၈၁၇၀၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၃၅၄ | ၁၀၂၆၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင်
အငယ်တန်း သတင်းထောက်များ - တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပညာရေးရော ဂီတတွင်ပါ ထူးချွန်သူ အက်စတာဒွေ့ါချင်းဆုန်နှင့် တွေ့ဆုံမေးမြန်းခြင်း

ကျင်းပပြီးစီးသွားပြီဖြစ်သော စတုတ္ထအကြိမ်မြောက် Myanmar Idol ပြိုင်ပွဲကြီးတွင် ပထမဆုံး အမျိုးသမီး Winner ဆုရှင်အဖြစ် ချင်းတိုင်းရင်းသူလေး အက်စတာဒွေ့ါချင်းဆုန်က ရွေးချယ်ခံခဲ့ရသည်။ အက်စတာဒွေ့ါချင်းဆုန် အနေဖြင့် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော (၁၆)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲကြီး၌ ဗဟိုအဆင့် ပထမဆုရရှိခဲ့သလို၊ ဩစတြေးလျနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် 2017 Chin idol တွင်လည်း Winner ဆုရခဲ့သူတစ်ဦးဖြစ်ကာ ယခု မြန်မာနိုင်ငံအဆင့် Myanmar Idol တွင်လည်း Winner ဆုကို ထိုက်တန်စွာ ထပ်မံပိုင်ဆိုင်နိုင်ခဲ့သူဖြစ်သည်။

ဂီတဘက်တွင် ထူးချွန်သူ အက်စတာသည် ပညာရေးတွင်လည်း တက္ကသိုလ်ဝင်တန်းကို သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ထားသူတစ်ဦးဖြစ်ရာ ယနေ့ခေတ် လူငယ်များအတွက် အတုယူဖွယ်ကောင်းသော အမျိုးသမီးငယ်တစ်ဦးဖြစ်သဖြင့် Myanmar Idol Winner ဖြစ်ပြီးနောက် ခံစားချက်များနှင့် ဆက်လက်လုပ်ဆောင်သွားမည့် အကြောင်းအရာများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။အက်စတာ့ကို ဂီတပိုင်းသာမက ဘဝရဲ့ အချိုးအကွေ့တွေမှာပါ အောင်မြင်စွာ ကျော်ဖြတ်နိုင်သူလို့ပြောရင် လက်ခံနိုင်မလား။**

ဖြေ။ ။ဒါကတော့ ညီမကို ဘုရားသခင်ကပေးတဲ့ ဆုလာဘ်တွေလို့ပဲ ခံယူပါရစေ၊ ကိုယ့်ရဲ့ကြိုးစားမှုနဲ့အတူ ရရှိလာတာလို့လည်း ထင်ပါတယ်၊ အခုလည်း ကိုယ့်ကိုယ်ကို Winner ရမယ်လို့ မထင်ထားဘူး၊ မျှော်လည်း မမျှော်မှန်းထားဘူး၊ လိုချင်လားလို့မေးရင်တော့ မလိုချင်တာတော့ မဟုတ်ပါဘူး၊ လိုချင်တာပေါ့၊ Winner ဆုကိုလေ။ ရန်ကုန်မှာလည်း အိမ်မရှိတော့ အိမ်ရမှာလေ။ ကွက်တိပဲပေါ့။ ငါ Winner ရမယ်လို့တော့ စိတ်ထဲမထားဘူး။ ဒါပေမယ့် ခရစ္စမတ်နေ့မှာတော့ ဘုရားသခင်ကို ဆုတောင်းခဲ့တယ်။ သမီး ဒီ Winner ဆုကို ခရစ္စမတ်လက်ဆောင်အနေနဲ့လိုချင်တယ်။ ဒါပေမယ့် ဘုရားသခင်အလိုတော်အတိုင်း ဖြစ်ပါစေဆိုပြီး ဘုရားသခင်ထံ ဝန်ခံခဲ့တယ်။ ဘာသာရေးအနေနဲ့ ပြောတာတော့ မဟုတ်ပါဘူး။ သမီးရဲ့ ဒီဖြစ်တည်မှုကို ဒီမှာ ဖွင့်ချရင်း ဆုတောင်းတာပါ။ ပထမဆုံး မိန်းကလေး Winner ဖြစ်တဲ့အတွက် စကားလုံးနဲ့ ဖော်ပြလို့မရအောင် အလွန် ကျေနပ်ဝမ်းသာပါတယ်။

**မေး။ ။အခုလို ထိုက်တန်စွာရရှိခဲ့တဲ့ အောင်မြင်မှုအတွက် ညီမလေး ဆက်လက်လုပ်ဆောင်မယ့်အရာတွေကရော။**

ဖြေ။ ။ တစ်နေ့နေ့ကျရင် Winner ရမယ်ဆိုတဲ့ အိပ်မက်ကြီး၊ မမှန်းရဲခဲ့တဲ့ အရာကြီးတစ်ခုက ဒီနေ့ တကယ်ဖြစ်ရတော့ ပျော်နေပါတယ်။ အခု အချိန်ထိကို မယုံနိုင်သေးပါဘူး။ သုံးကြိမ်တိုင်တိုင် စံချိန်တင် Bottom ထိုင်ခဲ့ရပြီးမှ Winner ဆုကြီး ရခဲ့တဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ ဆုကြေးငွေတွေကိုတော့ သမီး ဒီလိုလေးလုပ်ဖို့ စဉ်းစားထားတယ်။ မိဘမဲ့ ကလေးငယ်တွေအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးသွားမယ်။ မေမေ ဆေးကုဖို့အတွက် သုံးမယ်။ TOP3 Finalist မောင်နှမတွေကို ၁၀ သိန်းစီ မျှဝေပေးမယ်၊ ၁၀ ပုံပုံရင် နှစ်ပုံကို သမီး မစ်ရှင်မှာ လုပ်မယ်။ ပြီးတော့ ပနီဆုံမှာ ဘုရားကျောင်းဆောက်ထားတာရှိတယ်။ အဲဒါကို ပြီးအောင်ဆောက်မယ်။ မြန်မာနိုင်ငံမှာရှိတဲ့ သမီးလက်လှမ်းမီသလောက်ပေါ့။ မိဘမဲ့ကလေးတွေကို သူတို့ဘက်ကနေ ရပ်တည်ပြီး သမီးလိုမျိုးပဲပေါ့၊ သူတို့ ဝါသနာပါတဲ့ ဘယ်အရာပဲဖြစ်ဖြစ်၊ အနုပညာပဲဖြစ်ဖြစ်၊ ပညာရေးပဲဖြစ်ဖြစ် ပံ့ပိုးပေးမယ်။ ထူးချွန်ပြောင်မြောက်တဲ့ ကလေးတွေအနေနဲ့ဖြစ်အောင် အများကြီး မွေးမထုတ်ပေးနိုင်ဘူးဆိုရင်တောင် အနည်းဆုံး ၁၀ ယောက်လောက်တော့ မွေးထုတ်ပေးချင်တယ်။ တစ်ခုခုဆို သူတို့ဘက်ကနေ ရပ်တည်သွားရင်း Supporting ပေးဖို့ အမြဲရှိနေသွားမှာပါ။ သူတို့ရဲ့ မိခင်အနေနဲ့ ရပ်တည်ချင်ပါတယ်။ အမေက ကျောင်းဆရာမဆိုတော့ နယ်ပြန်ပြီး အမေလုပ်ခဲ့တဲ့ ကျောင်းနှစ်ကျောင်းက ကလေးတွေအတွက်လည်း လုပ်ပေးချင်တယ်။ အမေက ပြောတယ်။ သူတို့က ဆရာမရဲ့သမီးလေး MMID မှာ ဝင်ပြိုင်တယ်ဆိုပြီး သူတို့ရတဲ့မုန့်ဖိုးလေးတွေကို စုပြီး Voting တွေပေးကြတယ်၊ အိမ်ကို သူတို့ကိုယ်တိုင်လာပြီး Voting တွေပေးကြတယ်တဲ့။ သူတို့အတွက်လည်း တစ်ခုခု အမေတို့နဲ့တိုင်ပင်ပြီး လုပ်ပေးချင်ပါတယ်။ သူတို့ကိုလည်း ဒီကနေ ကျေးဇူးတင်ပါတယ်။ သမီးက ဂီတလမ်းကြောင်းမှာ ပထမဆုံး ခြေလှမ်းစတင်ခဲ့ပြီလေ။ ရှေ့ဆက်ပြီး တဖြည်းဖြည်း သင်ယူစရာတွေရှိတာတွေကို သင်ယူပြီး စီနီယာတွေဆီကလည်း ပညာတွေ ယူရဦးမှာဖြစ်ပါတယ်။ နှိမ့်ချခြင်းနဲ့လည်း သွားရမယ်။ ဆုတောင်းခြင်းနဲ့လည်း သွားရမယ်။ ဒီထက်အများကြီး ပိုပြီးကြိုးစားဖို့လည်း လိုအပ်ပါသေးတယ်။

**မေး။ ။အက်စတာ့ကို အားပေးတဲ့ ပရိသတ်တွေအတွက် လက်ဆောင်စကားလေးပြောပါဦး။**

ဖြေ။ ။သမီးရဲ့ကြိုးစားမှုတိုင်းကို ပရိသတ်အတွက် အမြဲ ဦးစားပေးပြီး လုပ်ဆောင်သွားပါ့မယ်။ ခုချိန်မှာ သမီးလိုချင်တဲ့အိပ်မက်တွေ အကောင်အထည်ဖော်ခဲ့ပြီး အလွန်ဝမ်းသာနေပါတယ်။ သမီးကို အင်နဲ့အားနဲ့ အားပေးခဲ့၊ ပံ့ပိုးပေးခဲ့ကြတဲ့ fan တွေ၊ ပရိသတ်တွေ အားလုံးကို အတိုင်းအဆမရှိ ကျေးဇူးတင်ရပါကြောင်း ပြောပါရစေနော်။ ။




ကိုလင်း

## အာဆီယံနိုင်ငံများရှိ ရုပ်ရှင်ထုတ်လုပ်ရေးများ၏ မျက်စိကျခြင်းခံလာရသူ ပိုင်တံခွန်နှင့် တွေ့ဆုံခြင်း

ထိုင်းနိုင်ငံရှိ အမျိုးသမီးပရိသတ်များ၏ လက်ခံအားပေးမှုကို အခိုင်အမာရရှိထားသူ သရုပ်ဆောင် ပိုင်တံခွန်က လက်ရှိအချိန်တွင် အာရှနိုင်ငံများ၏ ထိပ်တန်း ရုပ်ရှင်ထုတ်လုပ်ရေးများစွာက မျက်စိကျသော သရုပ်ဆောင်တစ်ဦးလည်း ဖြစ်လာလျက်ရှိသည်။ ယခုဆိုလျှင် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံမှ ရုပ်ရှင်ကုမ္ပဏီတို့ ပူးပေါင်းပြီး သရုပ်ဆောင် ပိုင်တံခွန်ကို အဓိကဇာတ်ဆောင်နေရာမှထား၍ ကမ္ဘောဒီးယား သရုပ်ဆောင်များဖြင့် ဇာတ်ကားရိုက်ကူးရန် စာချုပ်ချုပ်ထားပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအတိုင်းအတာကို ကျော်လွန်၍ အာဆီယံနိုင်ငံများတွင်ပါ ကျော်ကြားလာသူ ပိုင်တံခွန်နှင့် တွေ့ဆုံ၍ ဆက်လက်လှုပ်ရှားမည့် အနုပညာလုပ်ငန်းများအကြောင်း မေးမြန်းဖြစ်ခဲ့သည်။



**မေး။ ။ညီလေးရေ ဂုဏ်ယူပါတယ်နော်၊ ထိုင်းနိုင်ငံအပြင် အခုဆို ကမ္ဘောဒီးယားနိုင်ငံနဲ့ပါ ဇာတ်ကားတွေ ရိုက်ကူးတော့မယ်လို့ သိရတယ်။ အဲဒီအကြောင်းပြောပြပါဦး။**

ဖြေ။ ။ဟုတ်အစ်ကို ကျေးဇူးပါဗျာ၊ LD Picture Production နဲ့ Real Bros production တို့ နှစ်ခုပေါင်းစည်းပြီးလုပ်တဲ့ The Clock : Red Wall ရုပ်ရှင်ကားမှာ ကျွန်တော့်ကို မိန်းအက်တာအနေနဲ့ သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းတယ်၊ ဇာတ်ကားရဲ့ ဒုတိယပိုင်းမှာ ကမ်းလှမ်းတာပါ။ ကမ္ဘောဒီးယားနဲ့ မြန်မာ ပေါင်းလုပ်တဲ့ရုပ်ရှင်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာတယ်၊ ကျွန်တော့်ကို အားပေးနေတဲ့ ပရိသတ် စိတ်မပျက်ရအောင် အကောင်းဆုံး ကြိုးစားပါ့မယ်၊ ဒီဇာတ်ကားကို ဘယ်လိုကြောင့် လက်ခံဖြစ်သွားလဲဆိုတော့ ဒီကားက ရုပ်ရှင်ဇာတ်လမ်းအနေနဲ့လည်း ကောင်းတယ်၊ ကာရိုက်တာအနေနဲ့လည်း ကောင်းတယ်၊ ပြီးတော့ ရိုက်ချက်တွေကလည်း ကောင်းတယ်။ International ကို ထိုးဖောက်လို့ရမယ့်ကားလေးလည်းဖြစ်တယ်၊ တကယ်ကောင်းတဲ့ ကားလေးမို့လည်း ရွေးချယ်ပြီး လက်ခံဖြစ်တာပါ။

**မေး။ ။ဒီကားအတွက် ပြင်ဆင်မှုတွေရော ဘာတွေ လုပ်ထားလဲ။**

ဖြေ။ ။ကျွန်တော်က မော်ဒယ်တစ်ဦးပါ၊ သရုပ်ဆောင်မဟုတ်ပါဘူး၊ အဲဒါကြောင့် ကျွန်တော့်မှာ အားနည်းချက်အနည်းငယ်တော့ ရှိနေပါတယ်၊ ဒါကိုလည်း ပရိသတ်တွေက ကျွန်တော်အပေါ် နားလည်ပေးနိုင်မယ်ထင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဇာတ်ကားတွေပဲ ရိုက်ရိုက်၊ ကြော်ငြာပဲ သရုပ်ဆောင်ဆောင်၊ ကျွန်တော့်အပေါ် ဝိုင်းဝန်းပြသပေးကြတဲ့ အနုပညာ မောင်နှမတွေ အများကြီး ရှိနေသလို ဒါရိုက်တာတွေလည်း ရှိကြပါတယ်၊ အခု ကျွန်တော်လည်း ရိုက်ကွင်းတွေ ရောက်ရင် သရုပ်ဆောင်ပီပြင်ဖို့ လေ့ကျင့်တာမျိုးတွေ ကြိုးစားလုပ်ဆောင်နေပါတယ်၊ ဒါရိုက်တာ အစ်ကိုတွေကိုလည်း ကျွန်တော့်ကို သင်ပေးပါ၊ ပြောပြပါဆရာဆိုပြီး ကျွန်တော့် ဘေးကနေ ဆက်တိုက်နားပူအောင်ပြောတယ်။

**မေး။ ။ တိရစ္ဆာန်လေးတွေ မွေးထားတာကရော ဘယ်လိုလဲ။**

မေး။ ။ကျွန်တော့်ဆီမှာ ခွေးရော ကြောင်ရော တိရစ္ဆာန်ပေါင်းစုံ ရှစ်ကောင်၊ ကိုးကောင်လောက် ရှိတယ်။ ကျွန်တော်က အကုန်ချစ်တယ်၊ အခုက ကျွန်တော်ဆောက်နေတဲ့အိမ်က မပြီးသေးတော့ တိရစ္ဆာန်ထားလို့မရလို့ အခုလက်ရှိ အခန်းထဲမှာပဲ သူ့အကန့်နဲ့သူထားထားရတယ်။ အိမ်ပြီးသွားရင်တော့ တိရစ္ဆာန်ဥယျာဉ်ဖွင့်မယ်။ လာကြည့်နော်။

ကိုလင်း

## ဒါရိုက်တာ မင်းဦး၏ "အဆိပ်" ရုပ်ရှင်ဇာတ်ကား ချောင်းသာ၌ စတင်ရိုက်ကူး

စာရေးဆရာမ လွန်းထားထား၏ ဝတ္ထုကို ဇာတ်ညွှန်းအဖြစ် မိုးနီလွင်က ပြန်လည်ရေးသားပြီး အောင်ခေတ်မင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ကာ ဒါရိုက်တာအဖြစ် သရုပ်ဆောင်မင်းဦးက ရိုက်ကူးသည့် "အဆိပ်"ဟု အမည်ရသော ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၂ ရက်တွင် ချောင်းသာကမ်းခြေ၌ စတင်ရိုက်ကူးနေကြောင်း သိရသည်။

ဒါရိုက်တာမင်းဦးက "ဒီကားကို အစ်ကို့အနေနဲ့ တင်ဆက်ပုံချင်း မတူအောင်တော့ ဖန်တီးထားပါတယ်။ ဒီကားက ရိုးရိုးဒရာမာကားတွေလို ဒဲ့ရိုက်ပြလို့မရတဲ့ကားမျိုး ဖြစ်နေတော့ ပြောရတာခက်တယ်။ ကိုယ့်အတွက် စိန်ခေါ်မှုရှိတယ်။ ဇာတ်အရလည်း စိန်ခေါ်မှုရှိနေတယ်။ အသက်ကြီးတဲ့ အမျိုးသမီးတွေနဲ့ အသက်ငယ်တဲ့ အမျိုးသားကြား ဖြစ်လေ့ဖြစ်ထရှိတဲ့ ဇာတ်လမ်းမျိုးပါ။ အစ်ကို့ဇာတ်က လူငယ်တွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အဖြစ်အပျက်တွေ အကြောင်းကို ပုံဖော်ထားတယ်။ ပရိသတ်တွေ Message တစ်ခုကတော့ ရမှာ သေချာပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် ကျော်ထက်အောင်ကလည်း "ဒီကားက ကိုမင်းဦး ကျွန်တော့်ကို ထပ်ပြီး ကာရိုက်တာပြောင်းထားတဲ့ ကားလေးတစ်ကား ဖြစ်ပါတယ်။ ဒီကားထဲမှာ ကျွန်တော်ရဲ့ ကာရိုက်တာက အလှုပ်ပါပဲ။ ဆိုးတဲ့ ကောင်လေးတစ်ယောက်ပါ။ ဆိုးတာကတော့ အဆုံးစွန်ထိကို ဆိုးထားရမှာပါ၊ ဆိုးတယ်ဆိုတာက မိသားစုမှာလည်း ချစ်ခြင်းမေတ္တာ မရတဲ့အတွက် သူများတွေ ချစ်ခြင်းမေတ္တာရရင်လည်း ကိုယ်က မနာလိုဘူးပေါ့။ ကိုယ့်မိသားစုဖြစ်တဲ့ အမေဘာပြောပြော ဂရုမစိုက်ဘူး၊ ကိုယ်လုပ်ချင်တာလုပ်တယ်။ ပိုက်ဆံရှိရှိမရှိရှိ လျှောက်ပြီး သုံးဖြုန်းတဲ့ပုံစံမျိုးနဲ့ ဆိုးတဲ့သူတစ်ယောက်ပါ။ စရိုက် ကားထဲမှာ ဆိုးတာတစ်မျိုး၊ ဒီကားထဲက ပိုဆိုးတာက တစ်မျိုးပါ"ဟု ဇာတ်ကောင်စရိုက်နှင့် ပတ်သက်၍ ပြောပြသည်။

အဆိုပါ အဆိပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ မျိုးသန္တာထွန်း၊ သန်းသန်းစိုး၊ မယ်လိုဒီ၊ အေးဝတ်ရည်သောင်းနှင့် နန်းဆုဦးတို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

# Captain America တွင် ပါဝင်ခဲ့သည့် သရုပ်ဆောင် မိုလီကို မိခင်အားသတ်မှုဖြင့် တရားစွဲဆို

Captain America :The first Avenger ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မိုလီဖစ်ဇ်ဂျီရက်ကိုတော့ မိခင်ကို ဓားဖြင့် ထိုးသတ်မှုနဲ့ တရားစွဲဆိုထားတယ်လို့ သိရပါတယ်။ မိုလီကို ဒီဇင်ဘာ ၃၁ ရက်မှာ လူသတ်မှုနဲ့ ဖမ်းဆီးခဲ့ပါတယ်။ ဒီဇင်ဘာ ၂၀ ရက်မှာ ကန်ဆက်မြို့ အိုလေသာမှာရှိတဲ့ နေအိမ်အတွင်းမိုလီရဲ့အသက် ၆၈ နှစ်အရွယ် မိခင်ဖြစ်သူ ပတ်ထရစ်ရှာဟာ ဓားဒဏ်ရာနဲ့ သေဆုံးနေတာကို တွေ့ရှိရတယ်လို့ အိုလေသာရဲဌာနက ပြောပါတယ်။

မိုလီကိုတော့ ဇန်နဝါရီ ၂ ရက်မှာ ရုံးတင်စစ်ဆေးမှု ပြုလုပ်ခဲ့ပြီး သူ့ဘက်ကလိုက်ပေးမယ့် ရှေ့နေကိုလည်း ငှားရမ်းခဲ့တာကို တွေ့ရပါတယ်။ သူ့ရဲ့နောက်တစ်ကြိမ် ရုံးချိန်းကတော့ ဇန်နဝါရီ ၉ ရက်မှာ ပြုလုပ်မှာပဲ ဖြစ်ပါတယ်။ မိုလီဟာ အသက် ၃၈ နှစ်ရှိပြီဖြစ်ပြီး ၂၀၁၁ ခုနှစ်က ထွက်ရှိခဲ့တဲ့ Captain America ရုပ်ရှင်ကားမှာ စတော့ဂဲလ်ဆိုတဲ့ ဇာတ်ရုပ်နဲ့ ပါဝင်ခဲ့သူလည်း ဖြစ်ပါတယ်။ အသတ်ခံရသူ ပက်ထရစ်ရှာကတော့ ဟူစတန်မြို့ကနေ ကန်ဆက်မြို့ကို ပြောင်းရွှေ့လာသူလည်း ဖြစ်ပါတယ်။ Captain America : The first Avenger ရုပ်ရှင်ကတော့ တစ်ကမ္ဘာလုံးအနှံ့ပြသမှုကနေ ဝင်ငွေသန်း ၃၇၀ ရရှိခဲ့ပါတယ်။

**စီအင်န်အင်န်**




Captain America တွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မိုလီဖစ်ဇ်ဂျီရက်။

# အမေရိကန်ကိုပြန်လာပြီး အနုပညာအလုပ်တွေ ပြန်လုပ်မယ်လို့ လင်ဆေးလိုဟန်ပြော

အသက် ၃၃ နှစ်အရွယ် ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန်ကတော့ လက်ရှိမှာ အိုမန်နိုင်ငံ မက်စကက်မြို့မှာ နေထိုင်နေပါတယ်။ နှစ်သစ်ကူးညမှာ အန်ဒရာဆင်ကော့ပါးနဲ့ အန်ဒီကိုဟင်တို့နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန်ကိုပြန်လာပြီး ရုပ်ရှင်ပြန်ရိုက်မယ်လို့ ပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ လင်ဆေးဟာ သူ့ရဲ့ ညီမဖြစ်သူ အလီယာနာလိုဟန်အတွက် မန်နေဂျာလုပ်ပေးနေပါတယ်။ လင်ဆေးရဲ့ ညီမဖြစ်သူ အလီယာနာလိုဟန်ကလည်း သရုပ်ဆောင်တစ်ဦးပါပဲ။

လင်ဆေးဟာ Among the shadows ဆိုတဲ့ ရုပ်ရှင်မှာ ပါဝင်ထားပြီး ၂၀၂၀ မတ်လ ၅ ရက်မှာ စတင်ပြသမှာပဲ ဖြစ်ပါတယ်။ စက်တင်ဘာလအတွင်းက လင်ဆေးလိုဟန်ဟာ ၁၁ နှစ်အတွင်း ပထမဆုံးသီချင်းထွက်ရှိခဲ့ပြီး Xa-nax လို့ အမည်ပေးခဲ့ပါတယ်။ အဲဒီသီချင်းကို သူ့ရဲ့အင်စတာဂရမ်အကောင့်မှာပဲ တင်ခဲ့ပြီး တရားဝင်ထွက်ရှိခဲ့ခြင်းတော့ မရှိပါဘူး။ ဒီသီချင်းနဲ့ ပတ်သက်ပြီး အန်ဒီကိုဟင်က မေးမြန်းတဲ့အခါမှာတော့ အသံသွင်းဖို့ အဆင်သင့်ဖြစ်နေပါပြီ လို့ လင်ဆေးက ပြန်လည်ဖြေကြားခဲ့ပါတယ်။ နှစ်သစ်ကူးပြီးရင် ဒီသီချင်းထွက်ရှိတော့မှာပါလို့လည်း ဖြေခဲ့ပါတယ်။

**ပီးပဲဒေ့ါကွန်း**



ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန်။



# မြန်မာစကားသမိုင်းအတွက် (၁၈)

## မောင်ခင်မင် (ဓနုဖြူ)

"ခေတ်အဆက်ဆက်ရေးခဲ့တဲ့ စာပေတွေကို လေ့လာပြီး ဘာသာစကားသမိုင်းကို ပညာရှင်တွေ ဖော်ထုတ်ကြတာမို့ အဲဒီစာပေတွေဟာ ဘာသာစကားသမိုင်းအတွက် အရေးကြီးတဲ့အထောက်အထားတွေပေ့ါကွယ်"

"အထောက်အထားတွေရဲ့ တန်ဖိုးကို ဆရာရှင်းပြလို့ ကျွန်တော်တို့သိရပါတယ် ဆရာ၊ ဆရာ့ကို ကျေးဇူးတင်ပါတယ်"

"အဲဒီစာပေအထောက်အထားတွေမှာ မူရင်းအထောက်အထားတွေကတော့ အခိုင်မာဆုံးပေ့ါကွယ်"

"ဘယ်လို အထောက်အထားမျိုးကို မူရင်းအထောက်အထားလို့ သတ်မှတ်ရပါမလဲဆရာ"

"မူလရေးစဉ်ကအတိုင်း မပြောင်းလဲဘဲရှိနေတဲ့ အထောက်အထားကို မူရင်းအထောက်အထားလို့ ခေါ်ရမှာပေ့ါကွယ်"

"ဒါဆိုရင် ကျောက်စာတွေက မူရင်းအထောက်အထားတွေပေ့ါနော် ဆရာ"

"အင်း၊ ကျောက်စာတွေ၊ မင်စာတွေ၊ အုတ်ခွက်စာ၊ စဥ့်ကွင်းစာ၊ ခေါင်းလောင်းစာ၊ အရိုးအိုးစာ အစရှိတဲ့ စာတွေဟာ မူလရေးထားတဲ့အတိုင်း မပျက်မစီးတည်ရှိနေတာမို့ မူရင်းအထောက်အထားတွေပေ့ါ"

"ဆရာ ပျို့၊ ကဗျာ၊ လင်္ကာတွေကိုရော မူရင်းအထောက်အထားလို့ မသတ်မှတ်နိုင်ဘူးလား"

"စဉ်းစားကြည့်ရအောင်။ ပျို့ဆိုပါတော့။ ပျို့တွေဟာ အင်းဝခေတ်မှာစပေါ်တဲ့ အစောဆုံးကဗျာရှည်ကြီးတွေလေ။ မော်ကွန်းတို့၊ ချေင်းတို့လည်း အပါအဝင်ပေ့ါ။ အဲဒီကဗျာတွေကို ဘယ်အပေါ်မှာ ဘာနဲ့ ရေးခဲ့ကြတာလဲ။ ဘယ်လို မှတ်သားရသလဲ"

"ပေပေါ်မှာ ကညစ်နဲ့ ရေးခဲ့ကြတယ်လို့ မှတ်သားရပါတယ်ဆရာ"

"ဒီလိုဆိုရင် အင်းဝခေတ်မှာ၊ ဆိုပါတော့ ရှင်မဟာရဋ္ဌသာရတို့၊ ရှင်မဟာသီလဝံသတို့ အဲဒီ ရဟန်းစာဆိုတော်ကြီးတွေ စပြီးရေးဖွဲ့ခဲ့တဲ့ ပေစာ မူရင်းတွေရှိမှာပေ့ါ။ ဘယ်မှာရှိမယ်ထင်သလဲ"

"ဆရာ၊ အင်းဝခေတ်က ပေစာတွေက နှစ် ၅၀၀ ကျော် ၆၀၀ လောက်ရှိပြီဆိုတော့ အခုမရှိနိုင်တော့ဘူး ထင်ပါတယ်။ ဒါလောက်ကြာကြာ မခံပါဘူး။ ပျက်စီးသွားရောပေ့ါ"

"အဲဒါအရေးကြီးတဲ့အချက်ပဲ။ အင်းဝခေတ်ကရေးတဲ့ မူရင်းပေဆိုတာ အခုထိ မပျက်မစီး ရှိနေဖို့မလွယ်ဘူး။ ကုန်းဘောင်ခေတ်က ရေးတဲ့ ပေတွေတောင် တော်တော်ရှားရှားပါးပါးကျန်မှာလေ။ နောက်တစ်ဆင့် စဉ်းစားကြည့်ရအောင်။ ရှင်မဟာရဋ္ဌသာရရေးဖွဲ့တဲ့ ကိုးခန်းပျို့ဆိုပါတော့။ ဆရာတော်ရေးခဲ့တဲ့ မူရင်းပေစာတော့ မရှိတော့ဘူး။ ဒါပေမယ့် ကိုးခန်းပျို့ကို ခုခေတ်မှာ ဆရာတို့၊ မင်းတို့ လေ့လာနိုင်ကြတယ် မဟုတ်လား။ ဘာကြောင့်ပါလိမ့်"

"မူရင်းပေကနေပြီး ခေတ်အဆက်ဆက် ပြန်ကူးခဲ့ကြလို့ ကိုးခန်းပျို့ကို မပျောက်မပျက် လေ့လာနိုင်ကြတာလို့ ထင်ပါတယ်ဆရာ"

"သမီးလည်း ပြောကြည့်ပါမယ်ဆရာ။ ပုံနှိပ်စက်တွေပေါ်လာတဲ့အခါကျတော့ အဲဒီကိုးခန်းပျို့လို ရှေးစာပေတွေကို ပုံနှိပ်တိုက်တွေက အစဉ်အဆက် ပုံနှိပ်ခဲ့ကြတာမို့ ခုခေတ်အထိ မပျောက်မပျက်ရှိနေတာလို့ ထင်ပါတယ်ဆရာ"

"ဟုတ်ပါပြီ။ ပုံနှိပ်ခေတ်ရောက်တော့ ပုံနှိပ်တိုက်တွေက ပညာရှင်တွေရဲ့ အကူအညီနဲ့ အဲဒီ ပျို့တွေ၊ မော်ကွန်းတွေ၊ ချေင်းတွေကို စနစ်တကျ တည်းဖြတ်ပြီး ပုံနှိပ်ထုတ်ဝေကြလို့ ခုခေတ်အထိ လေ့လာနိုင်ကြတာပေ့ါ။ ခုဆိုရင် အဲဒီပျို့တွေကို ကွန်ပျူတာဖန်သားပြင်ပေါ်တင်တာတို့၊ စီဒီခုတ်တာတို့တောင် လုပ်လို့ရနေပြီလေ။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ဆိုပါတော့၊ ခုခေတ်မှာ ပုံနှိပ်ထားတဲ့ ကိုးခန်းပျို့ကို မူရင်းအထောက်အထားလို့ ခေါ်နိုင်မလား"

"မခေါ်နိုင်ဘူးထင်ပါတယ် ဆရာ"

"ဘာဖြစ်လို့လဲကွဲ့"

"ပျို့စရေးတာက ခုဆိုရင် နှစ် ၆၀၀ နီးပါးရှိသွားပြီဆိုတော့ မူရင်းပေစာ မရှိနိုင်တော့ပါဘူး ဆရာ။ ခေတ်အဆက်ဆက် ကူးယူခဲ့ပြီး အခုပုံနှိပ်တဲ့ အဆင့်တောင်ရောက်နေပြီဆိုတော့ မူရင်းနဲ့ နှစ်ပေါင်းများစွာ ကွာခြားသွားပါပြီ"

"အဲဒီတော့"

"မူရင်းရေးခဲ့တဲ့အတိုင်း စာလုံးပေါင်းသတ်ပုံတို့၊ အသုံးအနှုန်းတို့ မပြောင်းမလဲရှိလိမ့်မယ်လို့ မဆိုနိုင်တော့ပါဘူး ဆရာ။ ခေတ်အဆက်ဆက် ပေကူးရင်း၊ ပုံနှိပ်ရင်း အကျအပေါက်ဖြစ်သွားတာတို့၊ စာလုံးပေါင်းကွဲပြားသွားတာတို့ အများကြီးဖြစ်နိုင်ပါတယ်ဆရာ။ ဒါကြောင့် ကိုးခန်းပျို့ ပေမူတွေ၊ ပုရပိုက်မူတွေ၊ ပုံနှိပ်မူတွေကို မူရင်းအထောက်အထားတွေလို့ ပြောဖို့ခက်မယ်ထင်ပါတယ်"

"သားပြောတာ သဘာဝကျပါတယ်" ဒါကြောင့် ပေတွေမှာ စာလုံးပေါင်းသတ်ပုံတို့၊ စကားအသုံးအနှုန်းတို့ မူကွဲတွေ တွေ့ရတဲ့အတွက် ပုံနှိပ်တဲ့အခါ ပြန်ပြီးတည်းဖြတ်ကြရတာပေ့ါ။ ဒီတော့အချုပ်ပြောရရင် ကျောက်စာ၊ မင်စာ၊ စဥ့်ကွင်းစာ၊ အုတ်ခွက်စာ စတဲ့ခေတ်ပြိုင် မူရင်းစာတွေကလွဲရင် ကျန်တဲ့စာတွေကို မူရင်းအဖြစ် မသတ်မှတ်နိုင်ပါဘူးကွယ်"

"သြော်..နားလည်ပါပြီဆရာ"

"ဒီစာတွေဟာ မူရင်းမဟုတ်တော့လို့ တန်ဖိုးမရှိတော့ဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော်။ မူရင်းလောက် မခိုင်မာဘူး။ မူရင်းလို ခိုင်မာတဲ့အထောက်အထားမဖြစ်နိုင်ဘူးလို့ ပြောတာပါ"

> **"ကဲ…ရှင်မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့မှာ ကြည့်ရအောင်။ တစ်နေရာမှာ 'ကြာနေပြက်သို့၊ ပျောက်ပျက်လွယ်စွာ' လို့ 'ပြက်' နဲ့ 'ပျက်' ကို ခွဲထားလုပ်ပြီး ဖွဲ့ထားတယ်။ နေရောင်ကလေး လက်ခနဲ ပြက်လိုက်သလို ပျောက်ပျက်လွယ်တယ်လို့ ဆိုလို့တာလေ။ နေရောင်ပြက်တာက ရရစ်၊ ပျောက်ပျက်တာက ယပင့်ဆိုတာကို ကွဲကွဲပြားပြား ခွဲနိုင်အောင်ဖွဲ့ခဲ့တဲ့ မူရင်းအထောက်အထားလို့ ဆိုရမှာပေ့ါကွယ်"**

"ဟုတ်ကဲ့"

"မှတ်သားဖို့ တစ်ခုပြောရဦးမယ်။ စာလုံးပေါင်းသတ်ပုံတွေ တစ်ခေတ်နဲ့တစ်ခေတ် ဝိဝါဒကွဲတွေရှိတယ်။ ယပင့်၊ ရရစ်ကွဲတာ၊ တသတ်ပသတ်ကွဲတာ စသည်ဖြင့်ပေ့ါ။ ဒီတော့ အသုံးညီညွတ်အောင် စာလုံးပေါင်းသတ်ပုံကို မြန်မာမင်းတွေ လက်ထက်ကတည်းက ညှိနှိုင်းသတ်မှတ်ပြဋ္ဌာန်းပေးတဲ့ အစဉ်အလာဟာ ခုခေတ်အထိရှိပါတယ်။ ခုခေတ်မှာ နိုင်ငံတော်အစိုးရက မြန်မာစာအဖွဲ့က ပြုစုတဲ့ စာလုံးပေါင်းသတ်ပုံကျမ်းအတိုင်း တညီတည်းသုံးဖို့ ပြဋ္ဌာန်းထားတယ်လေ။ ပညာရှင်ချင်းအယူအဆကွဲတာတွေလည်း ရှိတာပေ့ါ။ ဒါပေမယ့် ဒီလို ပြဋ္ဌာန်းလိုက်တော့ တညီတညွတ်တည်း ရေးကြရတာမို့ အငြင်းပွားစရာ ပြဿနာမရှိတော့ဘူးလေ။ ဒါကြောင့် သတ်မှတ်ချက်တစ်ခုရှိတယ်။ ကျောက်စာ၊ မင်စာ စတဲ့မူရင်းအရေးအသားတွေကလွဲရင် ကျန်တဲ့စာတွေအားလုံးကို ပြဋ္ဌာန်းထားတဲ့ စာလုံးပေါင်းသတ်ပုံနဲ့ညီအောင် ပြင်ဖို့၊ ရေးဖို့ ဆိုတဲ့ သတ်မှတ်ချက်ပဲကွဲ့"

"မှတ်သားထားပါ့မယ်ဆရာ"

"တချို့ပုဂ္ဂိုလ်တွေကတော့ ရှေးကပုံနှိပ်တဲ့ ပျို့၊ ကဗျာ၊ လင်္ကာတွေကို မူရင်းတွေလို့ ညွှန်းလေ့ရှိကြတယ်။ မူရင်းဟုတ် မဟုတ် စူးစမ်းကြည့်ရင် အခုဆရာပြောသလိုပဲ မပြောင်းလဲတဲ့ ကျောက်စာ၊ မင်စာလို စာမျိုးကလွဲရင် ဘယ်စာကိုမှ မူရင်းအထောက်အထားလို့ ခေါ်လို့မရပါဘူးကွယ်။ အထူးသဖြင့် သုတေသနပြုတဲ့နေရာမှာ ဒီအချက်ဟာ အရေးကြီးပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲ…မူရင်းအထောက်အထား မဟုတ်ပေမယ့် မူရင်းအထောက်အထားအဖြစ် မှတ်ယူနိုင်တဲ့ အရေးအဖွဲ့တွေတော့ ရှိပါတယ်။ ရှေးကဗျာ၊ လင်္ကာတွေမှာ အသတ်တို့၊ အပင့် အရစ်တို့၊ အသံတို့ကို သိသာကွဲပြားအောင် ကာရန်စနစ်၊ အသံစနစ်တွေနဲ့ ထည့်သွင်းစပ်ဆိုထားတဲ့ အဖွဲ့တွေပဲကွဲ့"

"ဘယ်လိုအဖွဲ့တွေဆိုတာ သမီးတို့သဘောမပေါက်ဘဲ ဖြစ်နေပါတယ်။ သဘောပေါက်အောင် ရှင်းပြပေးဖို့ တောင်းပန်ပါရစေဆရာ"

"အေးပါ။ ဒီအတိုင်းပြောလိုက်ရုံနဲ့ သဘောပေါက်မှာမဟုတ်ဘူးဆိုတာ ဆရာသတိထားမိပါတယ်။ ဒီနေရာမှာ ကြိုသိထားဖို့က ရှေးကဗျာစာဆိုတွေဟာ ကိုယ်ဖွဲ့ချင်တဲ့အကြောင်းအရာကို ကဗျာဖွဲ့ရင်း မြန်မာစာအရေးအသားဖြစ်တဲ့ အသတ်တို့၊ အပင့်အရစ်တို့ မှန်အောင်ထိန်းသိမ်းစောင့်ရှောက်တဲ့တာဝန်ကိုလည်း ယူကြရတယ်ကွဲ့"

"ဘယ်လို တာဝန်ယူတာပါလဲဆရာ"

"အသတ်ဆိုပါတော့။ တသတ်နဲ့ ပသတ်၊ နသတ်နဲ့ မသတ် အသံတူပြီး အရေးကွဲတာမို့ မှားနိုင်တယ်မဟုတ်လား။ ပျို့စာဆို၊ မော်ကွန်းစာဆို၊ ချေင်းစာဆိုတွေက အသတ်မမှားရအောင် ကဗျာထဲမှာ အသတ်တူကာရန်ယူပြီး ဖွဲ့တတ်ကြတယ်။ အဲဒီအဖွဲ့ကိုလည်း အစဉ်အဆက်ထိန်းသိမ်းကြတော့ မူရင်းသဘော ပျက်မသွားဘူး။ မူရင်းအတိုင်းပဲ အစဉ်အဆက်ရှိနေတာပေ့ါကွယ်"

"သာဓကကလေး သိပါရစေဆရာ"

"ဆရာတို့ ညွှန်းခဲ့တဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့ကိုပဲ ပြန်ညွှန်းရအောင်။ စာဆိုက ပျို့နိဂုံးမှာ 'ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကျန်းမာန်လျှော့၊ ငါကန်တော့၏ 'တို့ ဖွဲ့တယ်မဟုတ်လား"

"သမီးတို့ သင်ယူခဲ့ရပါတယ်ဆရာ"

"အဲဒီမှာ ကာရန်ကိုကြည့်ရင် 'ခန်း- ပန်း- ကျန်း' ဆိုပြီး နသတ်ကာရန်အသတ်တူ ဖွဲ့ထားတယ်လေ။ တွေ့တယ်မဟုတ်လား၊ နောက်ပိုင်းမှာ တချို့က စိတ်ကြွမ်းတမ်းတာကို ဆိုလိုတာထင်ပြီး 'စိတ်ကြမ်းမာန်လျှော့' လို့ ရေးမှ မှန်တယ်လို့ ထင်ကြတယ်။ အဲဒီလို ရေးရင် ကာရန်သုံးချက်စလုံး နသတ်မဟုတ်ဘဲ မသတ်တစ်ခုဝင်ဖောက်နေမှာပေ့ါ။ 'ကျန်း' ဆိုတာ မာတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ အခု 'ကျန်းမာ' လို့ သုံးနေတာပဲ။ စာဆိုက စိတ်မာကျောခက်ထန်ခဲ့တာကို 'စိတ်ကျန်း'လို့ ရေးတာလေ။ ဒီတော့ ဒီအဖွဲ့မှာ 'ကြမ်း' နဲ့ 'ကျန်း' မှာ 'ကျန်း' က မူရင်းဖြစ်ကြောင်း ဒီနသတ်ကာရန်သုံးချက်က သက်သေပြနေတာပေ့ါကွယ်"

"နားလည်ပါပြီဆရာ"

"ဒါက သာဓကတစ်ခုပြတာပါ။ အဲဒီလိုပဲ ယပင့်နဲ့ ရရစ်ဟာလည်း အသံတူပြီး အရေးကွဲလို့ မှားနိုင်တယ်။ အဲဒီပြဿနာပြေလည်ဖို့ စာဆိုတွေက ယပင့်နဲ့ ရရစ်ကို အနီးကပ်ကာရန်ယူပြီး ဖွဲ့လေ့ရှိကြတယ်။ ယှဉ်ပြီးဖွဲ့တော့ ခွဲခြားနိုင်တာပေ့ါ။ ကဗျာထဲမှာ ယပင့်နဲ့ ရရစ်နဲ့ ခွဲထားပြီး ဖွဲ့တဲ့အတွက် 'ခွဲထား' လို့ခေါ်ကြတယ်။ ကဲ… ရှင်မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့မှာ ကြည့်ရအောင်။ တစ်နေရာမှာ 'ကြာနေပြက်သို့၊ ပျောက်ပျက်လွယ်စွာ' လို့ 'ပြက်' နဲ့ 'ပျက်' ကို ခွဲထားလုပ်ပြီး ဖွဲ့ထားတယ်။ နေရောင်ကလေးလက်ခနဲ ပြက်လိုက်သလို ပျောက်ပျက်လွယ်တယ်လို့ ဆိုလို့တာလေ။ နေရောင်ပြက်တာက ရရစ်၊ ပျောက်ပျက်တာက ယပင့်ဆိုတာကို ကွဲကွဲပြားပြား ခွဲနိုင်အောင်ဖွဲ့ခဲ့တဲ့ မူရင်းအထောက်အထားလို့ ဆိုရမှာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

# မေတ္တာမြို့ ဟိန္ဒားကျေးရွာ၌ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲ ကျင်းပ

**မေတ္တာ ဇန်နဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့သည် ယမန်နေ့က ထားဝယ်ခရိုင် မေတ္တာမြို့ ဟိန္ဒားကျေးရွာ ချမ်းမြေ့ဘုန်းတော်ကြီးကျောင်း၌ ဟိန္ဒားကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ ပြုလုပ်ကြောင်း သိရသည်။



တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲ ကျင်းပစဉ်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောလုကာတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘတ်ဂျက်ငွေ သုံးစွဲရမှုအခြေအနေများ၊ လွှတ်တော်အတွေ့အကြုံများ လက်ရှိသွားနေသည့် နိုင်ငံရေးလမ်းကြောင်းများကို ရှင်းလင်းပြောကြားခြင်းနှင့် ဒေသတွင်း လိုအပ်ချက်များ၊ ပြည်သူ့အသံများကို နားထောင်ပြီး လိုအပ်ချက်များကို လွှတ်တော်တွင် တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများက သိလိုသည့်အကြောင်းအရာများ၊ လိုအပ်နေသည့် ကျန်းမာရေး၊ ပညာရေး၊ မြေယာဥယျာဉ်၊ ခြံတို့အတွက် ပိုင်ဆိုင်မှုမြေဂရန်များရရှိရေး၊ အိမ်ထောင်စု/မှတ်ပုံတင်များ ရရှိရန် ခက်ခဲနေသည့် အကြောင်းများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒေသခံပြည်သူများက လိုအပ်သည်များကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တင်ပြချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်နောင်စိုး( ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၂၁ ခု အကောင်အထည်ဖော်ဆောင်ရွက်မည်

**ပွင့်ဖြူ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၆၅ ဒသမ ၇၁ သန်းဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၂၁ ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် မြို့တွင်းရှိ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ကတ္တရာလမ်းများ ချဲ့ထွင်ပြုပြင်ခြင်း၊ ဈေးတွင်းလမ်းများ ကောင်းမွန်အောင် ပြုပြင်ခြင်းနှင့် မြို့ပြသာယာလှပရေး လမ်းဘေးပလက်ဖောင်းများ ပြုပြင်မွမ်းမံခြင်း၊ ပန်းအလှပင်များ နှင့် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်း၊ ရပ်ကွက်များအတွင်း အမှိုက်များ စနစ်တကျ သိမ်းဆည်းခြင်း လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း ဌာန၏ခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဌာနခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေနဲ့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း ၂၁ ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အကောင်အထည်ဖော် ဆောင်ရွက်မယ့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေကတော့ မြို့တွင်းလမ်းတွေဖြစ်တဲ့ (၃)လမ်း အရှည်ပေ ၃၃၆၀ ပေကို ခွင့်ပြုငွေကျပ် ၃၆ သန်းဖြင့် ကတ္တရာလမ်းအကျယ်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ (၅) လမ်းအရှည်ပေ ၅၆၈၀ ပေအား ခွင့်ပြုငွေကျပ် ၁၃၈ ဒသမ ၄ သန်းဖြင့် ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ (၂) လမ်း အရှည်ပေ ၂၃၀၀ ပေကို ခွင့်ပြုငွေကျပ် ၃၀ ဒသမ ၂၅ သန်းဖြင့် ကတ္တရာလမ်းသစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ခွင့်ပြုငွေကျပ် ၁၈ သန်းဖြင့် အလျား (၂၀ X ၇ X ၄ ) ပေရှိ ကွန်ကရစ်တံတား ခြောက်စင်း တည်ဆောက်ခြင်း၊ ခွင့်ပြုငွေကျပ် (၁၀၇ ဒသမ ၀၆ သန်းဖြင့် အရှည်ပေ ၅၅၂၀ အုတ်ရေနုတ်မြောင်း သုံးခု တူးဖော်ဆောင်ရွက်ခြင်း ၊ ခွင့်ပြုငွေကျပ်ရှစ်သန်းဖြင့် အခြားလုပ်ငန်းတစ်ခုနဲ့ ခွင့်ပြုငွေကျပ် ၂၈ သန်းဖြင့် (ယာဉ်/စက်) ဝယ်ယူခြင်းလုပ်ငန်းတစ်ခု စုစုပေါင်း မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း၂၁ ခုကို ဌာနခွင့်ပြု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၆၅ ဒသမ ၇၁ သန်းဖြင့် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပါတယ်” ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းက ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# ဟုမ္မလင်းဒေသ၌ အော်ဂဲနစ်လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးကြိုးပမ်း

**ဟုမ္မလင်း ဇန်နဝါရီ ၃**

ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ လက်ဖက်စိုက်ခင်း၌ ဒီဇင်ဘာ နောက်ဆုံးပတ်က ဒေသနေ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေးရာ လက်ဖက်၏ အသုံးဝင်မှု၊ ကမ္ဘာ့ဈေးကွက်ထိုးဖောက်နိုင်မှုနှင့် ဈေးကွက်အလားအလာများကို လည်းကောင်း၊ ဟုမ္မလင်းဒေသ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုအတွက် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ လက်ဖက်စိုက်ပျိုးရေး အဆင့်မြင့် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ဟုမ္မလင်းဒေသ လက်ဖက်စိုက် ဖွံ့ဖြိုးရေးအတွက် ဒေသခံလူငယ်များ စိုက်ပျိုးရေးသိပ္ပံသို့ တက်ရောက်နိုင်ရေးနှင့် ဟုမ္မလင်း စိုက်ပျိုးရေးသိပ္ပံ သင်ရိုးညွှန်းတမ်းတွင် လက်ဖက်ဘာသာရပ်ကို အထူးပြုသင်ကြားပေးရန် စီစဉ်ထားရှိမှုကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။



လက်ဖက်စိုက်ခင်းအား တာဝန်ရှိသူတို့ လေ့လာကြည့်ရှုစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ လက်ဖက်စိုက်ကျေးရွာပေါင်း ၃၃ ရွာရှိပြီး စိုက်ဧက ၈၈၉၄ ဧကတွင် တောင်သူ ၂၀၈၂ ဦးတို့က သမားရိုးကျနည်းဖြင့် လက်ဖက် စိုက်ပျိုးလျက်ရှိသည်။ လက်ရှိ အခြေအနေတွင် အဆိုပါ လက်ဖက်စိုက်ခင်းများ၌ ပိုးသတ်ဆေးနှင့် ဓာတုသွင်းအားစုများ အသုံးပြုမှု လုံးဝမရှိပဲ သဘာဝနည်းဖြင့် စိုက်ပျိုးထားရှိသည့်အတွက် အော်ဂဲနစ်ထွက်ကုန်အဖြစ် ထုတ်လုပ်နိုင်လျက်ရှိရာ အဆင့်မြင့် စိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ အသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ စေလွှတ်၍ သင်တန်းများ ဆောင်ရွက်ပေးနိုင်ရန်၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ အသင်းအဖွဲ့များ ဖွဲ့စည်းစေပြီး လက်ဖက်သီးနှံ ဈေးကွက်ထိုးဖောက်နိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ရန်၊ ပြည်တွင်း ပြည်ပသို့ လေ့လာရေးခရီးများ စေလွှတ်ရေး ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ကဒေသအရောက် ကွင်းဆင်း ဆောင်ရွက်ကြခြင်းဖြစ်သည်။

မေမိုးသဲ

## ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။




ဤသို့ အဆိုးရွားဆုံးပုံစံများတွင် ကလေးသူငယ်များ ကျွန်ပြုခံရခြင်း၊ ပြင်းထန်သော ဘေးဥပဒ်နှင့် နာမကျန်းရောဂါတို့မှ အကာအကွယ်မဲ့စေခြင်း(သို့) မြို့ကြီးပြကြီးများရှိ လမ်းများပေါ် ရံဖန်ရံခါ အသက်အရွယ်အလွန်ငယ်သူများပင် ဝမ်းရေးရှာဖွေစားသောက်ရခြင်းတို့ ပါဝင်ပါသည်။ အလုပ်၏ သီးခြားအလုပ်ပုံစံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကလေးအလုပ်သမားဟု ခေါ်ဆိုနိုင်ရန်မှာ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ရည်ရွယ်ချက်များနှင့် လုပ်ဆောင်ရသော အခြေအနေများ၊ ကလေးအသက်၊ အလုပ်အမျိုးအစားနှင့် အလုပ်ချိန်တို့အပေါ် မူတည်ပါသည်။ နိုင်ငံတွင်းရှိ လုပ်ငန်းကဏ္ဍများအလိုက်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဖြေကွဲပြားခြားနားမှု ရှိပါသည်။

**ကလေးအလုပ်သမားသည် ကာယကံရှင်အတွက်သာမက နိုင်ငံအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား ဦးစားပေးလုပ်ဆောင်ရာတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်အနှောင့်အယှက်ဖြစ်စေပြီး လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုမြင့်မားစေသည်။**

**ကလေးအလုပ်သမားများသည် ပညာရည်နည်းပါးမှုနှင့် နိမ့်ကျသောအလုပ်စွမ်းအားဖြင့် လည်ပတ်နေရ၍ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ယှဉ်ပြိုင်နိုင်မှုကို အကျိုးသက်ရောက်စေနိုင်သည်။**

ပါဝင်ပတ်သက်သူများ၏ တုံ့ပြန်ချက်



ဤဖြစ်စဉ်၏ ကွဲပြားသောအကြောင်းရင်းခံများကို ကိုင်တွယ်ဖြေရှင်းရန် အလို့ငှာ ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူအားလုံးအနေဖြင့် အလုံးစုံချဉ်းကပ်မှုတစ်ရပ်ကို လက်ခံကျင့်သုံးရန် လိုအပ်ပေသည်။ ကလေးအလုပ်သမားကိစ္စတွင် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများအပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံး၏ အပြုသဘောဆောင်သော တုံ့ပြန်မှုလိုအပ်ပါသည်။ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အစီအစဉ်တို့တွင် သက်ဆိုင်သူအားလုံးမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာငွေသတ်မှတ်ရေးနှင့် ဘဏ္ဍာရေးအရင်းအမြစ်များအတွက် ပုံမှန်ကတိကဝတ်ပြုမှုအပေါ် အာရုံစိုက်အလေးထားရန် အထူးလိုအပ်ပေသည်။

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ကံမ ဇန်နဝါရီ ၃**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါပွဲတော်တွင် ဌာနဆိုင်ရာအလွတ်တန်းဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်ပြိုင်ပွဲများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကျင်းပသည့် ကလေးပြပွဲပြိုင်ပွဲများ ပါဝင်ပြီး ဇာတ်ပွဲနှင့်အနယ်နယ်အရပ်ရပ်မှ လာရောက် ရောင်းချလျက်ရှိသည့် ဈေးဆိုင်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျာဝင်း(ပြန်/ဆက်)

# ကန်ရေပြာပြာ ဂျီနီဗာ သို့မဟုတ် ကယ်လ်ဗင်နစ်ဇင်

**နေလင်းဦး**

**ဂျနီဗာ ကန်ရိုးဝယ်**
**တောင်ခိုးနှင့်တိမ်၊ ရောယှက်လိမ်လျက်**
**တိမ်နှင့်တောင်ခိုး၊ တောင်ကိုမိုး၍**
**မိုးကိုမမြင်၊ ကန်ရေပြင်တွင်**
**ငွေသွင်တိမ်ရိပ်၊ ကူးသတည်း။ ။**

**မင်းသုဝဏ်**

နွေဦးက ဆောင်းရဲ့အငွေ့အသက်မကုန်တတ်သေး။ ကန်ရေပြင်ဖြတ်ပြီးတိုက်ခတ်လာတဲ့ လေဟာ ရိုးတွင်းချဥ်ဆီအထိ အေးစိမ့်လို့။ နေစောင်းနေပြီမို့ ဟိုတယ်ကို ပြန်ဖို့ တွေးလိုက်မိပေမယ့် ထိုင်နေတဲ့ ခုံတန်းလျားလေးကနေ မထချင်သေး။ ဆက်ထိုင်နေချင်သေးတယ်။ ထပ်ပြီး ငေးနေ၊ တွေးနေချင်သေးတယ်။

ကန်ရဲ့တစ်ဖက် ကုန်းမို့မို့ညို့ညို့တွေအပေါ်မှာ အိမ်လေးတွေက အစီအရီ။ ကန်ရေပြင်ပေါ်မှာ ဇာမြူပုဝါ ပါးပါးက ကန့်လန့်ကာထားလို့ မှုန်ရီရီဖြစ်နေပေမယ့်လည်း မြင်နေနိုင်သေးတယ်။ ဒီမှာ တာဝန်ထမ်းဆောင်နေတဲ့ သူငယ်ချင်းပြောတာကတော့ အဲဒီဘက်ခြမ်းမှာ လူကုံထံတွေ သာနေသတဲ့။ ဒါပေမယ့် အိမ်ကြီးကြီးမားမား၊ ခမ်းခမ်းနားနားတွေ မတွေ့ရ။ သာမာန် သူလို၊ ငါလို အဆောက်အအုံများသာ။

ကျွန်တော့်ရဲ့ညာဘက်မျက်စောင်းထိုးမှာ ဂျီနီဗာမြို့ဟောင်းကို ပြင်သစ်ပိုင်နယ်ထဲက ဂျူရယ် (Jura) တောင်တန်းက နောက်ခံပြုထားတယ်။ တောင်ခိုးတွေက ဆိုင်းလို့၊ တိမ်ခိုးတွေနဲ့ ထွေရောယှက်တင်ဖြစ်နေတာကို ကြည့်ပြီး ဆရာမင်းသုဝဏ်ရဲ့ ဂျနီဗာကန်ရိုးဝယ်ဆိုတဲ့ ကဗျာကို သတိရလိုက်မိတယ်။ တောင်ခိုးနဲ့တိမ် ရောယှက် လိမ်ပြီး ကန်ရေပြင်ပေါ်တွင် ငွေရောင်အရိပ် ထင်သတဲ့ ......။

ဂျီနီဗာကန်ကို စမြင်စက ပင်လယ်ဝလို့တောင် ထင်မိတယ်။ ကန်က ကြီးလွန်းတော့။ ကန်ရိုးတစ်လျှောက်မှာ ညနေဆို ပြေးသူ၊ လမ်းလျှောက်သူ၊ ခုံတန်းတွေမှာ၊ မြက်ခင်းစိမ်းစိမ်းတွေမှာ ထိုင်ပြီးအပန်းဖြေ အနားယူသူတွေနဲ့ စည်ကားနေလေ့ရှိတယ်။ ဒါပေမယ့် လူတွေတရုံးရုံးဖြစ်နေတာမျိုးလည်း မဟုတ်ပြန်ဘူး။ တိတ်ဆိတ်လွန်းတာ၊ ဆူညံလွန်းတာမဟုတ်တဲ့ နေချင်စဖွယ်သက်ဝင်လှုပ်ရှားနေရုံမျှသာ။ ဒီလိုအချိန်ဆို လမ်းလျှောက်လို့လည်းကောင်းသလို အညောင်းအညာဖြေရင်း ကန်ရေပြင်ကို မျက်နှာမူထားတဲ့ ခုံတန်းလေးမှာ ကျွန်တော့်လို ထိုင်နားလို့ လည်းကောင်းတယ်။

ကျွန်တော့်ရဲ့ကျောဖက်ခြမ်းမှာ ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၂၀၀ ကျော် ရုံးစိုက်ရာ ဂျီနီဗာမြို့။ ဒီမြို့ကို မရောက်ဖူးခင်က စိတ်ထဲထင်ထားတာ မိုးပျံအဆောက်အအုံတွေ၊ ခေတ်မီ သစ်လွင်တဲ့ လူနေအိမ်တွေ၊ နိစ္စဓူဝပျားပန်းခတ်သွားလာနေကြတဲ့ လူတွေတွေ့ရလိမ့်မယ်ပေါ့။ ဒါပေမယ့် တကယ်တမ်းတော့ မြင့်မြင့်မားမားအဆောက်အအုံ များများစားစားသိပ်မရှိ။ အရောင်အသွေးကလည်း တောက်တောက်ပြောင်ပြောင်မဟုတ်။ မှိန်မှိန်မွဲမွဲ။ တချို့ဆို ရေညှိပင် တက်နေလိုက်သေးတယ်။ လူသွားလူလာ၊ ယာဉ်သွားယာဉ်လာလည်း ကျပ်ကျပ်တည်းတည်းမရှိ။ သွားလာလှုပ်ရှားနေကြတာကလည်း သက်သောင့်သက်သာ အေးအေးဆေးဆေးရှိလှတယ်။ အလျင်လို၊ ပြာယာခတ်တာမျိုး မတွေ့ရ။ တောမြို့လေး တစ်မြို့ ရောက်နေသလို ခံစားမိတယ်။

**ကယ်လ်ဗင်နစ်ဇင်**

ဒါကို ကျွန်တော်တို့သင်တန်းကို တာဝန်ယူထားတဲ့ အဲလ်ဘတ်ကို ပြောပြမိတယ်။ သူက ဘာသာရေးပြုပြင်ပြောင်းလဲရေးသမား ဂျွန်ကယ်လ်ဗင် (John Calvin: 1509–1564) ကြောင့်တဲ့။ ကယ်လ်ဗင်နစ်ဇင် (Calvinism) ကြောင့်တဲ့။ ဂျွန်ကယ်လ်ဗင်ဟာ ပရိုတက်စတင့်ကျောင်းတော်ကို အုတ်မြစ်ချပုံဖော်ပေးခဲ့သူတွေထဲမှာပါတယ်။ သူဟာ ဂျီနီဗာမှာ အနေများခဲ့ပြီး ဆွစ်ဇာလန်ရဲ့ ဒီမိုကရေစီစနစ်အပေါ်သာမက ကျင့်ဝတ်ဆိုင်ရာ၊ ငွေကြေးဆိုင်ရာ တွေးခေါ်မြော်မြင်မှုတွေမှာပါ သူ့ရဲ့ဩဇာလွှမ်းမိုးမှုက ကြီးမားတယ်။

ဂျွန်ကယ်လ်ဗင်ရဲ့ ဓနဥစ္စာနဲ့ပတ်သက်တဲ့ အယူအဆတစ်ရပ်က ငွေကြေးဓနဥစ္စာဆိုတာ ရှာဖွေ စုဆောင်းထိုက်တယ်။ တိုးပွားအောင် ကြံဆောင်ရမယ်။ ဒါပေမယ့် ဒါတွေကို ဂုဏ်ဒြပ်တစ်ခုအနေနဲ့၊ ဝါကြွားမှုတစ်ခုအနေနဲ့ ထုတ်ဖော်မပြသသင့်ဘူးတဲ့။ ဒီအယူအဆကြောင့် ဆွစ်လူမျိုးတွေဟာ ငွေကြေးဥစ္စာကို ရှာဖွေစုဆောင်းကြပေမယ့် အဲဒါတွေနဲ့ အိမ်အကောင်းစားတွေ ဝယ်မယ်၊ ကားအကောင်းစားကြီးတွေ စီးမယ်၊ အသုံးအဆောင်ပစ္စည်းအကောင်းစားတွေဝယ်ပြီး ဇိမ်ခံလိုက်မယ် ဆိုတာမျိုး မရှိကြဘူးတဲ့။ ဥပမာ ဆွစ်ဇာလန်ဟာ ဈေးကြီးပေ့ဆိုတဲ့ ကမ္ဘာကျော်နာရီအကောင်းစားတွေ ထုတ်ပေမယ့် အဲလိုနာရီမျိုးတွေကို ဆွစ်လူမျိုးတွေက သိပ်ဝယ်ပတ်လေ့ မရှိကြဘူးတဲ့။ ငွေကြေး ဥစ္စာကိုရှာဖွေစုဆောင်းတယ်။ တိုးပွားအောင်လုပ်တယ်။ ဒါပေမယ့် အသုံးအစွဲခြိုးခြံချွေတာကြတယ်တဲ့။ တိုက်တာအဆောက်အအုံတွေဟာ ကြွားကြွားကြွကြွမရှိကြတာ ကယ်လ်ဗင်နစ်ဇင်ကြောင့် လည်းပါသတဲ့။

**ဆွစ်ဖက်ဒရယ်လစ်ဇင်**

တစ်ရက် ကျွန်တော်တို့တတွေ ဗယ်လေကန်တုံ

> ❒ **ဂျီနီဗာကန်ကို စမြင်စက ပင်လယ်ဝလို့တောင် ထင်မိတယ်။ ကန်က ကြီးလွန်းတော့။ ကန်ရိုးတစ်လျှောက်မှာ ညနေဆို ပြေးသူ၊ လမ်းလျှောက်သူ၊ ခုံတန်းတွေမှာ၊ မြက်ခင်းစိမ်းစိမ်းတွေမှာ ထိုင်ပြီး အပန်းဖြေ အနားယူသူတွေနဲ့ စည်ကားနေလေ့ရှိတယ်။ ဒါပေမယ့် လူတွေတရုံးရုံးဖြစ်နေတာမျိုးလည်း မဟုတ်ပြန်ဘူး။ တိတ်ဆိတ်လွန်းတာ၊ ဆူညံလွန်းတာမဟုတ်တဲ့ နေချင်စဖွယ်သက်ဝင်လှုပ်ရှားနေရုံမျှသာ။**

(Canton of Valais)က အေယန်ဒေသကို အဲလ်ဘတ်နဲ့ အတူ အလည်သွားကြတယ်။ ဗယ်လေဟာ အဲလ်ဘတ်ရဲ့ မွေးရပ်မြေလည်းဖြစ်တယ်။ လမ်းတလျှောက် သူက ဆွစ်ရဲ့ အာဏာခွဲဝေပုံစနစ်ကို အကျဉ်းပြောပြတယ်။ အခုခရီးဟာလည်း လေ့လာရေးခရီးတစ်ခုဆိုလည်း မမှားဘူး။ ကျွန်တော်တို့ ဆွစ်ရဲ့ အခြေခံအကျဆုံးနိုင်ငံရေး ယူနစ်တစ်ခုကို ကိုယ်တိုင်ကိုယ်ကျ သွားလေ့လာကြတာ။

ဆွစ်ဇာလန်ရဲ့ ဖက်ဒရယ်စနစ်မှာ အဆင့် သုံးဆင့်ရှိတယ်။ ပထမတစ်ခုက ကွန်မြူးအဆင့်၊ ဒုတိယက ကန်တုံအဆင့်နဲ့ တတိယက ဖက်ဒရယ်အဆင့်တို့ဖြစ်တယ်။ ဒါကြောင့် အေယန်ဒေသဟာ ဆွစ်ဖက်ဒရယ်စနစ်မှာ အခြေခံအကျဆုံး နိုင်ငံရေးယူနစ်တစ်ခုပေါ့။ ကွန်မြူးတွေစုလိုက်ရင် ကန်တုံတစ်ခုဖြစ်တယ်။ ဆွစ်ဇာလန်မှာ ကွန်မြူးပေါင်း ၂၃၀၀ ကျော်ရှိပြီး ကန်တုံပေါင်း ၂၆ ရှိတယ်။

တကယ်တမ်း နိုင်ငံရေးအာဏာ ကြီးမားတာကတော့ ကန်တုံတွေပဲဖြစ်တယ်။ ကန်တုံတွေဟာ အကျယ်အဝန်း၊ လူဦးရေအချိုးအစား အဆင့်အတန်းအားဖြင့် မတူကြပေမယ့်လည်း လုပ်ပိုင်ခွင့်က တန်းတူရည်တူပဲဖြစ်တယ်။ ကန်တုံတိုင်းမှာ ကိုယ်ပိုင် အခြေခံဥပဒေ၊ အစိုးရ၊ ပါလီမန်၊ တရားရေး စတာတွေရှိတယ်။ ကန်တုံတွေ ပူးပေါင်းဆောင်ရွက်ရမယ့် ကိစ္စမျိုးတွေမှသာ ဖက်ဒရယ်အဆင့်ကို သွားတယ်။ ဥပမာ နိုင်ငံခြားရေးလို၊ ကာကွယ်ရေးလို ကိစ္စမျိုးတွေဖြစ်တယ်။

ကွန်မြူးတစ်ခုစီရဲ့ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ အခွန်အခကောက်ခံ စုဆောင်းရေး စတာတွေကို သက်ဆိုင်ရာ ကန်တုံတွေက တာဝန်ယူရတယ်။ ကွန်မြူးတွေကို သူတို့ ဒေသက ရွေးကောက်တင်မြှောက်ထားတဲ့ ဥက္ကဋ္ဌ (သို့) မြို့တော်ဝန် ဦးဆောင်တဲ့ အလုပ်အမှုဆောင်ကောင်စီက အုပ်ချုပ်ပြီး ဥပဒေပြုရေးကို ဒေသခံအားလုံး တက်ရောက်နိုင်တဲ့ အစည်းအဝေး ဒါမှမဟုတ် မြူနီစီပယ်ပါလီမန်မှာ ဆောင်ရွက်တယ်။ ဒါကို တိုက်ရိုက် ဒီမိုကရေစီလို့ ဆိုကြတယ်။

ဆွစ်ဇာလန်မှာ တကယ်တမ်းအာဏာရှိတာကလည်း မဲဆန္ဒရှင်ပြည်သူတွေကိုယ်တိုင်ပါပဲ။ ဆိုပါစို့ ဥပဒေပြုတာ၊ အခြေခံဥပဒေပြင်ဆင်တာတွေဟာ ပါလီမန်အမတ်တွေ၊ ပါလီမန်ကရွေးကောက်တင်မြှောက်ထားတဲ့ ဖက်ဒရယ်ကောင်စီအဖွဲ့ဝင်တွေရဲ့ တာဝန်ဖြစ်ပေမယ့် သာမာန်ပြည်သူတစ်ယောက်အနေနဲ့လည်း အဲဒါတွေ လုပ်နိုင်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း သတ်မှတ်ရက်မှာ သတ်မှတ်ထားတဲ့ လက်မှတ်အရေအတွက် ကောက်ခံနိုင်ရင်ပေါ့။

ဒါပေမယ့် တစ်ဖက်ကကြည့်ပြန်ရင်လည်း ဥပဒေပြုဖို့၊ ပြင်ဆင်ဖို့ဆိုတာတွေက တကယ်တမ်းတော့ မလွယ်လှပါဘူး။ ဆွစ်ဇာလန်မှာက majority vote နဲ့ သွားတာမဟုတ်ဘဲ consensus နဲ့ သွားတာဖြစ်လို့ သက်ဆိုင်သူအားလုံး stakeholder သဘောတူမှ ပြင်ချင်တာပြင်လို့ရမယ်။ ဒီတော့ majority ၊ minority ပြဿနာဆိုတာ ရှိမလာတော့ဘူး။ ဒါကြောင့်လည်း ဥပဒေတစ်ခု ပြုဖို့၊ ပြင်ဖို့ဆိုတာ နှစ်ချီကြာတယ်။ ပြုပြီး၊ ပြင်ပြီးသွားရင်လည်း အများသဘောတူမို့ ခိုင်မာမှုရှိတယ်။

**အလှည့်ကျသမ္မတ**

အဲလ်ဘတ်ပြောဖူးတယ် ဆွစ်ဇာလန်နိုင်ငံသားတွေကို မင်းတို့သမ္မတက ဘယ်သူလဲလို့မေးရင် အများစုက မသိကြပါဘူးတဲ့။ ဘာလို့လဲဆို တစ်နှစ်တစ်ယောက်ပြောင်းနေလို့ပဲဖြစ်ပါတယ်။ ဖက်ဒရယ်အစည်းအဝေးကနေပြီး ခုနစ်ဦးပါ ဖက်ဒရယ်ကောင်စီကို လေးနှစ်သက်တမ်းနဲ့ ရွေးတယ်။ ကျွန်တော်တို့ဆီမှာဆို အုပ်ချုပ်ရေးအာဏာရှိတဲ့ အစိုးရပေါ့။ အဲဒီ ဖက်ဒရယ်ကောင်စီအဖွဲ့ဝင်တွေက တစ်နှစ်တစ်ယောက်စီ အလှည့်ကျသမ္မတနဲ့ ဒုသမ္မတ လုပ်ရတယ်။ တစ်နည်းပြောရရင် အဆောင်အယောင်သမ္မတ(ceremonial president) ပေါ့။ “first among equals” အာဏာတူ၊ လုပ်ပိုင်ခွင့်တူထဲမှာမှ ပထမလူဆိုသလိုမျိုးပေါ့။ သမ္မတဖြစ်သွားတဲ့သူဟာ တခြားကောင်စီဝင်တွေထက် လုပ်ပိုင်ခွင့်အာဏာ ပိုရသွားတာမဟုတ်ဘူး။ နိုင်ငံတော်ကို ကိုယ်စားပြုဖို့ဆို ကောင်စီဝင် ခုနစ်ဦးလုံး ရှေ့ထွက်ပြီးမျက်နှာပြနေရမှာစိုးလို့ အဆင်ပြေအောင် ကိုယ်စားလှယ်ရွေးထားတယ်လို့ယူရင် ရမယ်ထင်တယ်။

ဒီလို အစိုးရအဖွဲ့ဝင် အချင်းချင်းကြားမှာသာမက ပြည်သူတွေကြားမှာလည်း သမ္မတဟာ ထူးပြီးဦးစားပေးမခံရပါဘူး။ ကျွန်တော်တို့ကို Intercultural Awareness နဲ့ပတ်သက်လို့ သင်ကြားပို့ချပေးတဲ့ ဆရာမ ရေချယ်က ပြောဖူးတယ်။ သမ္မတလည်း အများပြည်သူသုံးတဲ့ ရထားစီးတယ်တဲ့။ သာမာန်ပြည်သူထဲက ပြည်သူပဲမို့ သူလိုကိုယ်လိုပါပဲတဲ့။ သတိထားမိသူတွေကတော့ အသိအမှတ်ပြုတဲ့သဘောနဲ့ ခေါင်းဆတ်ပြ၊ လက်မထောင် ပြရုံသာ လုပ်ကြသတဲ့။

ဩဇေးတောင်ပေါ်က အဲဒီနေ့လယ်စာလေးကတော့ အမှတ်ရစရာပါ။ အဲလ်ဘတ်ရဲ့အဆိုအရ သူ့ရဲ့ဇာတိမြေ ဗယ်လေကန်တုံရဲ့ နာမည်ကျော်ဝိုင်နဲ့ နာမည်ကျော် အမဲသားကို စားဖူး လိုက်တာပါပဲ။ ကံမကောင်းတာကတော့ နှင်းမှုန်တိုင်းတိုက်နေတာကြောင့် တောင်ရဲ့ပတ်ဝန်းကျင် အလှအပကို မမြင်လိုက်ရဘူး။ နှင်းလျှောစီးကြည့်မယ်လို့ အားခဲထားတာလည်း အထမမြောက်တော့။ ဘယ်နေရာကြည့်ကြည့်နှင်းမှုံချည်းသာ။ ဘေးကလူပင် မမြင်ရချင်။

**မိုင်းပတ်ချာလည်**

ဒေယန်ဒေသကိုအလာ လမ်းဘေးက နှင်းဖုံးတောင်တန်း ကြီးတွေကို မြင်တော့ ဖတ်ဖူး ထားတာသတိရမိတယ်။ ဒုတိယကမ္ဘာစစ်အတွင်းတုန်းက ပြည်ပကျူးကျော်ရန်ကနေ ကာကွယ်ဖို့ ဆွစ်နိုင်ငံအတွင်းမှာရှိတဲ့ ရေကန်၊ တံတား၊ မီးရထားလမ်း စတာတွေမှာ မိုင်းတွေထောင်ထားတယ်။ ရန်သူဝင်လာတာနဲ့ ဖောက်ခွဲပစ်မယ်ပေါ့။ ဒါနဲ့ အဲလ်ဘတ်ကိုမေးကြည့်တော့ ဟုတ်တယ်လို့ ဝန်ခံ တယ်။ အဲဒီအချိန်က ဆွစ်ဗိုလ်ချုပ်က ပြည်ပကျူးကျော် ရန်ကို ပြောက်ကျားစနစ်နဲ့ တိုက်ခိုက်ဖို့စီမံခဲ့တယ်။ တောင် တွေမှာ လိုဏ်ခေါင်းတွေတူးပြီး လူနေအဆောက်အအုံ၊ ဆေးရုံ၊ စားနပ်ရိက္ခာ စတာတွေကို စီစဉ်ပြင်ဆင်ထားတယ်။ ခုအချိန်အထိ အဲလိုအစီအမံတွေရှိသေးလား ဆက်မမေးဖြစ်တော့။ ဒါပေမယ့် ခုအချိန်အထိ လူတိုင်းစစ်မှုထမ်းကြရတယ်။ စစ်မှုထမ်းသက်ပြည့်ရင် ကိုယ့်သေနတ်ကိုယ် သိမ်းထားနိုင်တယ်။ တစ်နှစ်တစ်ခါ သေနတ်ပစ်လေ့ကျင့်ကြတယ်။

ဆွစ်စစ်တပ်နဲ့ ပတ်သက်လို့ ဆန်းတာက ဘာသာစကားဖြစ်တယ်။ ဆွစ်ဇာလန်ရဲ့ တရားဝင် ဘာသာစကားက ဂျာမန်၊ ပြင်သစ်၊ အီတလီ နဲ့ ရိုမာချ် လေးမျိုးဖြစ်တယ်။ တပ်ထဲမှာတော့ အဓိကအားဖြင့် ဂျာမန်နဲ့ပြင်သစ်အသုံးများပြီး အီတလီလည်း သုံးတယ်။ စစ်တပ်ကို ပြင်သစ်စကားပြောဘက်ခြမ်းက ပြင်သစ်လိုခေါ်ပြီး ဂျာမန်၊ အီတလီနဲ့ ရိုမာ့ချ်စကားပြောဘက်ခြမ်းက သူတို့ဘာသာစကားအသီးသီးနဲ့ခေါ်ကြတယ်။ ဒီတော့ စစ်တပ်တစ်ခုတည်းမှာ နာမည်က လေးမျိုးဖြစ်နေတယ်။ တပ်ကိုတော့ ဖက်ဒရယ်အစည်းအဝေးကသာ ဆင့်ခေါ်အသုံးပြုနိုင်တယ်။

**ဘမ်း**

ဘမ်း(Bern)ဆိုတာ ဂျာမန်စကားကလာတယ်။ ဝက်ဝံလို့ အဓိပ္ပါယ်ရတယ်။ မုဆိုးတစ်ဦး အမဲ လိုက်ရင်း ဝက်ဝံတစ်ကောင် ပထမဦးဆုံးရတဲ့နေရာကို ဘမ်းလို့ အစွဲ ပြုခေါ်ရင်းက နောက်ပိုင်း ဘမ်းမြို့ဖြစ်လာတယ်လို့ ဆို တယ်။ ဒါကြောင့်ထင်တယ် ဘမ်းမှာ ဝက်ဝံနဲ့ပတ်သက်တဲ့ ရုပ်တု၊ အသုံးအဆောင်စတာတွေ နေရာအတော်များများမှာ တွေ့ရတယ်။

ဘမ်းကိုသွားတော့ အဲလ်ဘတ်နဲ့အတူ လီယာပါလာတယ်။ သူက အသားညိုစိမ့်စိမ့်နဲ့ မြင်တဲ့သူတိုင်း ရင်းနှီးဖူးတယ်လို့ထင်မိစေတဲ့ ရုပ်ရည်မျိုးနဲ့ ပေါ်တူကီ အမျိုးသမီးဖြစ်တယ်။ သူဟာလည်း အဲလ်ဘတ်လိုပဲ ကျွန်တော်တို့ သင်တန်းအတွက် အုပ်ချုပ်မှုကိစ္စတွေ စီစဉ်ပေးပါတယ်။ သူနဲ့ပတ်သက်ပြီး မှတ်မိနေတာက ကျွန်တော်တို့ နေ့လယ်စာ၊ ညစာ စားပွဲတွေမှာ ဝိုင်သောက်ကြချိန် သူက ရေသောက်နေတာပါပဲ။ အနောက်တိုင်း အမျိုးသမီးတစ်ဦးက ဆွစ်ဇာလန်လိုနေရာမျိုးမှာ ဝိုင်မသောက်ဘဲ နေတာ ထူးဆန်းနေတော့တယ်။

ဘမ်းကိုသွားတာဟာလည်း ဆွစ်နိုင်ငံရေးစနစ်ရဲ့ ဖက်ဒရယ်အဆင့်ကို လက်တွေ့သွား လေ့လာဖို့ပါပဲ။ ဒါပေမယ့် သင်တန်းပို့ချတာတချို့ရှိတယ်။ ပါမောက္ခ နီကိုလပ်စ် ရှမစ်ရဲ့ပို့ချမှုကတော့ ဇဝနဉာဏ်ကြောင့် ပိုပိုစိတ်ဝင်စားမိ၊ ပိုမှတ်မိနေတယ်။ တခြားအကြောင်းတွေလည်း ဆွေးနွေးဖြစ်တာလည်းပါမယ် ထင်တယ်။ ဥပမာ ရွှေ့ပြောင်းအခြေချသူတွေရဲ့ အရေးလိုဟာမျိုး။ သူတို့ ပညာ ရှင်တွေ အမြင်ကတော့ လူသားတွေရေကြည်ရာမြက်နုရာ ပြောင်းရွှေ့အခြေချကြတယ်ဆိုတာ သမိုင်းမတင်ခင် ကတည်းကရှိနေတယ်။ ဒါဟာ ခုမှဖြစ်လာတာ မဟုတ်ဘူး။ ပြဿနာလည်း မဟုတ်ဘူး။ စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ပဲ လိုတယ်တဲ့။ ဂျီနီဗာမှာဆိုရင် ရွှေ့ပြောင်းအခြေချသူတွေရဲ့ စားဝတ်နေရေးကို ထောက်ပံ့ပေးနေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေရှိတယ်။ သူတို့ကလေးတွေဟာလည်း ဆွစ်ကျောင်းတွေမှာ ပညာသင်ခွင့်ရကြတယ်။ ဒါပေမယ့် ဆွစ်ဇာလန်လို နိုင်ငံမျိုးမှာတောင် နိုင်ငံသားဖြစ်ခွင့်ကျတော့ အခက်အခဲတွေ အများကြီးရှိနေပြန်တယ်။

ဘမ်းကအပြန် ခွေးတစ်ကောင်ဆွဲပြီး လမ်းလျှောက်ထွက်သူတစ်ယောက်က ခွေးမစင်စွန့်တော့ ဘောင်းဘီထဲက အိတ်တစ်လုံးထုတ်ပြီး ကောက်ကြုံးနေတာ တွေ့လိုက်ရတယ်။ အမြင်ဆန်း နေတော့တယ်။ ဆွစ်ဇာလန်မှာ တိရစ္ဆာန် တစ်ကောင်ထဲမွေးထားရင် အဲဒီ တိရစ္ဆာန်ကို အထီးကျန် အဖော်မဲ့အောင် လုပ်တဲ့အတွက် တိရစ္ဆာန်ဥပဒေ (Animal Law)နဲ့ အရေးယူခံရနိုင်သတဲ့။

**နေ့အလင်းရောင်စုဆောင်းချိန်**

ကျွန်တော် ဂျီနီဗာကန်ကို မျက်နှာမူထိုင်ပြီး တောင်တွေးမြောက်တွေးနဲ့ အတွေးထဲမြောနေ လိုက်တာ အချိန်ကုန်လို့ ကုန်မှန်းပင်မသိလိုက်။ လက်ကနာရီကိုကြည့်လိုက်မှ ည ၈ နာရီခန့်ရှိပြီ။ ဒါပေမယ့် အလင်းရောင်ကတော့ ရှိနေသေးတယ်။ ခုရာသီမှာ နေဝင်တာနောက်ကျတယ်။ ၉ နာရီဝန်းကျင်လောက်မှ အမှောင်ဝင်တယ်။ နွေဦး ဝင်လာပြီဆို ဆွစ်ဇာလန်မှာ နာရီတွေကို စံသတ်မှတ်ထားတဲ့ စံတော်ချိန်ထက် နောက်ကို တစ်နာရီဆုတ်ကြရတယ်။ နေဝင်၊ နေထွက်ချိန်ဟာ ပုံမှန် အချိန်တွေထက် နွေရာသီမှာ ပိုပြီးနောက်ကျတဲ့အတွက်ကြောင့်ဖြစ်တယ်။ အဲလို တစ်နာရီ နောက်ဆုတ်တာဟာ နေဝင်၊ နေထွက်ချိန်နဲ့ လိုက်ညှိယူတဲ့ သဘောဖြစ်တယ်။ ဆောင်းတွင်းပြန်ဝင်ရင် တစ်နာရီ ရှေ့ပြန်တိုးကြရပြန်တယ်။ ဒါကို Daylight Saving(s) Time (SDT) လို့ခေါ်တယ်။ အမေရိကန် နိုင်ငံရေးသမားနဲ့ တီထွင်ပညာရှင် ဘန်ဂျမင်ဖရန်ကလင် (Benjamin Franklin) က စတယ်လို့မှတ်ဖူးတယ်။

ဂျီနီယာကန်ရေပြင်ပေါ်မှာ ပျံဝဲနေကြတဲ့ ငှက်တွေ မတွေ့ရတော့ဘူး။ ဟိုဖက်ကမ်းက အဆောက်အအုံတွေမှာတောင် မီးရောင်တလက်လက်မြင်နေရပြီ။ ကန်ဘေးမှာလည်း လမ်းလျှောက်တဲ့သူတွေ ပါးသွားပြီ။ ဒါနဲ့ ကျွန်တော်လည်း ကန်ရေပြင်နဲ့ တောင်ခိုးနဲ့တိမ်၊ ရောယှက်လိမ်နေတဲ့ ဂျူရယ်တောင်တန်းကြီးကို တစ်ချက်နှုတ်ဆက်ကြည့်ရင်း ဟိုတယ်ကို ပြန်ခဲ့တော့တယ်။ ။

# JICA (ODA) SME Two-Step Loan စီမံကိန်းအဆင့်-၁ နှင့် အဆင့်-၂ တို့တွင် ချေးငွေထုတ်ချေးထားရှိမှုအား အသိပေးကြေညာခြင်း

နိုင်ငံအတွင်းရှိစီးပွားရေးလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ပါဝင်မှုသည် ၉၉% ခန့်ရှိပြီး MSME များ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရလာနိုင်ခြင်း၊ တစ်ဦးချင်းဝင်ငွေတိုးတက်လာနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးကြီးပါသည်။ သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ်သည်MSME လုပ်ငန်းများအား ဘဏ္ဍာငွေပံ့ပိုးကူညီရန် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) ချေးငွေရယူ၍ JICA (ODA) SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် စီမံကိန်းစီမံခန့်ခွဲသူ (Executing Agency) အဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အောက်ပါလုပ်ငန်းများမှအပ ၂၀၁၅ ခုနှစ်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ညီညွတ်သော မည်သည့် MSME လုပ်ငန်းမဆို ချေးငွေလျှောက်ထားရယူနိုင်ပါသည် -

(၁) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုရှိသော လယ်သမားများ
(၂) အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ
(၃) ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းများ
(၄) အဖိုးတန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ
(၅) အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်းများ
(၆) ဖြေဖျော်မှု၊ တင်ဆက်မှု (နိုင်ငံခြားခရီးသွားလုပ်ငန်းမပါ) လုပ်ငန်းများ
(၇) လက်နက်၊ ခဲယမ်းထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ

| စဉ် | JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းချေးငွေထုတ်ချေးခြင်းအတွက် သတ်မှတ်ချက် | |
|---|---|---|
| ၁ | SME လုပ်ငန်းတစ်ခုသို့ ထုတ်ချေးနိုင်သည့် ငွေပမာဏ | အများဆုံးကျပ် (၅၀၀) သန်း |
| ၂ | ချေးငွေအသုံးပြုရန်သတ်မှတ်ချက် | ပုံသေရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ၏ အနည်းဆုံး၈၀% |
| | | လှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ၏ အများဆုံး၂၀ % |
| ၃ | ချေးငွေအတိုးနှုန်း | အပေါင်ပစ္စည်းပေးအပ်နိုင်မှုအပေါ် မူတည်၍ အနည်းဆုံး၈.၅% မှ အများဆုံး ၁၃% အထိ |
| ၄ | ချေးငွေသက်တမ်း | ၁ နှစ် အထက်မှ ၅ နှစ်အထိ |

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၁ (Phase-1) တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့်ဘဏ်များ**

(၁) အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (SMEDB)
(၂) မြန်မာ့ရှေ့ဆောင်ဘဏ် (MAB)
(၃) မြန်မာနိုင်ငံသားများဘဏ် (MCB)
(၄) ရေဝတီဘဏ် (AYA)
(၅) ကမ္ဘောဇဘဏ် (KBZ)
(၆) သမဝါယမဘဏ် (CB)

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၁ (Phase-1) ဆောင်ရွက်မှုအခြေအနေ**

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၁ (Phase-1) တွင် အထက်ဖော်ပြပါဘဏ်ခြောက်ဘဏ်မှတစ်ဆင့် ငွေကျပ် (၅၇,၆၃၄.၄၃) သန်းအား MSMEs လုပ်ငန်းရှင် (၂၆၉) ဦးသို့ ချေးငွေများ ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါထုတ်ချေးငွေများအနက်မှ ပြန်လည်ပေးဆပ်လာသော အရင်းငွေရပ်များကို လှည့်ပတ်ရန်ပုံငွေစာရင်းတွင်ထားရှိ၍ ပြန်လည်ထုတ်ချေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအထိ MSME လုပ်ငန်းရှင် (၁၁၄) ဦးသို့ ငွေကျပ် (၂၂,၆၂၄.၀၅) သန်းအား ထုတ်ချေးခဲ့ပြီး လှည့်ပတ်ရန်ပုံငွေစာရင်းရှိလက်ကျန်ငွေများကို အထက်ဖော်ပြပါ ဘဏ်ခြောက်ဘဏ်မှတစ်ဆင့် အရင်းအနှီးလိုအပ်သော MSME လုပ်ငန်းရှင်များသို့ ဆက်လက်ထုတ်ချေးလျက် ရှိပါသည်။

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ (Phase-2) တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့် ဘဏ်များ**

(၁) မြန်မာနိုင်ငံသားများဘဏ် (MCB)
(၂) ကမ္ဘောဇဘဏ် (KBZ)
(၃) မြန်မာ့စီးပွားရေးဘဏ် (MEB)
(၄) သမဝါယမဘဏ် (CB)
(၅) ရေဝတီဘဏ် (AYA)
(၆) ပထမပုဂ္ဂလိကဘဏ် (FPB)
(၇) ယူနိုက်တက်အမရာဘဏ် (UAB)
(၈) အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် (SMEDB)
(၉) မြန်မာအရှေ့တိုင်းဘဏ် (MOB)
(၁၀) မြန်မာ့ရှေ့ဆောင်ဘဏ် (MAB)
(၁၁) နေပြည်တော်စည်ပင်ဘဏ် (NSB)

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ (Phase-2) ဆောင်ရွက်မှုအခြေအနေ**

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ (Phase-2) တွင် ဂျပန်ယန်းသန်း(၁၀,၅၀၀) နှင့် ညီမျှသော မြန်မာကျပ် (၁၄၃,၁၂၅) သန်းအားရယူထားပြီး အထက်ဖော်ပြပါ ဘဏ် (၁၁) ဘဏ်မှတစ်ဆင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိ MSME လုပ်ငန်းရှင် (၄၈၉) ဦးသို့ ငွေကျပ် (၈၃,၂၅၈) သန်းအားထုတ်ချေးထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ MSME လုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီးများကို အထက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လျှောက်ထားရယူနိုင်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။ **မြန်မာ့စီးပွားရေးဘဏ်**

## တစ်သက်တာ ထုတ်ဝေသူ၊ အကောင်းဆုံး ထုတ်ဝေသူနှင့် စာအုပ်အရောင်းဆိုင် ဆုများ ချီးမြှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ သတ္တမအကြိမ်မြောက် တစ်သက်တာ ထုတ်ဝေသူဆု၊ အကောင်းဆုံး ထုတ်ဝေသူဆုနှင့် အကောင်းဆုံး စာအုပ်အရောင်းဆိုင်ဆု ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ်ရှိ ရွှေဥဒေါင်းခန်းမ၌ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည် ဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းဝင်များ၊ ထုတ်ဝေသူ၊ စာရေးဆရာများ၊ စာအုပ်အရောင်းဆိုင်များ နှင့် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ရှားပါးအထောက်အထားနှင့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၃**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ၌ ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ရှားပါးအထောက်အထားများပြပွဲကို နေ့စဉ် နံနက် ၁၀ နာရီမှ ၃ နာရီအထိ ပြသသွားမည် ဖြစ်သည်။

ထို့အတူ **“New Views, Fresh Finds”** သုတေသနစာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီခွဲအထိ ကျင်းပသွားမည် ဖြစ်ပြီး မြန်မာသမိုင်းအဖွဲ့ပညာရှင်ဆရာကြီးများဖြစ်သည့် ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာ သော်ကောင်း၊ ဦးထွန်းအောင်ချိန်နှင့် ဦးစိုင်းအောင်ထွန်းတို့က သုတေသနစာတမ်းများ ဖတ်ကြားသွားကြမည် ဖြစ်သည်။

သို့ဖြစ်၍ ရှားပါးအထောက်အထားများပြပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက် လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိသည့် မိခင်နှင့် ကလေးများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် ၁၉၉၁ ခုနှစ်က ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကို မိမိတို့ အသင်းဝင်များ၏ စေတနာအင်အားဖြင့် ကျေးလက်ဒေသ အောက်ခြေအထိ ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိရန်နှင့် ဉာဏ်ပညာ တိုးတက်စေရန် ရည်ရွယ်ပြီး နေ့ကလေးထိန်းကျောင်းများနှင့် မူလတန်းကြိုကျောင်းများကိုလည်း နိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် နေ့ကလေးထိန်း ကျောင်းပေါင်း ၁၇ ကျောင်းနှင့် မူလတန်းကြိုကျောင်း ၄၀၀ ခန့်ကို ဖွင့်လှစ်ထားရှိကာ အသင်းဗဟိုအနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲများကို ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုရရှိသော ကလေးငယ်များနှင့် သားကောင်းမိခင်များ၊ အကဲဖြတ်ပေးသော ဆရာဝန်ကြီးများကို ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သည်။

အခမ်းအနားကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဥတ္တရသီရိ ကလေးအထူးကုဆေးရုံမှ တာဝန်ရှိသူများ၊ လယ်ဝေးပြည်သူ့ဆေးရုံ ခုတင်(၁၀၀)မှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာမများ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခရိုင်နှင့် မြို့နယ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ လက်ထောက်ဆရာဝန်များနှင့် တာဝန်ရှိသူများ တတ်ရောက်ကြသည်။ **သတင်းစဉ်**

## မန္တလေးမြို့၌ ပထမအကြိမ် ရက်ကန်းဆိုင်ရာ ပြိုင်ပွဲများ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၃**

မန္တလေးမြို့ အမရပူရမြို့နယ်အတွင်းရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ ပထမအကြိမ် ကျင်းပမည့် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းပြိုင်ပွဲများ၊ ပြပွဲများနှင့် ဈေးရောင်းပွဲတော်တွင် စက်ရက်ကန်းနှင့် လက်ရက်ကန်း ဒီဇိုင်းပြိုင်ပွဲများလည်း ထည့်သွင်းမည်ဖြစ်ကြောင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က ပြောကြားသည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အတွင်း နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပသွားမည်ပြီး စက်ရက်ကန်းဒီဇိုင်းပြိုင်ပွဲနှင့် လက်ရက်ကန်းဒီဇိုင်းပြိုင်ပွဲများအပြင် ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာကျောင်းဆင်းလက်ရာပြိုင်ပွဲ၊ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများ၏ ကျောင်းဆင်းလက်ရာပြိုင်ပွဲ၊ ပြင်ပရက်ကန်းပညာရှင် အဆင့်ပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော်များလည်း ပါဝင်မည်ဖြစ်ကာ ရက်ကန်းပညာရှင်များ၏ ဆန်းသစ်တီထွင်နိုင်မှုကို ဖော်ထုတ်ရန်၊ ရက်ကန်းပညာရပ်များ ပြန့်ပွားစေရန်နှင့် ရက်ကန်းလုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါပွဲတွင် ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်များအပြင် ရက်ကန်းပညာရပ်ဆိုင်ရာ ဒီဇိုင်းနှင့် ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၇ ၊ ၈)ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

ရေဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။



ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် သံဃနာယကအဖွဲ့၊ ကြီးငါးကြီးဆုတောင်းပြည့်ဘုရားနှင့် မူလကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့တို့ ပူးပေါင်း၍ ကြီးငါးကြီးဆုတောင်းပြည့်ရင်ပြင်တော်၌ နှစ်သစ်ကူးအသံမစဲ မဟာပဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအဖြစ် ဇန်နဝါရီ ၃ ရက်က ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ် ၆၃ ပါးတို့အား ပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ **အေကေလင်း**



ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၃)နယ်မြေ မင်းဝံတောင်တောရတွင် တုန္နိုင်းမေတ္တာ နာမှုကူညီရေးအသင်း၏ (၅)နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁ ရက်က ဘုရားကြီး တောရကျောင်းဆရာတော်၊ နန္ဒဝန်ဆရာတော်၊ စူဠာမုဏိဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အသင်းဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ **ကိုကိုရှူပ(နေပြည်တော်)**

## လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲတွင် လွတ်လပ်ရေးကို ဖော်ကျူးသော မြန်မာနှင့် ကိုရီးယားဇာတ်ကားများ အခမဲ့ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၃**

တတိယအကြိမ်မြောက် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲအဖြစ် ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၁၆) ဝက်ဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး (MMOP) ရုံတွင် အခမဲ့ပြသမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲ (မြန်မာ)တွင် လွတ်လပ်ရေးနေ့၌ ဒါရိုက်တာ ဦးညွန့်ဝင်း ရိုက်ကူးသည့် “ငါ့ညီငါ့မြေငါ့အမေ” ဇာတ်ကားနှင့် ဇန်နဝါရီ ၅ ရက်တွင် ကိုရီးယားနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှု ဇာတ်ကားဖြစ်သော The Tiger ဇာတ်ကားတို့ကို ညနေ ၃ နာရီခွဲတွင် ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးမှ ဦးအေးကြူလေးက ပြောသည်။

၁၉၇၂ ခုနှစ်တွင်ရုံတင်ခဲ့သော မြန်မာ့လွတ်လပ်ရေးကို ဖော်ကျူးခဲ့သည့် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင် ပြည်သူလူထုကိုယ်တိုင် လက်နက်စွဲကိုင်၍ အသက်ပေးတော်လှန်ခဲ့ကြပုံကို ဒါရိုက်တာ ဦးညွန့်ဝင်း၊ ဦးဝင်းဗိုလ်၊ ဦးဆန်းဝင်း ဦးဆောင်၍ ရွှေမန်းသဘင် ဇာတ်အဖွဲ့ဝင်များနှင့်အတူ ရုပ်ရှင်ပြဇာတ်မင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေး၊ မင်းသမီးဒေါ်နှင်းဆီတို့ အားဖြည့်ပါဝင်ထားသည့် လွတ်လပ်ရေးကြိုးပမ်းမှုဇာတ်ကားကြီး တစ်ကားဖြစ်ပြီး The Tiger ကိုရီးယားဇာတ်ကားမှာလည်း ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်းမှ ယခုနှစ်အတွက် ရွေးချယ်ပေးခဲ့သော ဇာတ်ကားဖြစ်သည်။

လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲ(မြန်မာ)ကို ကျင်းပခဲ့သည်မှာ သုံးနှစ်မြောက်ခဲ့ပြီဖြစ်ပြီး နိုင်ငံအတွက် လွတ်လပ်ရေးရရှိရန် မည်မျှအသက်ပေး၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရပုံကို အစဉ်သတိပြုမိစေရန် ပြသခြင်းဖြစ်ရာ ကိုမျိုး(မြန်မာစာ)နှင့် ကိုရီးယားနိုင်ငံ ဟန်အီရုပ်သံသမိုင်းဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နှစ်နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုအတွက် အစဉ်အလာကောင်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**၁၆၄**

## အကယ်ဒမီထူးချွန်ဆုအတွက် ပထမအကျော့ဇာတ်ကား ၇၀ ကျော် အကဲဖြတ်ထား အကယ်ဒမီဆုပေးပွဲ ရှေ့ကြိုအတွက် ဇန်နဝါရီ ၁၇ ရက်ထိ လျှောက်ထားနိုင်

**ရန်ကုန် ဇန်နဝါရီ ၃**

၂၀၁၉ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုအတွက် စိစစ်ရွေးချယ်ရေးအဖွဲ့ ၂၄ ဦးမှ ရုပ်ရှင်ဇာတ်ကား ၉၇ ကားတွင် ဇာတ်ကား ၇၀ ကျော်ကို စိစစ်ရွေးချယ်ရေး ၂၄ ဦးမှ ပထမအကြိမ်အဖြစ် စိစစ်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

“အကယ်ဒမီပေးပွဲက မတ်လထဲ မှာဆိုတော့ နီးလာပြီ။ ဒီနှစ် ရှေ့ကြိုအတွက် ခါတိုင်းလို အနုပညာရှင်တွေရဲ့ သားသမီးတွေကိုရွေးပြီး လေ့ကျင့်ပေးတယ်။ ဒီနှစ်အပြင်က ကလေးတွေလည်း ပါဝင်နိုင်အောင် မည်သူမဆို လျှောက်ထားနိုင်တယ်။ လျှောက်လွှာ ၄၀၀ ရပါပြီ။ ဇန်နဝါရီ ၁၇ ရက်ထိ လျှောက်လို့ရတယ်။ ဇန်နဝါရီ ၂၀ ရက်မှာ စစ်မယ်။ ပထမ ရက်ကစပြီး တစ်ရက်ကို လူ ၁၀၀ စီ စပြီး စစ်ဆေးမှာပါ” ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှဒုတိယဥက္ကဋ္ဌ(၁) ဦးအေးကြူလေး က ပြောသည်။

### အကဲဖြတ်စိစစ်

၂၀၁၈ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုအတွက် အကဲဖြတ်စိစစ်ရွေးချယ်ရေးအဖွဲ့ ၄၅ ဦးကျော်ဖြင့် ရွေးချယ်ခဲ့ပြီး ၂၀၁၉ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရာတွင် ဇာတ်ပို့၊ ဇာတ်ရုံ၊ ဒါရိုက်တာ၊ အသံနှင့် ဇာတ်ညွှန်းအပါအဝင် ကဏ္ဍရှစ်ခုအတွက် ပထမဆုံးအကြိမ်အဖြစ် စိစစ်ရွေးချယ်ရာတွင် ၂၄ ဦးဖြင့် ရွေးချယ်လျက်ရှိသည်။ ယခုစိစစ်ရွေးချယ်ရေးတွင် ဦးရန်အောင်၊ ဦးလွင်မိုးနှင့် ဝါရင့်အမျိုးသမီးသရုပ်ဆောင်တို့လည်း ပါဝင်ကြောင်း သိရသည်။

### ရုပ်ရှင်ဥပဒေကို ပြဋ္ဌာန်း

မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်နှင့် မြန်မာ့ရုပ်ရှင်ဖခင်ကြီးများ အဆောက်အဦကိုလည်း ယခုလအတွင်း ဖွင့်လှစ်မည်ဖြစ်ပြီး ရုပ်ရှင်ဥပဒေ ပေါ်ထွက်လာရန် ကြိုးပမ်းလျက်ရှိရာ ယခုအခါမူကြမ်းကို ပြန်လည်ပြုစုရေးဆွဲ၍ တင်ပြပြီးနောက် ရုပ်ရှင်ဥပဒေကို ပြဋ္ဌာန်းသွားမည် ဖြစ်ကြောင်း၊ အကယ်ဒမီ ထူးချွန်ဆုအတွက် ရုပ်ရှင်ဇာတ်ကား ၉၇ ကားမှ ရွေးချယ်ထားသော ဇာတ်ကားများကိုလည်း ဒုတိယအကြိမ်၊ တတိယအကြိမ်အဖြစ် အဆင့်ဆင့် ဆက်လက်စိစစ်ရွေးချယ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်**

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

၂၀၂၀ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီခွဲမှစတင်၍ ယှဉ်ပြိုင်ကစားကြရာ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)နှင့် (၂)ကြားတွင် လွန်ဆွဲအားကစား (အမျိုးသား) ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ (အမျိုးသမီး) ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကိုလည်းကောင်း အနိုင်ရရှိသည်။





ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုရအသင်းများနှင့် ဌာနဆိုင်ရာအကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)နှင့် (၂)ကြားတွင် ထုပ်ဆီးတိုး(အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ်ယှဉ်ပြိုင်ကြရာ ပြည်သူ့လွှတ်တော်အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက ပြည်ထောင်စုလွှတ်တော်အသင်းကိုလည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ TC-1 တွင် ယှဉ်ပြိုင်ကစားသော ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက စတုတ္ထဆုရရှိသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲထောက်ချုပ် ရဲမှူးချုပ် ဇော်ခင်အောင်က တတိယဆုရရှိသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဒုတိယဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်ချုပ် ဇင်မင်းထက်က ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဖူဆယ်အားကစားရုံတွင် တတိယလုပွဲ ပွဲစဉ်အဖြစ် ယနေ့နံနက် ၉ နာရီ က စတင်၍ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်စည်ပင်အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အသင်းကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးက စတုတ္ထဆုရရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကို လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ညွှန်ကြားရေးမှူး ဦးကရင်နော်အောင်က တတိယဆုရရှိသော နေပြည်တော်စည်ပင်အသင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဒုတိယဆုရရှိသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဃ)တွင် ဘော်လီဘော(အမျိုးသား) တတိယလုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ (အမျိုးသမီး) ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ တစ်ဦးချင်း ဆုတံဆိပ်ရရှိသူများ၊ ဘော်လီဘော( အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲတွင် ဆုရရှိသည့် ဝန်ကြီးဌာနအသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ဌာနဆိုင်ရာတာဝန်ရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၃** – ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ တွန်းဇံမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်လင်မြို့နှင့် စစ်တွေမြို့တို့တွင် ၀ ဒသမ ၂၀ လက်မစီ၊ မင်းတပ်မြို့နှင့် ဖလမ်းမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီနှင့် ဗားရံနှင့် မြောက်ဦးမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာနေမည်။ **မိုး/ဇလ**

# မြဝတီ-ကော့ကရိတ်အာရှလမ်းတွင် ခရီးသည်တင်မှန်လုံယာဉ်နှင့် ပရိုဘောက်ယာဉ်တိုက်မိရာမှ လူ ၁၈ ဦး သေဆုံးပြီး ၃၄ ဦး ဒဏ်ရာရ

**မြဝတီ ဇန်နဝါရီ ၃**

ကရင်ပြည်နယ် မြဝတီမြို့ ကော့ကရိတ် - မြဝတီအာရှလမ်း ကွမ်းခြံကွေ့နေရာတွင် ယနေ့နံနက် ၁၁ နာရီခန့်က ရန်ကုန်မှ မြဝတီသို့ မောင်းနှင်လာသည့် ခရီးသည်တင် မှန်လုံယာဉ်နှင့် မြဝတီမှထွက်ခွာသည့် ပရိုဘောက်ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ရာ လူ ၁၈ ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၃၄ ဦးထိ ရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုတွင် ပရိုဘောက်ယာဉ်ပေါ်ပါ ခုနစ်ဦးလုံး သေဆုံးခဲ့ပြီး မှန်လုံယာဉ်နှင့် ပရိုဘောက်ယာဉ်မှ သေဆုံးသူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၈ ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိသူ ၃၄ ဦးကို မြဝတီခရိုင်ဆေးရုံကြီးတွင် ကုသဆောင်ရွက်ပေးလျက်ရှိသည်။



ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကယ်ဆယ်ရေးအဖွဲ့များက ဝိုင်းဝန်းကူညီကယ်ဆယ်ကြစဉ်။

အဆိုပါ ခရီးသည်တင်မှန်လုံယာဉ်သည် ရန်ကုန်မှ မြဝတီသို့ ယာဉ်မောင်း ခင်စိန်မောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်ဝင်းဇော်နှင့်အတူ ခရီးသည် ၄၅ ဦးလိုက်ပါစီးနင်းခဲ့ခြင်းဖြစ်ကာ လိုက်ပါလာသူအများစုမှာ ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်မည့်သူအများဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်ပွားရာသို့ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးကြပြီး မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ ချုပ် (မြဝတီ)မှ ကယ်ဆယ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

---

# ကလော၌ ရထားနှင့် ထော်လာဂျီ တိုက်မိ၍ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ် ကလောမြို့နယ် နန်းသဲကျေးရွာအနီး သာစည်-ရွှေညောင် ရထားလမ်း မိုင်တိုင်(၃၆၆/၁၆-၁၇) ကလောဘူတာနှင့် မြင်းဒိုက်ဘူတာကြား ရထားသံလမ်းကူး၌ ဇန်နဝါရီ ၂ ရက် ညနေ ၄ နာရီ ၅ မိနစ်ခန့်က ရထားနှင့် ထော်လာဂျီယာဉ် တိုက်မိကာ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ကလော-မြင်းဒိုက်ကားလမ်းအတိုင်း ကလောမြို့ဘက်မှ မြင်းဒိုက်ကျေးရွာဘက်သို့ အင်းပြင်ကျေးရွာနေ ဘိုဘိုဖြိုး(၂၁နှစ်) မောင်းနှင်ပြီး ၎င်း၏ဖခင်ဦးထွန်းရင်(၆၀နှစ်) လိုက်ပါလာသော ၉၅/---- ထော်လာဂျီယာဉ်သည် သာစည်မြို့နယ် (၁)ရပ်ကွက်နေ ဦးမျိုးမြင့်ထူး(၄၆နှစ်) မောင်းနှင်လာသော အမှတ်(၁၄၈) အစုန် ရပ်စောက်-သာစည်ရထားအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ပြီး ဦးထွန်းရင်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဘိုဘိုဖြိုးအား ကလောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

---

# ဖားကန့်-ကာမိုင်းသွားကားလမ်း၌ ယာဉ်တစ်စီးလမ်းချော်ပြီး ခေတ္တလမ်းပိတ်ဆို့

**ဖားကန့် ဇန်နဝါရီ ၃**

ကချင်ပြည်နယ် ဖားကန့်မြို့နှင့် ကာမိုင်းမြို့သွား ကားလမ်းပေါ်ရှိ နမ့်တိန်းကျေးရွာနှင့် ပျားအုံကျေးရွာကြား တံတားညီနောင်အတက် မြေသားလမ်း၌ ယနေ့နံနက် ၉ နာရီခန့်က ယာဉ်တစ်စီးလမ်းချော်ပြီး ရေမြောင်းထဲကျသွားသဖြင့် ဖားကန့်မြို့နှင့် အတက်အဆင်းပြေးဆွဲနေသော ယာဉ်များ လမ်းပိတ်ဆို့မှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ယမန်နေ့ညပိုင်းမှစတင်ကာ ဖားကန့်မြို့နယ်အတွင်း မိုးရွာနေမှုကြောင့် ဖားကန့်မြို့နှင့် ကာမိုင်းမြို့ကြားရှိ ကတ္တရာလမ်းမခင်းနိုင်သေးသည့် မြေသားလမ်းပေါ်၌ ယခုကဲ့သို့ ယာဉ်တစ်စီး လမ်းချော်ပြီး လမ်းပိတ်ခဲ့ရခြင်းဖြစ်သည်။

ဖားကန့်မြို့၏ အဓိကကုန်စည်စီးဆင်းရာ ဖားကန့်မြို့နှင့်အခြားမြို့များသို့ ချိတ်ဆက်ထားသော အဆိုပါလမ်းသည် မိုးတွင်းကာလ၌လည်း မကြာခဏ လမ်းပိတ်ဆို့မှု ဖြစ်တတ်ကြောင်း သိရသည်။ အဆိုပါ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သော ဖားကန့်-ကာမိုင်းလမ်းအား နယ်မြေခံတပ်မတော်သားများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ယာဉ်ကြီးကြပ်မှုကော်မတီ အဖွဲ့များနှင့် လမ်းဦးစီးဌာနတို့၏ ဖြေရှင်းဆောင်ရွက်မှုကြောင့် ယနေ့ညနေ ၃ နာရီကျော်ခန့်တွင် လမ်းပြန်ပွင့်သွားပြီဖြစ်ကြောင်း သိရသည်။ **တာလင်းမောင်(ပြန်/ဆက်)**

---

## မြန်မာ့ရုပ်မြင်သံကြား

၄-၁-၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆:၄၀ - "၂၀၂၀ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ (၁/၂၀၂၀)နှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊တံဆိပ်များ (၂/၂၀၂၀)
- ၈:၃၅ - "ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြ၄်နန်းဖြင့်ခမ်းနားထွန်းပေါ် မြန်မာနိုင်ငံတော်"
- ၁၀:၃၅ - လုံမမှတ်စု(၁၂၀)
- ၁၂:၃၀ - ရုပ်ရှင်ရာပြည့်(Promo)
- ၁၃:၀၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "ငါ့ညီငါ့မြေငါ့အမေ" (ညွန့်ဝင်း၊ ဝင်းဗိုလ်၊ ကြည်ကြည်ဌေး၊ မြတ်မွန်၊ နှင်းဆီ) (ဒါရိုက်တာ- ညွန့်ဝင်း)

**ညပိုင်း**

- ၁၆:၂၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြုLogo(100)+တက္ကသိုလ်ရာပြည့်ဂုဏ်ပြုအစီအစဉ် (Promo)
- ၁၆:၃၅ - "လွတ်လပ်ရေးသင်္ကေတ ရှိရာအပန်းဖြေလည်ပတ်စရာ နေရာဆီ"
- ၁၈:၂၅ - MRTV Travelogue (မောရှမ်းတို့မြေ)(အပိုင်း-၁၂)
- ၁၉:၂၅ - "လွတ်လပ်ရေးတေးသံ ဓာတ်မာန်"(အပိုင်း-၄)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - "မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့် မော်ကွန်းကျောက်တိုင်"
- - ဆေးရောင်စုံရုပ်ရှင် "သူ့ကျွန်မခံပြီ"(ဓာတ်သိမ်း)

---

# အမြန်လမ်းတွင် ယာဉ်တစ်စီးတိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ကာ ယာဉ်မောင်းသေဆုံး

**တံတားဦး ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စကားအင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင်(၃၄၆/၀နှင့်၁) အကြားတွင် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်က ယာဉ်တစ်စီး တိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ရာ ယာဉ်မောင်းသူ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း စကားအင်းအမြန်လမ်းမကြီး ရဲစခန်းမှ သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်(၃၄၆/၀နှင့်၁) အကြားတွင် မန္တလေးမှ နေပြည်တော်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော MDY 9D/- - - - ယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်ပြီး လမ်းလယ်ကျွန်းအားကျော်ကာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိ တိမ်းမှောက်၍ တံတားထိပ် စိုက်ထူထားသော တိုင်များကို တိုက်မိပြီး ယာဉ်မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်ပေါ်တွင် ယာဉ်မောင်းတစ်ဦးတည်းသာပါရှိပြီး ယာဉ်မောင်းသူမှာ မီးလောင်သည့် ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ စကားအင်း အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ရဲတင့်**

---

# မူဆယ်၊ ကျောက်မဲ၊ ကွတ်ခိုင်၊ ကျိုင်းတုံနှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၃**

မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် ညနေပိုင်းက မူဆယ်မြို့နယ် မော်တောင်းရွာမကျေးရွာအုပ်စု တာလုံကျေးရွာအနီး နမ့်ပေါ်တံတား လုံခြုံရေးရဲကင်းရှေ့တွင် အောင်ဦး မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀၊ ဘိန်းဖြူသုည ဒသမ ၇၂၆ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။



ထွန်းသန်း(ခ)လိဆင်ချန်းအား မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး သီပေါ-ကျောက်မဲသွားကားလမ်းတွင် ထွန်းသန်း(ခ) လိဆင်ချန်း မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၃၉၆၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၅၀၀၀၀ တို့ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-ကောင်းခါးကျေးရွာသွားလမ်း ကျောက်ထုတ်လုပ်ရေးစခန်းအနီး လမ်းမတွင် အားဖျင့်(ခ) လောက်သား မောင်းနှင်ပြီး မရှောက်လု လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ အိုက်စ် ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နမ့်နီနန့်လုံကျေးရွာအုပ်စု နာပေါ်ကျေးရွာနေ လောတား၏နေအိမ်ကို ရှာဖွေရာ ၎င်းကို မတွေ့ရှိဘဲ နေအိမ်မှ အားရှီလေး(ခ) အားဆဲအားတွေ့ရှိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ နှင့် ဘိန်းစိမ်း ၇၀၀ ဂရမ်တို့ကိုလည်းကောင်း။

အလားတူ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထာငိုကျေးရွာနေ မနန်းစိန်ညွန့်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅ ပြားနှင့် ဘိန်းစိမ်း ၄ ဒသမ ၆ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

---

# (၇ နှစ်)အရွယ် မိန်းကလေးအား သားမယားအဖြစ်ပြုကျင့်ရန်ကြံသူကို အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**ရေတာရှည် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ထောက်ကြန့်ကွင်းကျေးရွာနေ သိုင်းချစ်(ခ) ကံကောင်း (၂၉ နှစ်) ကို အသက်မပြည့်သေးသည့် အသက် (၇ နှစ်)အရွယ် မိန်းကလေးအား သားမယားပြုကျင့်ရန် ကြံစည်ခဲ့သည်မှာ ပြစ်မှုထင်ရှားကြောင်းစစ်ဆေးတွေ့ရှိရသည့်အတွက် တောင်ငူခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၃)ရုံးမှ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် ဇန်နဝါရီ ၂ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၈ ရက် ည ၁၀ နာရီခန့်တွင် မ---(၇ နှစ်)သည် မိခင်ဖြစ်သူနှင့်အတူ အိပ်ပျော်နေချိန် ပထွေးတော်သူ သိုင်းချစ်(ခ) ကံကောင်းသည် အရက်သေစာများ သောက်စားမူးယစ်၍ပြန်လည်ရောက်ရှိလာခဲ့ကြောင်း၊ ထို့နောက် အိပ်ပျော်နေသည့် မ-----(၇နှစ်) ကို သားမယားပြုကျင့်ရန် ကြိုးစားနေစဉ် မ---- က ပထွေးတော်သူ၏ လက်မောင်းကို ပါးစပ်ဖြင့်ကိုက်ခဲ့ကြောင်း၊ သိုင်းချစ်(ခ)ကံကောင်း၏ အော်သံကြောင့် မိခင်ဖြစ်သူ အိပ်နေရာမှ လန့်နိုးခဲ့ပြီးနောက် သမီးဖြစ်သူအား အကျိုးအကြောင်း မေးမြန်းခဲ့ပြီး ဆွာနယ်မြေရဲစခန်းသို့သွားရောက်၍ အမှုဖွင့်တိုင်တန်းခဲ့သောအမှုဖြစ်ကြောင်း သိရသည်။ **သန်းလွင်**

---

## ဓာတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစုနည်း

### ပါးစပ်နှင့်နှာခေါင်းအပ်၍ ပြုစုနည်း





အကယ်၍သူနာ၏ပါးစပ်တွင် ဒဏ်ရာရှိနေလျှင်၎င်း၊ပုံ(၄)အတိုင်းလေမှုတ်သွင်းသော်လည်းရင်အုံကြွတက်မှုမရှိလျှင်၎င်း သူနာကိုပုံ(၁)အတိုင်းထား၍ သူနာ၏ ပါးစပ်ကိုလက်ဖြင့်ပိတ်ကာမိမိကအသက်ပြင်းပြင်းရှူပြီး သူနာ၏နှာခေါင်းကို ပါးစပ်ဖြင့်ငုံ၍ လေမှုတ်သွင်းပါ။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဖယ/၉၉၃၈၂၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ရွှေ ၁၀/ခဆန(နိုင်)၀၃၂၁၅၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## မွေးနေ့ဆုတောင်း

၄-၁-၂၀၂၀ရက်တွင်ကျရောက်သည့် သားသား **"သုခပြည့်စုံ"**၏ ၁၂နှစ်မြောက် မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောက၏ အလင်း၊ လောက၏ဆားသဖွယ်၊ ထွန်းလင်းတောက်ပသော ကြယ်ကဲ့သို့ အေးချမ်းသာယာသော ဘဝခရီးကိုလျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**ဘွားဘွား** - ဒေါ်အုန်းမြင့်(ကျောက်ပန်းတောင်းမြို့)
**ပါးပါး** - ဦးချစ်ကိုကို(ဌာနမှူး)အင်ဂျင်နီယာဌာန၊ ဒဂုံတက္ကသိုလ်
**မိုးမိုး** - ဒေါ်နော်ခင်ထွေးရီ(ခ)နော်ထွေး(သန်လျင် TU-ငြိမ်း)
**နှစ်ဖက်** - ဦးဦး၊ ဒေါ်ဒေါ်၊ ညီအစ်ကိုမောင်နှမများ

## မိတ္ထီလာတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဓာတ်ပုံ/ဗီဒီယို ရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မိတ္ထီလာတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါပါလျှောက်လွှာများကို ၄-၁-၂၀၂၀ ရက်မှစတင်၍ မိတ္ထီလာတက္ကသိုလ်တွင်ရယူလျက် ၁၀-၁-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင် တင်ဒါပိတ်ပြီး ၁၀-၁-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် အိတ်ဖွင့်ကြေညာမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

**ဘွဲ့နှင်းသဘင်ကျင်းပပြုလုပ်မည့်ရက်** - ၁၆-၁-၂၀၂၀ရက်
နံနက်/မွန်းလွဲ (အစမ်းလေ့ကျင့်ခြင်း)
၁၇-၁-၂၀၂၀ရက်
နံနက် (အစမ်းလေ့ကျင့်ခြင်း)/
မွန်းလွဲ (ဘွဲ့နှင်းသဘင်)
၁၈-၁-၂၀၂၀ရက်
နံနက်/မွန်းလွဲ (ဘွဲ့နှင်းသဘင်)
၁၉-၁-၂၀၂၀ ရက်
နံနက်/ မွန်းလွဲ (ဘွဲ့နှင်းသဘင်)

**ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည့်နေရာ** - မိတ္ထီလာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ။

**ဆက်သွယ်ရန်** - ဥက္ကဋ္ဌ၊ ဓာတ်ပုံနှင့်ဗီဒီယို ဆပ်ကော်မတီ
မိတ္ထီလာတက္ကသိုလ်
၀၆၄-၂၃၄၂၆၊၀၉-၇၆၉၇၄၇၇၅၅၊
၀၉-၇၉၃၁၂၃၇၅၇

**ဥက္ကဋ္ဌ**
**ဓာတ်ပုံနှင့်ဗီဒီယို ဆပ်ကော်မတီ**
**မိတ္ထီလာတက္ကသိုလ်**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက်အရံပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ပုံနှိပ်စက်များတွင် အသုံးပြုရန်အတွက် စက်အရံပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | Koncept Web Offset | ၂၃မျိုး |
| (ခ) | City Line Express Web Offset | ၅၉မျိုး |
| (ဂ) | Orient Super Web Offset | ၆၆မျိုး |
| (ဃ) | Colour King Web Offset | ၄မျိုး |
| (င) | Goss Community Web Offset | ၁၇မျိုး |
| (စ) | Compacta | ၁၃မျိုး |
| (ဆ) | Toshiba | ၅မျိုး |
| (ဇ) | Hidelberg | ၁၇မျိုး |
| (ဈ) | KBA Rapida-66 | ၇မျိုး |
| (ည) | Shino Hara-66 | ၁၄မျိုး |
| (ဋ) | Miller | ၅မျိုး |
| (ဌ) | Perfect Binder(SB,07) | ၃၆မျိုး |
| (ဍ) | Horizon | ၁၀၃မျိုး |
| (ဎ) | Economy | ၄၂မျိုး |
| (ဏ) | SCM Wire Stitcher | ၄မျိုး |
| (တ) | Double Head Stitcher | ၅မျိုး |
| (ထ) | Single Head Stitcher | ၇မျိုး |
| (ဒ) | Paper Cutting Machine | ၃ မျိုး |
| (ဓ) | Osako | ၆မျိုး |
| (န) | Printing Down Frame | ၁မျိုး |
| (ပ) | CTP စက်အတွက် | ၁၃မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၉-၁-၂၀၂၀ရက်မှ ၂၀-၁-၂၀၂၀ရက်အထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၁-၂၀၂၀ရက်တွင် နံနက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူ |
| ပြန်ကြားရေးဝန်ကြီးဌာန | ရေးနှင့်ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၇၄ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၈၁၈၉၁၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာမိုး ၁၀/မလမ(နိုင်)၂၃၀၇၅၂က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ရုံးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတစ်လုံးတင်ဒါများ ခေါ်ယူသွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၂၀ရက်
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၃၁-၁-၂၀၂၀ရက် ညနေ ၄:၃၀နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃-၂-၂၀၂၀ရက် နံနက် ၁၀နာရီ
(ဃ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ရုံးအမှတ်(၅)၊ ရာဇဌာနီလမ်း၊ ကြာပန်းအဝိုင်းအနီး၊
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅)၊ ဖုန်း-၀၆၇-၄၁၁၄၂၈ သို့ ရုံးချိန်အတွင်း တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၆၈၀၇၀၊ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီမောင် ၁၀/မဒန(နိုင်)၀၀၃၁၆၆က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန ၀၄/ ၂၀၁၉-၂၀၂၀ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ (၁၄၂၀.၈၃၃၇)ကုဗမီတာအား အမေရိကန်ဒေါ်လာ(U$S) ဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၆-၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၃:၀၀ နာရီ
(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား၊ မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.mte.com.mmတွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၆၁၄၂၊ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၃/ကကရ(နိုင်)၀၃၂၇၅၈က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

ပူတာအိုမြို့၊ အထက-ပူတာအို နဝမတန်း-H မှ မောင်ဇလေခီ၏ဖခင် ဦးဖူလီရဲ့၏ အမည်မှန်မှာ ဦးဖူရဲ့ဇီ ၁/ပတအ(နိုင်)၀၂၃၆၂၉ဖြစ်ပါကြောင်း။

**ဦးဖူရဲ့ဇီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်ခရိုင်၊ သိန်းနီမြို့နယ်၊ ၃၈ မိုင်၊ (၃၈)မန်ပြိန်းကျေးရွာနေ ဦးလောက်ဆီ၏သား သိန်းနီမြို့၊ အထက(ဆဋ္ဌမတန်း)မှ မောင်ရီဆိုက်(ခ)မောင်အောင်မျိုးနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ရီဆိုက်(ခ)မောင်အောင်မျိုးနိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၅/ ဓမ္မစေတီရပ်)၊ဦးပိုင်အမှတ်(၇၇)၊ ဧရိယာ ၀.၁၁၁မ၃၀၆ကေအနက် ဧရိယာ ၀.၁၁၁မ၀၈၂ကေကို ဦးသက်နိုင်(ဘ) ဦးတင်မြင့် ၉/တကန(နိုင်)၀၀၂၂၂၂မှ တရားရုံးကျမ်းကျိန်လွှာအမှတ်(၅၁၃/ ၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ် ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/9766 Toyota Marlk II JLx110 S/L (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဇော်ဦး ၁၂/မဂဒ(နိုင်)၀၇၂၁၃၄က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ် (၅၀၅/၁၀၀၉)၊ ဧရိယာ အကျယ်အဝန်း (0.059)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဒေါ်သိန်းလှမြင့် ၇/သဝတ(နိုင်)၀၅၈၂၂၃သည် လက်ရှိ မိမိသာလျှင် ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကား ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ် ၇၁၀၊ ၂၅လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ဂမုန်းလမ်း၊ အိမ်အမှတ်(ဈ-၁၀၄)နေ (ဦးကျော်ထွန်း) - ဒေါ်တင်တင်ကြည် ၁၂/တမန (နိုင်)၀၁၄၁၆၄၏ သား ဦးညီညီထွန်း ၁၂/တမန(နိုင်) ၀၁၄၁၉၀သည် မိခင်နှင့်မိသားစုတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင် ပြုလုပ်ပြီး ဂုဏ်သိက္ခာကျဆင်းစေသော အပြုအမူများကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ဦးညီညီထွန်းနှင့်ပတ်သက်သမျှကိစ္စအဝဝ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ကြည်နှင့်မိသားစုများ**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နေ ဒေါ်ဘေဘီ(ခ)ဒေါ်သန်းနွဲ့(ဘ) ဦးဟန်တင် ၇/တငန(နိုင်)၀၃၈၉၂၁ ၊ ခြံအမှတ်(၅၉)၊ အိမ်အမှတ် (၂/၇၃၇)၊ ပန်းချီတံခါးလမ်းနေသူက ဦးသိန်းသိန်း(ဘ)ဦးချွန် PMA -၂၇၆၂၈၁ ၊ သံလွင် ၁ လမ်း၊ အိမ်အမှတ် ၁၅၈၆၊ ရွှေနံ့သာရပ်ကွက်၊ နေပြည်တော်နေ သူသို့ တောင်ငူမြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၂၄(၁၁-၆-၂၀၁၉) ရက်စွဲပါဖြင့် လွှဲအပ်ပေးထားသော လွှဲစာအားပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ရှိသော အိမ်နှင့်ခြံမှာ ကျွန်မ တစ်ဦးတည်းပိုင်ဖြစ်ပြီး ၎င်းအိမ်နှင့်ခြံ၏ အရောင်းအဝယ်ကိစ္စကို ကျွန်မနှင့်သာ တိုက်ရိုက်ပြုလုပ်ရန် ဖြစ်ပါကြောင်း။

**ဒေါ်ဘေဘီ(ခ)ဒေါ်သန်းနွဲ့**
**၇/တငန(နိုင်)၀၃၈၉၂၁**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/1923 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၃၉၄၁၁ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ကြည် ၁၄/ပသန(နိုင်)၀၀၂၇၁၄ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊၁၅၅လမ်း၊ အမှတ်၆၇၊ (၅ စီ)၊ ၅လွှာ၊ အကျယ်အဝန်း(၁၂x၅၅)ပေရှိ တိုက်ခန်းတစ်ခန်းအပါအဝင် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား ကျွန်ုပ်၏မိတ် ဆွေထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ သက်သေအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဆည်းဆာ ၁၂/တမန(နိုင်)၁၈၆၈၅၄**
**အမှတ် ၈၊ ၁၃၇လမ်းကျယ်၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၁၁၈၃၃၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်(၇) ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်(၇)၊ ရာဇသူရလမ်း၊ မြေကွက်အမှတ် (၁၀၅၃/ခ)၊ အကျယ်အဝန်း (၂၀ ပေ × ၆၀ပေ) ရှိ ဦးမျိုးလှိုင်ဦး (၁၂/ဥကတ (နိုင်) ၁၂၆၀၂၅) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမိုးဇော်ထွန်း(၁၂/ဥကတ(နိုင်) ၁၃၉၇၀၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
|---|---|
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

Myanmar Golden Byter Co.,Ltdမှ ဖြန့်ဖြူးသူအဖြစ် မှတ်ပုံတင်ထားသော HEBEI RUIBAODE BIO-CHEMICAL CO.,LIMITED ၏အောက်ဖော်ပြပါ ဆေးပစ္စည်း(၂)မျိုးအား FRIENDS HELPER CO.,Ltd သို့လွှဲပြောင်းဖြန့်ဖြူးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက သီးနှံကာကွယ်ရေးဌာနခွဲသို့ ၁၄ရက်အတွင်း ဆက်သွယ်အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။

| စဉ် | ပိုးသတ်ဆေး ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် |
|---|---|---|---|---|
| (၁) | NX Strozole | Difenoconazole 10%+Pyraclostrobin 20%EC | Experimental | E2019-4681 |
| (၂) | NX Pymetro | Pymetrozine 25%WP | Experimental | E2019-4735 |

Myanmar Golden Byter Co.,Ltd Add:No.936,Zatila 2nd Steet, 16/1 Ward,Thingungyun Township, Yangon.,Thingangyun, YANGON Myanmar Ph no.09-403723854

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စံပြအေးရပ်ကွက်၊ ၂လမ်း၊ အမှတ်(၂၀)နေ ဒေါ်မို့မို့ဝင်း ၁၀/မလမ(နိုင်)၀၆၈၅၆၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ မျှော်လင့်(၁)ရပ်ကွက်၊ ရွှေမြိုင်သီရိနယ်မြေ၊ မျှော်လင့်လမ်းကြီး၊ အမှတ်(၁၀၁) ဦးမောင်အေး၏သားဖြစ်သူ ဦးအောင်ကျော်ဝေ ၁၀/မလမ(နိုင်)၁၄၃၈၄၈ နှင့် ဒေါ်မို့မို့ဝင်းတို့သည် ၁-၁-၂၀၂၀ရက်တွင် ရပ်မိရပ်ဖနှင့်အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ လင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းပြတ်စဲခြင်း စာချုပ်ချုပ်ဆိုပြီး ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းဇေယျစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၅၉)၊ (၂၃-၅-၂၀၁၃)**
**အမှတ်(၃၈)၊ ယုဇနလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၄၃၀၇၁၃၇၃**

# ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ထုတ်ဝေမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၁၀၀၀/-ကျပ်တန် ငွေစက္ကူပုံစံသစ်၏ ပုံသဏ္ဌာန်နှင့် အမှတ်အသားများ

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ထုတ်ဝေမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၁၀၀၀/-ကျပ်တန် ငွေစက္ကူပုံစံသစ်၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံနှင့် ကျောဘက်တွင် လွှတ်တော်အဆောက်အဦပုံ ရိုက်နှိပ်ထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၁၀၀၀ိ/-တန် ငွေစက္ကူပုံစံသစ်၏ အရွယ်အစားမှာ အလျား ၁၅၀ မီလီမီတာနှင့် အနံ ၇၀ မီလီမီတာရှိပါသည်။ ပေါ်လွင်သောအရောင်မှာ အပြာရောင်ဖြစ်ပါသည်။


ငွေစက္ကူဆေးသားရိုက်နှိပ်ရာတွင် ဖောင်းကြွပုံနှိပ်နည်းစနစ်ဖြင့် ရိုက်နှိပ်ထားသည့်အတွက် ငွေစက္ကူ၏ တန်ဖိုးဂဏန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် စာသားနေရာများသည် ပီပြင်ထင်ရှားသည့်အပြင် လက်ဖြင့်စမ်းသပ်ကြည့်ပါက ကြမ်းတမ်းမှုရှိကြောင်း တွေ့ရှိရပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းဖြင့် အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းဖြင့် ဒေါင်လိုက်ရိုက်နှိပ်ထားပါသည်။

ငွေစက္ကူ၏ မျက်နှာစာဘက်ရှိ ဘယ်/ညာအစွန်းများတွင် အမြင်အာရုံအားနည်းသူများအတွက် လက်ဖြင့်ထိတွေ့စမ်းသပ်ကြည့်ပါက အာရုံခံသိရှိနိုင်သည့် ဖောင်းကြွလိုင်းတိုမျဉ်းကြောင်းငယ် (၁၁) ကြောင်းစီ ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူပုံစံသစ်ကို အလင်းရောင်တွင် ထောင်ကြည့်ပါက ငွေစက္ကူမျက်နှာစာဘက် ဗိုလ်ချုပ်ရုပ်ပုံ၏ လက်ဝဲဘက်တွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံရေစာကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။

လုံခြုံရေးကြိုးအား တစ်ဝက်ဖုံး တစ်ဝက်ပေါ် ဒေါင်လိုက်မြှုပ်ထားပြီး ရောင်ပြေးနည်းပညာများဖြင့် ပြုလုပ်ထားသည့်အတွက် ငွေစက္ကူလှုပ်ရှားမှု ရှုထောင့်တိုင်းတွင် ရွှေရောင်မှ အစိမ်းရောင်သို့ ထူးခြားစွာ ရုပ်လုံးကြွအရောင်ပြောင်းလဲမှုကို မြင်တွေ့နိုင်ပါသည်။ ငွေစက္ကူမျက်နှာစာ၏ လက်ယာဘက်ရှိ မြန်မာစာသား "တစ်ထောင်ကျပ်" နံဘေးခဲရောင်ဧရိယာအား ၄၅ ဒီဂရီခန့် တိမ်းစောင်းကြည့်ပါက အင်္ဂလိပ်အက္ခရာ "CBM" များကို တွေ့မြင်နိုင်ပါသည်။ ငွေစက္ကူကို တည့်တည့်ကြည့်ပါက မတွေ့နိုင်သော်လည်း တိမ်းစောင်းကြည့်ပါက ငွေစက္ကူ၏ ကျောဘက်ခါးလယ်တွင် ဒေါင်လိုက်ရိုက်နှိပ်ထားသည့် ရွှေရောင်ကနုတ်ကွက်အား တွေ့မြင်နိုင်ပါသည်။

ဗိုလ်ချုပ်ရုပ်ပုံပါ ၁၀၀၀ိ/-တန် ငွေစက္ကူပုံစံသစ်အား ရုံးဖွင့်ရက်ဖြစ်သော (၇-၁-၂၀၂၀)ရက်နေ့မှစ၍ ဘဏ်များမှ ဖြန့်ဝေပေးသွားမည်ဖြစ်ပါသည်။ လက်ရှိသုံးစွဲလျက်ရှိသော ၁၀၀၀ိ/-တန် ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**







# ၂၀၂၀ MFF ချာရတီဖလားပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၃

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့ ပူးပေါင်းကျင်းပမည့် ၂၀၂၀ ရာသီကြို MFF ချာရတီဖလားပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပသည်။**

ယင်းသတင်းစာရှင်းလင်းပွဲကို ရှမ်းယူနိုက်တက်အသင်း နည်းပြချုပ် ဦးအောင်နိုင်၊ အသင်းခေါင်းဆောင် သီဟစည်သူ၊ ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် ဦးတင်မောင်ထွန်းနှင့် ဒုတိယအသင်းခေါင်းဆောင် ကျော်ဇင်ထက်တို့ တက်ရောက်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးအောင်နိုင်က "လာမယ့်ရာသီအတွက် လိုအပ်တဲ့နေရာတွေကို အင်အားဖြည့်တင်းထားပါတယ်။ နိုင်ငံခြားသား ကစားသမားလေးဦး ခေါ်ယူထားပြီး အဟောင်းတစ်ဦး ပါပါတယ်။ အသစ်ခေါ်ထားတဲ့ သုံးဦးမှာ နှစ်ဦးက MNL မှာ ကစားနေတဲ့သူ ဖြစ်တာကြောင့် အတွေ့အကြုံရှိပြီးသားပါ။ ပြီးခဲ့တဲ့ရာသီက ချန်ပီယံဖြစ်ခဲ့တဲ့ စုဖွဲ့မှုကို ဆက်ထိန်းနိုင်ခဲ့တဲ့အပြင် လိုအပ်တဲ့နေရာတွေကို အားဖြည့်နိုင်ခဲ့လို့ ကျေနပ်ပါတယ်။ ရန်ကုန်အသင်းကလည်း အသင်းကောင်းတစ်သင်းဖြစ်တဲ့အတွက် ဒီပွဲကခက်ခဲမှာပါ။ သူတို့ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် အခက်အခဲအများကြီးတော့ မရှိနိုင်ပါဘူး။ ပြီးခဲ့တဲ့ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲက ရှုံးကြွေးကို ပြန်ဆပ်သွားမှာပါ"ဟု ပြောကြားခဲ့သည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ❄




ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် အသင်းခေါင်းဆောင်တို့အား တွေ့ရစဉ်။

ဓာတ်ပုံ-ဖိုးသော်ဇင်

## ယနေ့ မာတိကာ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း စာ » ၅

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း စာ » ၇

တစ်သက်တာ ထုတ်ဝေသူ၊ အကောင်းဆုံးထုတ်ဝေသူနှင့် စာအုပ်အရောင်းဆိုင်ဆုများ ချီးမြှင့်မည် စာ » ၂၂


၂၀၁၈ – ၂၀၁၉ အောင်မြင်မှုမှတ်တိုင်
• မောင်လင်းဖြတ်သူ ခဝဗဟ – ၁၂၈၅ (ကိုယ်ပိုင်ကျောင်း)
(ဘာသာစုံဂုဏ်ထူး) (The Whole Myanmar Top 8/ ဝိပ္ပံဘာသာ)
မောင်လင်းထက်ပိုင်မင်း ခဝဗဟ – ၁၅၄ (ကိုယ်ပိုင်ကျောင်း)
(ဘာသာစုံဂုဏ်ထူး)
မပေဖွန်ကြည်း ခလသ – ၃၃၂ (စာသင်ဝိုင်း)
(ဘာသာစုံဂုဏ်ထူး)
မောင်အောင်ခန့် ခဒဂ – ၆၈၃ (စာသင်ဝိုင်း)
(ဘာသာစုံဂုဏ်ထူး)
• မောင်သာလင်းထက် (ကိုယ်ပိုင်ကျောင်း) အဋ္ဌမတန်းလူရည်ချွန်ဆု
(၅) ဘာသာဂုဏ်ထူးရှင် (၁၇) ဦး
(၄) ဘာသာဂုဏ်ထူးရှင် (၁၀) ဦး
(၃) ဘာသာဂုဏ်ထူးရှင် (၂၉) ဦး
(၂) ဘာသာဂုဏ်ထူးရှင် (၃၁) ဦး
(၁) ဘာသာဂုဏ်ထူးရှင် (၇၀) ဦး
မွေးထုတ်ပေးနိုင်ခဲ့ပါသည်။
စည်းကမ်း၊ တ၊ ဝနစ် အထူးကောင်းမွန်ခြင်း၏ အမှတ်အသား
ဆရာကောင်း (ဆေး – ၂) အဝ်လိစ်တ (၁) ဒေါက်တာထွန်းထွန်းနိုင်
မှ တည်ထောင်သော
ကောင်းထက်ကျော်
တန်းစုံကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်စာသင်ဝိုင်းများ နှင့် ဘော်ဒါ
၂၀၁၈ – ၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်စာရင်းတွင်
ဤကိုယ်ပိုင်အထက်တန်းကျောင်းသည်
အောင်ချက် ၉၂.၇၅ % ဖြင့်
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြေဆိုသူဆယ်၊ ရာ၊ ဂဏန်းဦးရေရှိသည့်
အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းများအားလုံး၌
အောင်ချက်အကောင်းဆုံး ကိုယ်ပိုင်ကျောင်း
ကိုယ်ပိုင်ကျောင်း – အမှတ် – ၃၂(၁)၊ ဗိုလ်ချုပ်ပြတိုက်လမ်း(ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အနီး)၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်။ ဖုန်း–01-8603701, 01-8603702, 09 420700008, 09 421168127
စာသင်ဝိုင်း – အမှတ် – ၂၆(က)၊ ဒုံသီရိလမ်း (သီတာလမ်းနှင့်အောင်မင်္ဂလာလမ်းအနီး)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း–01-5523 48, 09 262399899
ဘော်ဒါ – အမှတ် (၁၂၃၀ – ၃၁)၊ နေမျိုးသူရလမ်း (မဟာသိဒ္ဓိသုခဘုန်းကြီးကျောင်းအနီး)၊ ပေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း–09 5178325

# မြန်မာ့အလင်း

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၄ ရက်၊ စနေနေ့


# (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။



## လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

# သတိမူ၍ မျိုးကိုပင် မြင်တတ်ကြပါစေ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်

**ဇန်နဝါရီ ၄ ရက်သည်ကား မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ဖြစ်သည် "နှစ်အားဖြင့် (၇၂) နှစ်ပင် တိုင်ခဲ့ချေပြီ.....။ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် သူရဲကောင်းမြောက်မြားစွာ၊ အာဇာနည်ပေါင်းမြောက်မြားစွာတို့ ကြိုးပမ်းခဲ့ကြသည်။ နောက်ဆုံးဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ခေတ်ကျမှ ကိုလိုနီလက်အောက်သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြရသည်။ သို့တိုင်ကြိုးပမ်းခဲ့ကြသော အာဇာနည်များကား လွတ်လပ်ရေးကို မျက်ဝါးထင်ထင် မမြင်သွားရရှာပေ။ ခြောက်လနီးပါးစောစွာ အသက်စွန့်သွားခဲ့ရသောကြောင့်ဖြစ်သည်။**



၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် လွတ်လပ်ရေးနေ့တွင်မှ ယူနီယံဂျက်အလံအားဖြုတ်ချကာ ကြယ်ဖြူကြီးတစ်လုံးနှင့် ကြယ်ငါးပွင့်ခြံရံသည့် ပထမဦးဆုံးသော နိုင်ငံတော်အလံအား တိုင်ထိပ်သို့လွှင့်ထူခွင့်ရခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က နိုင်ငံ့ခေါင်းဆောင်များက လွတ်လပ်ရေးနှင့်အတူ လွတ်လပ်ရေးအထိမ်းအမှတ်တစ်ခုခုစိုက်ထူရန် ကမ္ပည်းမော်ကွန်းတင်ရန်အတွက် ဆွေးနွေးကြပြီး လွတ်လပ်ရေးကျောက်တိုင်စိုက်ထူရန် ဆုံးဖြတ်ခဲ့ကြသည်။

### နေရာရွေးချယ်ခြင်း

လွတ်လပ်ရေးကျောက်တိုင်အား မည်သည့်နေရာတွင် စိုက်ထူမည်နည်း ဟူသော ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ၌ မြို့လယ်ချက်ဗွေ ဆူးလေစေတီတော်ကြီး၏ အနီးတွင်ရှိသော မဟာဗန္ဓုလပန်းခြံဝင်းအတွင်း၌ စိုက်ထူရန် ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။ အကြောင်းမူကား မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဝင် အချက်များကြောင့်ဖြစ်သည်။

မဟာဗန္ဓုလပန်းခြံသည်ကား မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတစ်လျှောက် ပြည်သူအများစုဝေးရာ၊ လွတ်လပ်ရေးတောင်းဆိုခဲ့ရာနေရာဖြစ်ခြင်း၊ ၁၉၄၇ခုနှစ် ဇွန်လ ၉ ရက်နေ့၌ ကျင်းပသည့် ပထမအကြိမ်တိုင်းပြုပြည်ပြုလွှတ်တော်သို့သွားရန် အမတ်များ စုစည်းချီတက်ရန် စုရပ်လည်းဖြစ်ခြင်း။

တိုင်းပြုပြည်ပြုလွှတ်တော်အခြေအနေနှင့် လွတ်လပ်ရေးရလာလျှင် နိုင်ငံသားများရရှိလာမည့်အခွင့်အရေးနှင့် တာဝန်များကို ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့၌ မြို့တော်ခန်းမဆင်ဝင်ထက်မှ မဟာ ဗန္ဓုလပန်းခြံ ဝင်းအတွင်းရှိ ပြည်သူလူထုအား မိန့်ခွန်းပြောကြားခဲ့သော သမိုင်းဝင်နေရာဖြစ်ခြင်းတို့ကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

### အုတ်မြစ်ချ

လွတ်လပ်ရေးကျောက်တိုင်စတင်အုတ်မြစ်ချမည့်နေ့ကို လွတ်လပ်ရေးကြေညာသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ကိုပင် သတ်မှတ်ခဲ့ကြသည်။ ရှေ့အုတ်စီပေးသူမှာ



ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားခဲ့သော ရန်ကုန်မြို့တော်ခန်းမ၏ ဆင်ဝင်နေရာကို တွေ့ရစဉ်။

လွတ်လပ်သော မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်သည့် ဦးနု(သခင်နု)ဖြစ်သည်။ ပထမဦးဆုံးသော လွတ်လပ်ရေးနေ့မိန့်ခွန်းကို ပြောကြားပေးခဲ့သူမှာလည်း ဝန်ကြီးချုပ်ဦးနု (သခင်နု) ပင်ဖြစ်သည်။ လွတ်လပ်ရေးနေ့ မိန့်ခွန်းမှ ကောက်နုတ်ချက်ကို ဖော်ပြရသော်...။

"ယခုလို တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားအသီးသီး၊ လူတန်းစားအသီးသီး၊ အသင်းအဖွဲ့အသီးသီးတို့အပြင်းအထန် ကြိုးပမ်းမှုကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်သဖြင့် ဤလွတ်လပ်ရေးကို တိုင်းရင်းသားအားလုံး၊ လူတန်းစားအားလုံး၊ အသင်းအဖွဲ့အားလုံးဟာ ရိုသေကြရမယ်။ မြတ်နိုးကြရမယ်။ လေးစားကြရမယ်။ ဒီလွတ်လပ်ရေးကို တိုက်ရိုက်အားဖြင့်သော်လည်းကောင်း သွယ်ဝိုက်တဲ့နည်းအားဖြင့်သော်လည်းကောင်း၊ ထိပါးငြိစွန်းလာမယ်ဆိုလျှင် တိုင်းရင်းသားအားလုံးသည်လည်းကောင်း၊ လူတန်းစားအားလုံးသည်လည်းကောင်း၊ အသင်းအဖွဲ့အားလုံးလည်းကောင်း ရင်ကိုမြေကတုတ်လုပ်၍ ခုခံကာကွယ်စောင့်ရှောက်ကြရမယ်၊ ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ လူတစ်မျိုးတည်းအတွက် အသုံးချရန်မဟုတ်၊ ဗမာပြည်ထောင်စုသမ္မတနိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအသီးသီးအတွက် မျှမျှတတ အသုံးချရန်ဖြစ်တယ်။ ဒီလွတ်လပ်မှုဟာ လူတန်းစားတစ်စားတည်းအတွက် အသုံးချရန်မဟုတ်။ လူ့အခွင့်အရေးများကို ဘယ်အခါမှ တင်းပြည့်ကျပ်ပြည့်မရခဲ့ဖူးကြတဲ့ လူတန်းစားအားလုံးအတွက် မျှမျှတတအသုံးချရန်ဖြစ်တယ်။ ဒီလွတ်လပ်ရေးဟာ တစ်သင်းတစ်ဖွဲ့တည်းအတွက် အသုံးချရန်မဟုတ်၊ ပြည်ထောင်စု အခြေခံအုပ်ချုပ်ရေးစည်းမျဉ်းကြီးကို လိုက်နာရှိသေသော အသင်းအဖွဲ့အားလုံးအတွက် မျှမျှတတအသုံးချရန်ဖြစ်တယ်" ဟု ပြောကြားမှုရှိခဲ့ပါသည်။

ထို့နောက် ဖဆပလ ဌာနချုပ် အထွေထွေအတွင်းရေးမှူး ဦးဗဆွေက လွတ်လပ်ရေးသစ္စာအဓိဋ္ဌာန် (၉) ချက်ကို တိုင်ပေး၍ တက်ရောက်လာသော လူထုကြီးက နောက်မှလိုက်ဆိုသည်မှာ ကြက်သီးမွေးညင်းများပင်ထသည်အထိ ခံစားလိုက်ရပြီး ဗမာ (မြန်မာ) နိုင်ငံပြည်သူ့သူနာပြုအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်စဉ်မှာပင် လူကြီးများက တစ်နိုင်ငံလုံးအတွက် အသက်ပေး၍ လွတ်လပ်ရေးအတွက်ဆောင်ရွက်သွားပြီး ယခုကဲ့သို့အခမ်းအနားမျိုးကို မမြင်သွားရရှာသူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များကို သတိတရမျက်ရည်များပင် ကျခဲ့ရသည်ဟု ထိုစဉ်က အခမ်းအနားတွင် ရွှေသံလက်၊ ရွှေခွက်တို့ကို ကိုင်ဆောင်ခဲ့ရသည့် ကြည့်မြင်တိုင်မှ ဂျူနှံသက်န်းတိုက်ပိုင်ရှင် ဦးသိန်း၊ ဒေါ်ပုတို့၏ သားနှင့်သမီး ထိုစဉ်က မောင်ငွေထွန်းနှင့် မလှမြင့်တို့၏ အတိတ်က ဇာတ်ကြောင်း ပြန်ပြောင်းပြောပြမှုတစ်ခုကို စိတ်တွင်စွဲစွဲထင်ထင်ကျန်ရှိထားခဲ့သည်။

### သစ္စာအဓိဋ္ဌာန်(၉)ချက်

၁။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တသဝေမတိမ်းချီတက်မည်။

၂။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့၏ ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည်စောင့်ထိန်းမည်။

၃။ ငါတို့သည်ဤနေ့ဤအချိန်မှစ၍ လွတ်လပ်သောနိုင်ငံတော်သားတို့၏ မှန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံတော်သားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

၄။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးဖြစ်သော အမျိုးသား ညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင်ထိန်းသိမ်းမည်။

၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ နိုင်ငံတော်သားဟူသရွေ့ကိုကြီးငယ်နီးဝေး မခြား၊ တသွေးတသားတည်းပြု၍ နည်းများနိမ့်မြင့်မရှိစေရ၊ ညီတူညီမျှပြုမည်။

၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုသည်ကိုလည်း မခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။


၈။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည်တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး နောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ဤငါတို့သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။

**(မူရင်းအတိုင်းဖော်ပြပါသည်။)**




လွတ်လပ်ရေးကျောက်တိုင်ကြီး အောက်ခြေ ကျောက်သားဖြူတွင်လည်း ထိုသစ္စာအဓိဋ္ဌာန်(၉)ချက်အား ရေးထိုးထားသည်ကို တွေ့မြင်ဖတ်ရှုနိုင်ကြမည်ဖြစ်သည်။

ကျောက်တိုင်ကြီးကို ကျောက်သားပကတိဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး တည်ဆောက်သည့်အင်ဂျင်နီယာမှာ အေစီကုမ္ပဏီမှ မစ္စတာမာတင်ဆိုသူဖြစ်သည်။ ကျောက်တိုင်တည်ဆောက်ရန်ပစ္စည်းများကို အေစီကုမ္ပဏီတစ်ခုတည်းကိုသာလျှင် ကန်ထရိုက်ပေးထားသောကြောင့် အေစီမာတင်ထံအပ်နှံရခြင်းဖြစ်သည်ဟု သိရသည်။

ကျောက်တိုင်အမြင့်မှာ ပေ ၁၅၀ ရှိပြီး ပန်းခြံရှေ့ရှိ မြို့တော်ခန်းမနှင့် ပန်းခြံ၏

အချပ်ပို (ဂ) သို့

## ၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊

၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေးမြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊

၅။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊



**အချုပ်ပို (ခ) မှ**

လက်ယာဘက်ရှိ ဟိုက်ကုတ်တရားရုံးကြီး ထက်ပို၍မြင့်သည်ဟုဆိုသည်။ ကျောက်တိုင်ကြီးမှာ အောက်ခြေမှငါးဖြာသော ကျောက်တိုင်ငယ်များဖြင့် ဝန်းရံတည်ဆောက်ထားမှုကြောင့် ဝေဟင်အထက် လေယာဉ်ပေါ်မှ ငုံ့ကြည့်လျှင် ကြယ်ဖြူကြီးတစ်လုံးကို အဖြူရောင် ကြယ်ငါးလုံးက ဝန်းရံနေသည့်နှယ် မြင်တွေ့နိုင်သည်ဟု သိရသည်။ မြန်မာပြည်ကြီးအား တိုင်းရင်းသားများကဝန်းရံထားသည့် အဓိပ္ပာယ်ဟု ဖော်ညွှန်းကြသည်။ ကျောက်တိုင်ကြီးအား ကြေးခြသေ့်ကြီး ဆယ်ကောင်က ဝိုင်းရံစောင့်ရှောက်ထားသည်။ မြန်မာ့လွတ်လပ်ရေးကို ကိုယ်စားပြု ကျောက်တိုင်ကြီးမှာ မားမားမတ်မတ် မိုးထိတိုင်လွင့်လျက် "ကမ္ဘာတည်သရွေ့ မြန်မာ ပြည်ဟေ့" ဟု ကြွေးကြော်နေသည့်နှယ် ဂုဏ်ယူဖွယ်အဖြစ် ရန်ကုန်မြို့အလယ် မဟာဗန္ဓုလပန်းခြံအတွင်း ဝံ့ဝံ့ကြွားကြွား တည်ရှိနေသည်မှာ နိုင်ငံသားတိုင်း၊ ထို့ထက် ရန်ကုန်သားတိုင်း ဂုဏ်ယူစရာသမိုင်းမှတ်တိုင်တစ်ခုပင် ဖြစ်ပေသည်။

### သတိမူ၍မြူကို မြင်စေချင်

ရန်ကုန်မြို့ရှိ ပန်းခြံအချို့မှာ တစ်ချိန်က ပန်းတို့ညှိုး၍ ရေများခန်းခြောက်ခဲ့ဖူးသည်။ မြက်တောများ ရှည်၍ မြို့နေလူထုအတွက် အပန်းဖြေအနားယူရန်မဟုတ်ဘဲ ချစ်သူစုံတွဲတို့ ခိုနားရာများသာဖြစ်ခဲ့သည်။ ပန်းခြံပတ်ပတ်လည်၌ စီးပွားရေးလုပ်ငန်းရှင်များက နေရာယူထားခဲ့ကြသည်။ အဝေးကကြည့်သော် ပန်းခြံဟု ဆိုနိုင်ဖွယ်မရှိပေ၊ ထို့အပြင် အခကြေးငွေ သတ်မှတ်ကောက်ခံမှုကြောင့် ပန်းခြံအတွင်းဝင်သူမရှိ သလောက်အောင်ပင် ခြောက်ကပ်မှုများဖြင့် တည်ရှိနေခဲ့သည်။ လုံခြုံမှု မရှိခဲ့ပေ...။

လွန်ခဲ့သော (၇)နှစ်ခန့်မှ အစပြု၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ပန်းဥယျာဉ်ဌာန) က ပန်းခြံများကို အဆင့်မြှင့် ပြုပြင်ခြင်း၊ စိမ်းလန်းစိုပြည်သော အပင်များ ရေကန်၊ ရေပန်းအားကစားပစ္စည်းများထည့်ပေးခြင်းအပြင် ဝင်ကြေးအခမဲ့ဖြစ်လာသည့်အတွက် ပန်းခြံများအားလုံး စည်ကားလာခဲ့သည်။ ပန်းခြံများသည် လုံခြုံစိတ်ချရသော အများပြည်သူတို့ အနားယူအပန်းဖြေရာနေရာများဖြစ်လာခဲ့သည်။

ရုံးပိတ်ရက်နှင့်အခါကြီးရက်ကြီးများတွင် ပန်းခြံအတွင်းပွဲတော်များ ကျင်းပခွင့်ပြုခဲ့သည်။ ဖြေဖျော်ရေးစင်မြင့်များ တည်ဆောက်၍ ပွဲလမ်းသဘင်များ ကျင်းပခွင့်ပြုခဲ့သည်။ ပြည်သူအများအား စိတ်လက်အပန်းပြေစေခဲ့သည်။

အထူးသဖြင့် မြို့တော်ရန်ကုန်၏ အချက်အချာရုံးများ၊ကုမ္ပဏီများ စုဝေးရာ လူနေထူထပ်ရာ မဟာဗန္ဓုလပန်းခြံသည်ကား နံနက်မိုးသောက်စဖွင့်ချိန်မှသည် ညနေတံခါးပိတ်ချိန်အထိ တစ်လျှောက်လုံး စည်ကားခဲ့သည်။ ကလေးလူကြီးလူလတ် အရွယ်စုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ လွတ်လပ်ရေးကျောက်တိုင်ကြီးကို လှည့်ပတ် သွားလာနေကြသည်။ ကျောက်တိုင်အခြေ၌ အေးအေးလူလူ ထိုင်၍ အပန်းဖြေအနားယူနေကြသည်။

သို့သော် ကျောက်တိုင်ကြီးတွင် ရေးထိုးထားသော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ ဦးနု (သခင်နု) ၏ လွတ်လပ်ရေး မော်ကွန်း ကျောက်တိုင်အုတ်မြစ်ချ မိန့်ခွန်း၊ လွတ်လပ်ရေးမိန့်ခွန်းနှင့် သစ္စာအဓိဋ္ဌာန် (၉) ချက် သမိုင်းမှတ်တမ်းများကိုကား မည်သူတစ်ဦးတစ်ယောက်ကမျှ ယောင်၍ပင် တစ်ကြောင်းစ နှစ်ကြောင်းစအာရုံပြုဖတ်သူဟူ၍ မမြင်မိခဲ့ပေ...

သူ့ကျွန်ဘဝ၌ နှစ်ပေါင်း ၁၀၀ ကျော်တိုင်ရောက်ခဲ့စဉ်က မြန်မာလူမျိုးတို့အစစအရာရာ နိမ့်ကျခဲ့မှုများ၊ အဖိနှိပ်ခံခဲ့ရမှုများ၊ စော်ကားခံခဲ့ရမှုများလို ယနေ့ခေတ်လူငယ်များ မခံစားခဲ့ရပေ။ လွတ်လပ်ရေး၏ အရိပ်အာဝါသအောက်၌ မတောင့်မတ၊ မကြောင့်မကြ မပူမပင်အေးအေးလူလူနေရသောသူများ ဖြစ်ပေသည်။

နိုင်ငံ့အရေးအတွက် အသက်ပေါင်းများစွာစတေး၍ ရယူပေးခဲ့သည့် အာဇာနည်များကို မမေ့မလျော့သောအားဖြင့် အခါအခွင့်သင့်၍မဟာဗန္ဓုလပန်းခြံအတွင်းရောက်စဉ်၌ လွတ်လပ်ရေးအား ကာကွယ်စောင့်ရှောက်နိုင်ကြစေရန် ကျောက်တိုင်၌ သမိုင်းမှတ်တမ်းထင်ထားသည်တို့ကို ဖတ်ရှုသတိမူ၍ မြူကိုပင် မြင်တတ်ကြစေရန် ထုတ်ဖော်ရေးသား လိုက်ရပါသည်။ ။

> **ကျောက်တိုင်ကြီးမှာ အောက်ခြေမှငါးဖြာသော ကျောက်တိုင်ငယ်များဖြင့် ဝန်းရံတည်ဆောက်ထားမှုကြောင့် ဝေဟင်အထက် လေယာဉ်ပေါ်မှ ငုံ့ကြည့်လျှင် ကြယ်ဖြူကြီးတစ်လုံးကို အဖြူရောင်ကြယ်ငါးလုံးက ဝန်းရံနေသည့်နှယ် မြင်တွေ့နိုင်သည်ဟု သိရသည်။ မြန်မာပြည်ကြီးအား တိုင်းရင်းသားများကဝန်းရံထားသည့် အဓိပ္ပာယ်ဟု ဖော်ညွှန်းကြသည်။**

## ခိုင်မြဲသစ္စာပြုပါစို့

■ "မှန်ကင်း အစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွ၍
မီးထလျှံတောက်၊ သူ့ကိုခြောက်ဟေ့...။"

■ "သူ့အောက်မခ၊ ထိလျှင်ချလေ
တို့ဘတို့ဘေး၊ မျိုးချစ်သွေးမို့
မနေ့းမြန်လျင်၊ တိုက်ပွဲဝင်ဟေ့...။"

■ ဤသို့ကြွေးကြော်၊ တို့မြေပေါ်ဝယ်
ကျူးကျော်စော်ကား၊ နယ်ချဲ့အားလျှင်
ပြည်သားပြည်သူ၊ ညီညွတ်မှု၍
လှိုက်ဆူခြိမ့်အုန်း၊ တစ်ပြည်လုံးက
စုရုံးညီညာ၊ တိုက်ထုတ်ပါသော်
မြန်မာလွတ်လပ်ခဲ့တကား။

■ အို ... ချစ်သော ပြည်သူ၊ သတိမူလော့
ပြည်သူသတိ၊ အစဉ်ရှိလော့
တိုင်းပြည့်ဂုဏ်ရည်၊ ခိုင်မြဲတည်အောင်
ပြည်သူတို့က၊ စောင့်ရှောက်ကြလော့
ဘိုးဘတို့ပေး၊ လွတ်လပ်ရေးကို
သွေးအသက်တမျှ၊ မြတ်နိုးကြလော့
မြန်မာ့ဤမြေ၊ ဤဋ္ဌာနေကို
မြေတစ်လက်မ၊ မပွန်းရအောင်
ရေတစ်စက်မျှ၊ မယွန်းရအောင်
မြဲစွအမှန်၊ သန္နိဋ္ဌာန်ဖြင့်
အလံတော်ရှေ့သို့ ချီတက်စို့။
လွတ်လပ်ရေးကို ထိန်းသိမ်းဖို့။
ခိုင်မြဲသစ္စာပြုပါစို့။ ။

[ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက် - ]

မြင်းမူမောင်နိုင်မိုး

---

**အချုပ်ပို (ဃ) မှ**

လွတ်လပ်ရေးရသည့် တိုင်းပြည်နှင့် ပြည်သူပြည်သားများ တိုးတက်ဖွံ့ဖြိုးရန်မှာလည်း အားလုံးတက်ညီလက်ညီ ကြိုးစားကြမှ ရရှိမည်ဖြစ်သည်။ ညီညီညွတ်ညွတ် စုစုစည်းစည်းနှင့် ဇွဲရှိရှိကြိုးစားကြမှသာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မည်ဖြစ်သည်။

တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားများ ညီညွတ်ရေးသည် အရေးကြီးပြီး ယင်းညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး မြန်မာနိုင်ငံသည် လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာနေမည်သာ ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးဖြစ်စဉ်များ ဖြစ်ထွန်းနေမှသာ ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီ။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သည့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့လည်း ရောက်ရှိရန်ကြိုးစားနေရဆဲ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်မှု ရရှိရန်လည်း ကြိုးစားနေရဆဲ၊ ပြည်တွင်း၌ ငြိမ်းချမ်းရေး ရရှိရန်လည်း ကြိုးစားနေရဆဲ၊ နိုင်ငံစီးပွားရေးတိုးတက်ရေး၊ တိုင်းသူပြည်သားများ လူနေမှုဘဝမြင့်မားရေးအတွက်လည်း ဘက်ပေါင်းစုံမှ အားထုတ်ကြိုးပမ်းနေရဆဲပင် ဖြစ်သည်။

နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့ရောက်တိုင်း လွတ်လပ်ရေးရရှိခဲ့သည့်နှစ်များကို သတိပြုမိ၊ ဆင်ခြင်နေမိသည်။ အချိန်တွေ ကြာခဲ့ပြီ။ မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပြည်သူများ၏ စိတ်ဓာတ်၊ ကြိုးစားအားထုတ်မှုများ ဆထက်တိုးပြီး ကောင်းမွန်အောင် ကြိုးစားအားထုတ်သင့်ကြပြီဖြစ်သည်။ အားလုံးလက်တွဲမဖြုတ်တမ်း၊ ခြေလှမ်းညီညီ၊ ဦးတည်ချက်ညီညီဖြင့် ခိုင်ခိုင်မာမာ အဓိဋ္ဌာန်ချပြီး တိုင်းပြည်အနာဂတ် လင်းလက်ဝေဖြာအောင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးစီးပွားများ တိုးမြှင့်ဖြစ်ထွန်းရန် အားလုံးစုပေါင်းကြိုးစားကြရမည်သာ ဖြစ်လေသည်။ ■



# လင်းလက်ဝေဖြာစေမည့် နိုင်ငံ့အနာဂတ်နှင့်အတူ

ဆွေဦးဝေ

**ညွတ်ထားသောဦးခေါင်းကို ပြန်မော့လိုက်သည့်အခါ တိုင်ထိပ်၌ လွှင့်တင်ထားသည့် မြန်မာနိုင်ငံတော်အလံကို တွေ့မြင်လိုက်ရသည်။ လေအဝှေ့တွင် တဖျပ်ဖျပ်လူးလွန့်လှုပ်ရှားနေသည့် မြန်မာနိုင်ငံအလံက မြင်ရသူတိုင်း ကြည်နူးဖွယ်ရာအတိ ဖြစ်စေသည်။ လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံ၏ အထိမ်းအမှတ်တစ်ခုအဖြစ် တည်ရှိနေသော နိုင်ငံတော်အလံကား နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် လွတ်လပ်ရေးကို မြတ်နိုးစိတ်၊ ထိန်းသိမ်းစိတ်၊ တည်တံ့ခိုင်မြဲစေလိုသည့် စိတ်ဓာတ်များကို ကိုယ်စီစိတ်နှလုံးတွင် ကိန်းအောင်းစေရန် တွန်းအားပေးသည်က အမှန်ပင်။**

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက်၊ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဖြစ်သို့ ရောက်ရှိခဲ့သည်။ လွယ်လွယ်ကူကူနှင့် လွတ်လပ်ရေးရခဲ့သည်မဟုတ်။ အသက်သွေးပေါင်းများစွာ စတေးခဲ့ကြရသလို တိုင်းရင်းသားပေါင်းစုံတို့ အရေးကြီးချိန်တွင် သွေးနီးခဲ့ကြ၍ဖြစ်သည်။ စည်းလုံးညီညွတ်ခဲ့ကြသည်။ သွေးထိုးသပ်လျှိုမှုအမျိုးမျိုးကြားမှ တစ်စိတ်တည်း တစ်သဘောတည်းဖြစ်အောင် အားလုံးဝိုင်းဝန်းကြိုးစားခဲ့ကြ၍ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်မှာ သမိုင်းဖြစ်ရပ်များက ညွှန်ပြနေသည်ကို ယနေ့ပြည်သူများ သိရှိခဲ့ကြပြီးဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးရင်းသားချင်း တိုင်းရင်းသားများကို တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှု၊ စိတ်ချရမှုများအား အဆင့်ဆင့်တည်ဆောက် အကောင်အထည်ဖော်၍ တစည်းတလုံးတည်းသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို အောင်မြင်စွာ ပုံဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မြန်မာ့လွတ်လပ်ရေးရယူလိုစိတ်ကား ပြင်းထန်ခဲ့ပြီး မလျှော့တမ်းဇွဲလုံ့လတို့ဖြင့် ကြိုးစားခဲ့ခြင်းဖြစ်သည်။

**လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ကဘာလဲ၊ လွတ်လပ်ရေးဆိုတာ ကိုယ်တစ်ဦး၊ ကိုယ်တစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားလူတွေရဲ့ အကျိုးကိုမထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ ”**



၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှအစိုးရ နန်းရင်းဝန် မစ္စတာ ကလီမင့်အက်တလီနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ မြန်မာ့လွတ်လပ်ရေးကို ရေးရှုသည့် အောင်ဆန်း-အက်တလီစာချုပ်ကို လန်ဒန်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရန် လိုအပ်သဖြင့် ၁၉၄၇ ခုနှစ် ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်က ၉၅ ဒသမ ၃ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံးတွင် အနိုင်ရရှိခဲ့ပြီး ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံကျင်းပပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲရန် အခြေခံမူများ ချမှတ်ခဲ့ကြသည်။

တိုင်းပြုပြည်ပြုလွှတ်တော်ကို ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့၌ စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဗြိတိသျှပါလီမန်က လက်ခံအတည်ပြုပြီးနောက် ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးအက်ဥပဒေကိုပါ ပြဋ္ဌာန်း ခဲ့ခြင်းဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ပြည်နယ်ပြည်မ၊ တောင်တန်းဒေသများမှ တိုင်းရင်းသား ပြည်သူ အားလုံး စည်းလုံးညီညွတ်မှု၊ လွတ်လပ်ရေး ရယူလိုသည့် စိတ်ဓာတ်ပြင်းထန်မှု၊ ပြည်ထောင်စု အရေးကို အားလုံးအရေးကိစ္စအဖြစ် ကိုယ်စီရင်ထဲ၊ နှလုံးသားထဲ စွဲနှစ်မှတ်ယူထားမှု၊ ဇွဲလုံ့လရှိမှုတို့ကြောင့် ထိုသို့သော စုပေါင်းအင်အားဖြင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ခြင်းမှာ သမိုင်းတွင် ထင်ထင်ရှားရှားရှိခဲ့ပြီး ပြန်လည်စဉ်းစားတိုင်း ပြည်ထောင်စုကို ချစ်မြတ်နိုးရမည့်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေမိခြင်းဖြစ်သည်။

လွတ်လပ်ရေးနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည်များကို ပြန်သတိရမိသည်။ “ တိုင်းပြည်လူထုဟာ လွတ်လပ်ရေးရဲ့ တာဝန်များကိုလည်း ထမ်းဖို့ အဆင်သင့်ဖြစ်အောင် ဟောပြောပြင်ဆင်ထားဖို့ လိုတယ်။ လွတ်လပ်ရေးရတယ်ဆိုတဲ့ကိစ္စဟာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ လွတ်လပ်ရေးရရုံနဲ့ ကျုပ်တို့ပြဿနာတွေ ဖြေရှင်းသွားကြမှာ မဟုတ်ဘူး။ အဲဒီအခါကျမှ တကယ့်ပြဿနာတွေ ပေါ်လာလိမ့်မယ်။ လွတ်လပ်ရေးဟာ လမ်းဆုံးမဟုတ်ဘဲ လူတွေရဲ့ ကောင်းစားရေးကို ရောက်စေမယ့် လမ်းကြောင်းသာဖြစ်တယ်” ဟု ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့က ရန်ကုန်မြို့ ဂျူဗလီဟောတွင် ကျင်းပသည့် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ပြောခဲ့သည့်အတိုင်းပင် လွတ်လပ်ရေးရရှိပြီးနောက် တိုင်းပြည်တွင် အမျိုးမျိုးသော ပြဿနာများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်။ လွတ်လပ်သော မြန်မာနိုင်ငံတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးထက် ပြည်တွင်း၌ ပြဿနာများစွာနှင့်အတူ ပြည်တွင်းစစ်များလည်း ကြုံတွေ့ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးနှင့် ပတ်သက်ပြီး ပြည်သူ ပြည်သားများကို ရှင်းရှင်းလင်းလင်းပြောခဲ့ဖူးသည်။

“လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ၊ လွတ်လပ်ရေးဆိုတာ ကိုယ်တစ်ဦး၊ ကိုယ်တစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားလူတွေရဲ့အကျိုးကိုမထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ” ဟု ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့ခြင်း ဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည်မှာ ထိုနေ့က ပြောကြားခဲ့သော မိန့်ခွန်းသည် ဗိုလ်ချုပ်၏ နောက်ဆုံး မိန့်ခွန်းပင်ဖြစ်သည်။

ထိုမိန့်ခွန်းတွင် ဗိုလ်ချုပ်က “လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့၊ ကမ်းမဲ့သဘောမျိုး မဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်” ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။ ထိုစဉ်ကပင် တိုင်းပြည်လွတ်လပ်ရေးအတွက် ပြည်သူပြည်သားများ ထားရှိရမည့် အခြေခံသဘောတရားများကို ကြိုတင်ပြောခဲ့ခြင်းဖြစ်သည်။ **အချပ်ပို (ဂ) သို့**



ဖဆပလပဏာမပြင်ဆင်မှု ညီလာခံကျင်းပခဲ့သည့် ဂျူဗလီဟော။